
www.burmeseclassic.com

မိတ်ဆွေစာပေ

# ညောင်မျိုပင်သရဲမ

နှင့်

# လူသားစားခွေးနက်ကြီး



မောင်မှိုင်းညို့ (ဆောင်းဦး)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၃ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ ကျပ်
အဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာစာစီ - ချယ်ရီမေ(အင်းစိန်)
အတွင်းဖလင် - ADORN ၊ ၀၉-၄၅၀၀၁၇၃၃၂
ထုတ်ဝေသူ - ဦးချစ်ညွန့်(၀၄၀၀၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံ - ဦးကျော်မင်းစိုး(မြဲ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ် (၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့်စာအုပ်တက်တယောတ်အညွှန်း CIP**

၃၉၈.၂
မောင်ညိုမှိုင်း(ချောင်းဦး)
ညောင်မျိုးပင်သရဲမ/ရန်ကုန်၊
လင်းလင်းစာပေ(၂၀၁၃)
၂၁၆ - စာ၊ ၁၂ × ၁၈ စင်တီ
(၁) ညောင်မျိုးပင်သရဲမ

BURMESE CLASSIC .com

# ညောင်မျိုးပင်သရဲမ

နှင့်

# လူသားစားခွေးနက်ကြီး

မောင်မှိုင်းညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့ အဓိကအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# မာတိကာ


၁။ မရဏဆုံမှတ် ၄၄ မိုင် ၄ ဖာလုံ — ၃
၂။ ကားတိုက်ခံရတဲ့တစ္ဆေ — ၂၂
၃။ မဲ့ကိုခြောက်တဲ့သရဲ — ၃၃
၄။ လူသားစားခွေးနက်ကြီးနှင့်ကျုတ်ကုန်းမြောက်ဘုံးဘား — ၄၅
၅။ မရဏစက္ကန့်(၁) — ၆၆
၆။ မရဏစက္ကန့်(၂) — ၇၉
၇။ မြေမြှုပ်ပြိတ္တာ — ၉၂
၈။ သရဲခြောက်တဲ့အိမ်ကြီး — ၁၀၆
၉။ ရှောင်လွှဲမရတဲ့ သရဲမ — ၁၂၃
၁၀။ နာနာဘာဝ ပတ္တမြား — ၁၃၇
၁၁။ ကျုတ်ရွာရောက်ခဲ့သော ကိုမြင့် — ၁၄၄
၁၂။ တစ္ဆေခြောက်ခံရသူများ — ၁၅၁
၁၃။ သရဲကြီးသောတော — ၁၆၉


www.burmeseclassic.com

www.burmeseclassic.com

# မရဏာဆုံမှတ် ၉၉/မိုင် ၄ ဖာလုံ

## (တစ်)

ပဲခူးတိုင်းဒေသကြီးထဲက ကညွတ်ကွင်းမြို့လေးရဲ့ အနောက်တောင်တည့်တည့် ရိုးမတောင်ခြေမှာ နာမည်ကြီးကျွတ်ကုန်းမြေ တစ်နေရာရှိတယ်။

ဒေသခံသစ်တောဝါးတောတက်သူတွေ၊ တောင်ယာခုတ်သူတွေ အထူးသတိထားရတဲ့နေရာပေါ့။

အဲဒီကျွတ်ကုန်းမြေကို နင်းမိပြီဆိုတာနဲ့ ဆင်ခြေပေရော့...

မသိခြင် အလေးမထားဘဲ ပြောမှား၊ ဆိုမှား၊ ပြုမိမှားပြီဆိုရင် မထင်မှတ်တဲ့ဘေးဒုက္ခ တစ်ခုမဟုတ်တစ်ခု ထူးထူးခြားခြား ကြုံရပြီသာမှတ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီသတ်ပိုင်း ရိုင်းရိုင်းပျပျ စော်စော်ကားကား လုပ်မိပြီဆိုရင် တော့ အသတ်ကိုတောင် နှုတ်ယူတတ်တဲ့ ကျတ်ကုန်းမြေပါ ...

တစ်ခါတုန်းက ...

ဝါးခုတ်သမားတစ်ယောက်၊ ခွင့်မပန်ဘဲ အပေါ်အလေး သွားတယ်၊ ခွင့်မတောင်းဘဲဝါးခုတ်တယ် ...။

ချက်ချင်းဆိုသလိုပါပဲ ...

ခုတ်လိုက်တဲ့ဝါးက တိခနဲပြတ်ပြီး လျှောကျလာတယ်။

ခြေခမိုးကိုဖောက်ပြီး မြေကြီးထဲထိဝင်သွားတယ်တဲ့ ...။

နောက်တစ်ခါက ...

မီးသွေးဖုတ်တဲ့ကောင် ...

အရက်မူးပြီး သောင်းကျန်းနေတာ ဆွဲမနိုင်၊ လွဲမနိုင်ပဲ။

ဆဲလိုက်တာကလည်း "ငါ..."ချင်းကို မိုးမွှန်လို့...။

ဘာကြာလည်း၊ အဲဒီကောင်။

တောဝက်ပက်တာ ခံလိုက်ရတယ်...။

ဝမ်းဗိုက်ပွင့်ပြီး အူတွေအထွေးလိုက် ထွက်ကျလာတယ် ...။

အချိန်မီ ဆေးရုံရောက်လို့ပေါ့ ...





နို့မို့ဆို ဒီကျတ်ကုန်းမြေမှာ နာနာဘာဝဖြစ်သွားပြီ ...

နောက်တစ်ယောက်က လူပျို့ကောင်လေး ...။

ပုဆိုးအကျႌအကုန်ချွတ်၊ ကိုယ်ဗလာနဲ့ ချောင်းထဲမှာ ရေကူး တာ။

အတူပါတဲ့အဖော်တွေက အမျိုးမျိုးတား၊ အမျိုးမျိုးပြောတယ်၊ မရဘူး။

သူကတော့ ပိုတောင်ဆိုးလာတယ် ...

မဖွယ်မရာတွေလည်း လုပ်ပြတယ်တဲ့ ...

စမ်းချောင်းထဲကလည်း တက်ရော ...

တဟီးဟီး၊ တဟင်းဟင်း ... တုန်ပြီးချမ်းတော့တာပဲ။

တစ်နာရီလောက်ကြာတော့ ကိုယ်တွေ ခြစ်ခြစ်တောက်ပူ လာတယ်။

ဒါနဲ့ သူ့ကို လှည်းနဲ့တင်ပြီး ရွာပြန်လာကြရတယ်။

မိဘတွေကသိတယ်၊ တောထဲမှာ တစ်ခုခုမှားလာပြီပေါ့ ...

အဖော်တွေကို မေးကြည့်တယ် ...

ချောင်းထဲမှာ ကိုယ်ဗလာနဲ့ ရေချိုးတဲ့ကိစ္စပေါ်လာတယ်...

ချက်ချင်း၊ ကြက်ဖိုကြက်မရှာ၊ အရက်ရှာ၊ ထမင်းဟင်း ချက်ပြုတ်ပြီး တောင်းပန်ခိုင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နောက်ကျသွားပြီ။

တောင်းပန်ဖို့သွားတဲ့သူ ကျတ်ကုန်းမြေမရောက်သေးဘူး…

ကောင်လေး ကယောင်ကတမ်းတွေအော်ပြီး အသက်ပါ ပါသွားတယ် …။

အဲဒီလောက်ကြမ်းတဲ့ ကျတ်ကုန်းမြေ …။

(နှစ်)

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ရန်ကုန်၊ နေပြည်တော်၊ မန္တလေး အမြန်လမ်းမကြီးဖောက်ဖို့ တိုင်းတာရေးသမားတွေ ရောက်လာကြတယ် …။

တိုင်းတာရေးအဖွဲ့ဟာ လမ်းအူကြောင်းရှာပြီး မြေပုံရေးဆွဲကြတယ်။

ဒါပေမယ့် တိုင်းတာရေးသမားတွေမသိလိုက်တဲ့ အကြောင်းအရာတစ်ခု ဖြစ်သွားတယ်။

အဲဒါကတော့ သူတို့ရေးဆွဲလိုက်တဲ့ လမ်းအူကြောင်းမြေပုံဟာ နာမည်ကြီးကျတ်ကုန်းမြေထဲက ဖြတ်သွားတယ်ဆိုတာပါပဲ။

ဒီလိုနဲ့ လအနည်းငယ်အကြာမှာ …



လမ်းအူကြောင်းဖော်ဖို့ စက်ယန္တယား အုပ်စုတစ်စု ရောက်လာတယ်။

မြေတူး၊ မြေကော်၊ ယန္တယားစက်ကြီးတွေနဲ့ လမ်းအူကြောင်းတစ်လျှောက်ကသစ်ပင်၊ မြို့နွယ်တွေကို ထိုးကော်ကြတယ်။

တောင်ကုန်းတွေ့ရင် ဖြိုပြီး၊ ချောက်တွေ့ရင် ဖို့ကြတယ် …

ဒီလို လမ်းအူကြောင်း ဖော်သွားရင်းနဲ့ ယန္တယားအုပ်စုဟာ ကျတ်ကုန်းမြေထဲကို ရောက်လာခဲ့တယ်။

ဒါပေမယ့် အုပ်စုခေါင်းဆောင်က အတွေ့အကြုံရှိတယ်။

အုပ်စုခေါင်းဆောင်ဟာ ယန္တယားတွေ အလုပ်မဝင်ခင်မှာ ဘုရားရှိခိုးတယ်။

တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို စားဖွယ်သောက်ဖွယ်တွေနဲ့ ပူဇော်တယ်။ မေတ္တာပို့တယ်။

ယန္တယားစက်ကြီးတွေနဲ့ အလုပ်သမားတွေကို ဘေးကင်းအောင် စောင့်ရှောက်ပေးဖို့ အပ်တယ်။

အမှားအယွင်း တစ်စုံတစ်ရာ ရှိခဲ့ရင်လည်း ဆိုင်ရာပိုင်ရာများက ခွင့်လွှတ်ဖို့တောင်းပန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေနဲ့ ယန္တယားစက်မောင်းတွေကိုလည်း ကိုယ်နှုတ်ဆောင့်စည်းကြဖို့မှာတယ်။

ဘယ်တောဘယ်တောင်ရောက်ရောက် သူလုပ်နေကျ အလေ့အထကြောင့် သူတို့အဖွဲ့ဟာ ကျွတ်ကုန်းမြေမှာ ဘယ်လိုဘေးအန္တရာယ်မှ မကြုံတွေ့ခဲ့ရဘူး ...၊

ဒါပေမယ့် ထူးခြားဆန်းကြယ်တဲ့ အံ့သြစရာအဖြစ်အပျက်တစ်ချို့ကိုတော့ သူတို့အုပ်စုကြုံခဲ့ရသေးတယ်။

လမ်းအူကြောင်းတည့်တည့်မှာ သစ်ညိုပင်ကြီးတစ်ပင်ခံနေတယ်။

ယန္တယားမောင်းသူက မြေတူးတဲ့စက်လက်တံနဲ့ အကိုင်း၊ အခက်တွေကို ရိုက်ချတယ်။

သစ်ကိုင်းတွေ ဖြောင်းခနဲ၊ ဖြောင်းခနဲ အပိုင်းပိုင်းပြတ်ကျတယ်။

ပင်စည်လုံးသာကျန်မှ အမြစ်ဆုံပတ်လည်က မြေတွေကို နိုက်ထုတ်တယ်။

ပြီးတော့ မြေကော်စက်နဲ့တွန်းလှဲလိုက်တယ်...။

သစ်ညိုပင်က မလဲဘူး ...။

နောက်တစ်ကြိမ်၊ ခပ်ပြင်းပြင်းစောင့်တွန်းလှဲတယ်။



သစ်ညိုပင်ကတော့ တုတ်တုတ်တောင်မလှုပ်ဘူး ...။

သုံး၊ လေးကြိမ်ထပ်လှဲတယ်။

မရဘူး။

ယန္တယားသမားမျက်လုံးပြူးသွားတယ်။

ဒီထက်မကတဲ့ သစ်ပင်ကြီးတွေတောင် နှစ်ခါမလုပ်ရဘူး။

အမြစ်ဆုံလန်ပြီး လဲနေကျ။

ဒီ၊ လုံးပတ်ငါးပေလောက်သစ်ညိုပင်လေးကျမှ ဘယ်လိုလှဲလှဲ မလဲဘူးဖြစ်နေတယ်။

ဒါနဲ့၊ အုပ်စုခေါင်းဆောင်ကို ချက်ချင်းသတင်းပို့တယ်။

အုပ်စုခေါင်းဆောင်၊ သည်နေရာကို သဘောပေါက်သွားတယ်။

ဒေသခံ နားလည်တတ်ကျွမ်းသူကို ခေါ်ပြီးမေးတယ်။

အကျိုးအကြောင်းသိတော့မှ။

ရပ်ရွာထုံးစံကျွေးမွေးပြီး ''မင်းရဲ့အမိန့်နဲ့လုပ်ရတာမို့ ခွင့်လွှတ်ပို့ တောင်းပန်တယ်။ လုပ်ငန်းအောင်မြင်အောင် ကူညီကြပါလို့ မေတ္တာရပ်ခံတယ်။

အဲဒီတော့မှ လမ်းအူကြောင်းပေါ်ကနေ သစ်ညိုပင်ကို ဖယ်ရှားလို့ရတယ် ...။





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါကြုံရတာက တောင်ကုန်းတစ်ကုန်း။

လမ်းကြောင်းပေါ်က တောင်ကုန်းကို ယန္တယားသမားက စက်နဲ့ဖြိုပြီးမြေညှိတယ်။

နောက်နေ့မနက်ကျ၊ တောင်ကုန်းပြန်ဖြစ်နေတယ်။ အဲဒီနေ့တိုင်းပဲ။

ဒီနယ်မြေမှာ သူတို့ရှိတယ်ဆိုတာ သိအောင်ပြတဲ့သဘော။

အဲဒီတောင်ကုန်းကိစ္စမှာလည်း တောင်းပန်ကျေးမွေးလိုက်မှ အဆင်ပြေသွားတယ် ...

အမြန်လမ်းမကြီးပြီးစီးအောင် လူအား၊ စက်အားများစွာသုံးပြီး လပေါင်းများစွာ လုပ်ကြရတယ်။

အမြန်လမ်းမကြီးပြီးသွားတဲ့နောက် အနေအထားအချို့ပျက်ယွင်းခဲ့ပေမယ့်...

နာနာဘာဝတွေကတော့ သူတို့ရဲ့ ကျတ်ကုန်းမြေမှာ နေထိုင်ကြဆဲပါပဲ။

သူတို့ရှိနေသေးတဲ့အကြောင်း ဒေသခံတွေသိအောင် အချက်ပြ လိုက်တာက ...

သွေးပျက်စရာ မရဏခေါင်းလောင်းသံနဲ့ပါ ...





ကျတ်ကုန်းမြေမှာ တည်ထားတဲ့ ဘိလပ်မြေဖျော်စက်ကြီး ပြိုလဲသွားတယ်။

အလုပ်သမားနှစ်ယောက် ဖျော်စက်ပိပြီး ပွဲခြင်းပြီး သေဆုံးသွားခဲ့ပါတယ်။

ဘာအမှားအယွင်းလုပ်မိလို့ ရက်ရက်စက်စက်အသေဆိုးနဲ့ သေအောင်လုပ်တာလည်းဆိုတာတော့ ကာယကံရှင်တွေမှပဲ သိနိုင်မှာပါ။

အခင်းဖြစ်ပြီး ရက်အနည်းငယ်အကြာမှာ ... လမ်းဌာနက လူတွေရောက်လာတယ်။

အဲဒီနေရာအနီးမှာ မိုင်တိုင်တစ်တိုင်စိုက်ထူသွားတယ်။

အဲဒီ မိုင်တိုင်ရဲ့အမှတ်က ...

"၉၉ မိုင် ၄ ဖာလုံ"

(သုံး)

ပူလိုက်တဲ့ ဆောင်းနှောင်းနေ ...

တစ်နေကုန် ခြစ်ခြစ်တောက်လို့ ...

နေကို မကျေမနပ်နဲ့ အောင်ဝင်း မိုးကောင်းကင်ပေါ် ခေါ်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ကောင်းကင်ကြီးထဲမှာ တိမ်တစ်မျှင်တောင် မရှိဘူး ...

ဒီလိုနေပူတော့ အပူခံဆေးကို သူသတိရသွားတယ် ...

သတိရလိုက်တာနဲ့ လေက "ကော့"ခနဲတက်ရော ...

လေတက်တော့ စိတ်တွေက အရက်ကို တမ်းတ။

တမ်းတလျက်နဲ့ မသောက်ရတော့ ကိုယ်လက်မအီမသာ ဖြစ်လာတယ်။

ဒါနဲ့ပဲ သူ့အလုပ်ကို ရပ်နားလိုက်တယ်။

မျက်နှာပေါ်က ချွေးသီးချွေးပေါက်တွေကို အကျႌလက်ပင့်ပြီး သုတ်ပစ်လိုက်တယ်။

အောင်ဝင်းရဲ့ ပဲခင်းက ရိုးမတောင်ခြေမှာ။

ပဲခင်းမှာ အပွင့်အသီးဝင်ရုံရှိသေး၊ တောဝက်တွေရောက် လာတယ်။

ပဲခင်းကို ရစရာမရှိအောင် ဖျက်ဆီးတယ်။

အဲ့ကြောင့် တောဝက်တွေ မဝင်နိုင်အောင် ပဲခင်းကာနေတာ ဖြစ်တယ်။

ခုတော့ အလုပ်ကို နားလိုက်ပြီ။





ဓားမတိုခါးထိုး၊ ပေါက်တူးကိုထမ်းပြီး တဲဆီပြန်ခဲ့တယ်။

အဲဒီအချိန်မှာ သူ့ရှေ့ခပ်လှမ်းလှမ်းက အလျှင်အမြန် ပြတ်ပြေးတဲ့ အကောင်တစ်ကောင်ကို မြင်လိုက်တယ် ...။

"လင်းမြွေ ..."

လင်းမြွေမြင်လိုက်တာနဲ့ သူ့အာရုံတွေ နိုးကြားသွားတယ်။

ပုခုံးထမ်းထားတဲ့ပေါက်တူးကို အသင့်အနေအထားပြောင်း ကိုင်ပြီး လင်းမြွေနောက်ပြေးလိုက်တယ် ...

လင်းမြွေကလည်း လူလိုက်လာမှန်းသိတော့ ခေါင်းထောင် ထောင်ပြီး ပြေးတယ်။

နောက် တောင်ပို့ကြီးတစ်ခုထဲ ဝင်ပြေးတယ်။

တောင်ပို့ထဲ လင်းမြွေဝင်သွားတာ အောင်ဝင်းမြင်လိုက်တယ်။

ပေါက်တူးနဲ့ တောင်ပို့ကို ဖြိုတယ်။

သူဖြိုနေတုန်း လင်းမြွေတောင်ပို့ထဲက ထွက်ပြီးတောထဲ ဝင်ပြေးတယ်။

အောင်ဝင်း ဆက်လိုက်တယ်။

မိလုမိခင်မှာ ဓားမတိုနှင့် လှမ်းပစ်လိုက်တယ်။

ခါးမှန်ပြီး လင်းမြွေမပြေးနိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ခေါင်းကို ပေါက်တူးနဲ့ခုတ်ဖြတ်ပြီး ယူလာခဲ့တယ်။

ဘာတယ်တော့၊ လင်းမြွေဆိုတာ တောဓလေ့တင်းလျှာ တစ်မျိုးပါ။

အရှာသာကောင်းလွန်းလို့ ကြက်သားနဲ့တောင် မလဲဘူးလို့ ပြောကြတယ်။

ဒါကြောင့် လင်းမြွေတွေ့တာနဲ့ ကလေး၊ လူကြီးအကုန် လိုက်ပြီးတော့ ဖမ်းကြသတ်ကြတယ်။

ဒါပေမယ့် အောင်ဝင်း မသိလိုက်တဲ့အချက်တစ်ချက်ရှိတယ်။

အဲဒါကတော့၊ သူသတ်လိုက်တဲ့လင်းမြွေဟာ ရိုးရိုးလင်းမြွေ မဟုတ်ဘဲ …

နာနာဘာဝက အယောင်ဆောင်ထားတဲ့ လင်းမြွေဖြစ်တယ် ဆိုတဲ့ အချက်ပါပဲ။

အဲဒါကြောင့်လည်း အောင်ဝင်းတစ်ယောက် သေဘေးနဲ့ ရင်ဆိုင်တိုးမိပြီး အသေဆိုးနဲ့ သေခဲ့ရတာဖြစ်ပါတယ်။





(လေး)

အောင်ဝင်းဟာ လင်းမြွေကိုတဲကြမ်းပြင်ပေါ် ပစ်တင်လိုက်တယ်။

လင်းမြွေသားနဲ့ မြည်းလိုက်ရှုံ့ဆိုတဲ့အတွေးကြောင့် အရက်ကို ချင့်ချိန်းတက်လာတယ်။

ချက်ချင်းပဲ အရက်ဝယ်ဖို့ စက်ဘီးစီးပြီးထွက်ခဲ့တယ်။

သူ့တဲနဲ့မလှမ်းမကမ်းမှာ ကျောက်ထုတ်ကားလမ်းရှိတယ်။

အမြန်လမ်းမကြီးဖောက်တုန်းက တောင်ခြေမှာ ကျောက်ထုတ်ပြီး အမြန်လမ်းမကြီးဆီကို သယ်တဲ့ကျောက်ထုတ်ကားလမ်း…

ကျောက်ထုတ်ကားလမ်းအတိုင်း နင်းရင် အမြန်လမ်းမကြီးကို ရောက်မယ်။

ခြောက်လမ်းသွား အမြန်လမ်းမကြီးကို ကျော်တာနဲ့ ဥသျှစ်ကုန်းတဲရွာကို ရောက်မယ်။

သူသွားမှာက အဲဒီတဲရွာ။

တစ်အောင့်ပဲ နင်းလိုက်ရတယ်။ အမြန်လမ်းမကြီးကို ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးနင်းရင်း လမ်းမကြီးရဲ့ ဝဲ၊ ယာတောင်ဘက်မြောက်ဘက်ကို ကားလာ၊ မလာကြည့်တယ်။

ဘယ်ဘက်ကမှ ကားလာတာမတွေ့လို့ လမ်းမကြီးကို ကန့်လန့်ဖြတ်၊ ဖြတ်နင်းလိုက်တယ်။

အဲဒီအချိန်မှာပဲ အနီးရောက်လာတဲ့ ကြောက်မက်ဖွယ် ကားသံကြီးကို ကြားလိုက်ရတယ်။

ကြားတဲ့ခဏမှာပဲ အင်အားပြင်းပြင်းအရှိန်ကြီး သူ့ကို ဝင်တိုက်တာ ခံလိုက်ရတယ် ...

အောင်ဝင်းလေထဲကို မြောက်တက်သွားတယ်။

လမ်းလယ်မြောင်းထဲ ဗုန်းခနဲပြုတ်ကျတယ်။

အဲဒီနေရာမှာပဲ ပွဲချင်းပြီးသွားတယ်။

သွေးတွေဆိုတာ အိုင်ထွန်းနေတာ မြင်မကောင်းဘူး။

သူစီးလာတဲ့စက်ဘီးဆိုလည်း ကိုယ်ထည်တစ်ခြား၊ ဘီးတွေတစ်ခြား။

ဟိုနေရာတစ်ခု၊ သည်နေရာတစ်ခု လိုက်ကောက်ရတယ်။

တိုက်တဲ့ကားက ရပ်တောင်မကြည့်ဘူး။ မောင်းသွားတယ်။

ကားလေးတစ်စီးလည်း နောက်က ကပ်ရက်ပါသွားတယ်။





အောင်ဝင်းကားတိုက်ခံရတာကို အနီးမှာရှိတဲ့အိမ်တစ်အိမ်က မြင်လိုက်တယ်။

သူတို့ရဲ့ သတင်းပေးမှုကြောင့် ဝက်တူးကုန်းရဲကင်းက ရဲတွေရောက်လာတယ်။

အနီးအနားတဲတွေကလည်း ရောက်လာပြီး အလောင်းကို ကြည့်ကြတယ်။

အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက်ကို နာနာဘာဝ ဝင်ပူးတယ်။

လူကိုပူးကပ်ပြီး နာနာဘာဝက ပြောတဲ့စကားကို အားလုံးကြားလိုက်ရတယ်...

ပူးကပ်ခံရတဲ့ မိန်းမရဲ့အသံက ပုံမှန်မဟုတ်တော့ဘူး၊ ခပ်ရှရှ ခပ်အစ်အစ်နဲ့ အသံတစ်မျိုးဖြစ်နေတယ် ...။

"ငါကလေးကိုသတ်တယ်။ သတ်ပြီးတော့လည်း ငါ့ကလေးရဲ့အသားကို စားမယ်လို့လုပ်တယ်။

အဲဒါကြောင့် ကားထဲကို ငါတွန်းထည့်လိုက်တာ ...

ပြန်စဉ်းစားလိုက်တော့ သူ့မှာ သားယောက်ျားလေးမပါဘူး။

သူ့မိန်းမ ခုက္ခရောက်မှာစိုးလို့ ကားတွေကို ပြန်လွှတ်ခိုင်းလိုက်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ နာနာဘာဝပြန်ထွက်သွားတယ်။ ပူးကပ်ခံရတဲ့ မိန်းမလဲပုံမှန်ဖြစ်သွားတယ်။

ကြားတဲ့သူတိုင်း တအံ့တဩဖြစ်လို့ ...

သိပ်မကြာလိုက်ဘူး ...

အလောင်းကို ရဲတွေ စစ်ဆေးနေတုန်းပဲ ...

အဆန်လမ်းကြောင်းအတိုင်း ကားလေးနှစ်စီးမောင်းလာတာတွေ့တယ်။

အခင်းဖြစ်နေရာမှာရပ်ပြီး ကားသမားက ရဲဆီမှာ အဖမ်းခံတယ် ...

"ကျွန်တော့်ကားက ဒီနေရာအရောက်၊ သူကလည်း စက်ဘီးစီးပြီး လမ်းဖြတ်အကူး၊ ဘယ်လိုမှ ရှောင်ချိန်၊ တိမ်းချိန်မရလိုက်တော့ဘူး။ ဝင်တိုက်မိတော့တာပဲ။

ရုတ်တရက်ဆိုတော့ ကျွန်တော်ကြောက်သွားတယ်။

ဒါကြောင့် ကားမရပ်ဘဲ၊ ဆက်မောင်းသွားမိပါတယ်။

ညောင်လေးပင်လောက်ရောက်မှ ဘာကြောင့်လည်းမသိဘူး။

တိုက်မိတဲ့နေရာကို ပြန်လာချင်တဲ့စိတ်တွေပေါ်လာတယ်။

ကျွန်တော့်ပယောဂကြောင့် ဖြစ်တာမို့ ကိစ္စပြီးတဲ့အထိ အဝဝအရာရာ တာဝန်ယူပေးပါ့မယ် ..." လို့ ပြောတယ်။



"သေသူရဲ့မိန်းမ ဒုက္ခမရောက်အောင် ကားတွေကို နောက်ပြန်လှည့်ခိုင်းလိုက်မယ်" လို့ နာနာဘာဝက ပူးကပ်ပြီး ကြိုပြောထားတယ် မဟုတ်လား ...။

ထူးဆန်းတဲ့ တိုက်ဆိုင်မှုကြောင့် လူတွေမှာခုထိပြောလို့မဆုံးကြသေးဘူး ...။

(၆း)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ တတိယပတ်က စာရေးသူ ဇညွှတ်ကွင်းမြို့လေးကို ရောက်ခဲ့ပါတယ်။

တောင်ပိုင်းရပ်က မိတ်ဆွေကြီးကိုလှမြင့် အိမ်အရောက်မှာ ၉၉ မိုင် ၄ ဖာလုံက ထူးခြားဖြစ်ရပ်တွေကို သူကပြောပြခဲ့ပါတယ်။

၉၉ မိုင် ၄ ဖာလုံဆိုတာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး အမြန်လမ်းမကြီးပေါ်က မိုင်တိုင်အမှတ်ပါ။

ကိုအောင်ဝင်း ကားတိုက်ခံရပြီး တစ်လလောက်အကြာမှာ ဘယ်ကလာမှန်းမသိတဲ့ အမည်မသိလူတစ်ယောက် ...

အဲဒီနေရာမှာပဲ ကားတိုက်ခံရပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲချင်းပြီးသေဆုံးပြီး တိုက်တဲ့ကားကိုတော့ မတွေ့လိုက်ကြရပါဘူး ...။

အဲဒီလိုဖြစ်ပွားပြီးနောက် ၁၅ ရက်ပဲကြာတယ်။

အဲဒီနေရာတည့်တည့်မှာပဲ ကားတိုက်မှုကစ်မှု ထပ်ပြီးဖြစ်ပွားပြန်ပါတယ်။

ကားတိုက်ခံရသူဟာ ကညွတ်ကွင်းမြို့က သစ်ပွဲစားတစ်ဦးလို့ သိရပါတယ်။

သူလည်း သေဆုံးသွားတာပါပဲ။

ဒီလို တစ်နေရာတည်းမှာ လူတွေတစ်ယောက်ပြီး နောက်တစ်ယောက်သေပွဲဝင်နေကြတာ ထိတ်လန့်ဖို့ကောင်းပါတယ်။

ဒီလို ဘေးဆိုး၊ ဒုက္ခဆိုးတွေ ဘာကြောင့်ဖြစ်နေရတာလည်း...။

မိုင်တိုင်အမှတ် ၉၉ မိုင် ၄ ဖာလုံဟာ ...

ဒေသခံတွေ လက်ခံထားသလို၊ နာနာဘာဝတွေနေထိုင်ရာကျိတ်ကုန်းမြေဖြစ်တဲ့ အတွက်လား ...။

ဒါမှမဟုတ် ...

အပြန်လမ်းမကြီးပေါ်မှာ ယောင်းနှစ်တဲ့ကားတွေရဲ့ အမြန်နှုန်းနဲ့ ခြောက်လမ်းသွားလမ်းမကြီးကို ဖြတ်ကူးဖို့ကြာမြင့်တဲ့အချိန်...



ဒီနှစ်ခု တိုက်ဆိုင်မှုကြောင့်လား ...

စဉ်းစားစရာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ...

၉၉ မိုင် ၄ ဖာလုံဆိုတဲ့ မရဏဆုံမှတ်မှာ ...

မတူတဲ့ဒေသအသီးသီးက သေမိန့်ကျသူတွေ ...

မရောက်ရောက်အောင်လာပြီး ...

သေပွဲဝင်နေကြတာကတော့ ...၊

ထူးဆန်းတဲ့အကြောင်းအရာတစ်ခုလို့ပဲ ကျွန်တော် ထင်မြင်မိပါတော့တယ်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# ကားတိုက်ခံရတဲ့တစ္ဆေ

(တစ်)

ကွန်းချောင်းတံတားကျော်တာနဲ့ အမှောင်ကလွှမ်းခြုံစပြုလာတယ်။

ကိုတင်ထွန်းက ကားရှေ့မီးတွေကို ဖွင့်လိုက်တယ်။

ကညွတ်ကွင်းမြို့ဆိုတဲ့ မြို့ဝင်ကမ္ပည်းတိုင်ကို တွေ့ရတယ်။

ခပ်ရဲရဲ၊ ခပ်ကဲကဲ၊ ဝေါခနဲ ဝေါခနဲ ယောင်းနှစ်နေတဲ့ ဆိုင်ကယ်တွေကြောင့် ကားရဲ့အရှိန်ကို ကီလို ၂၀ ထိ သူလျှော့ချလိုက်တယ်။

သူ့ရဲ့ခရီးအဆုံးက တောင်ငူအထိသာဖြစ်တဲ့အတွက် သိပ်မလိုတော့ဘူး ...။

အန္တရာယ်ကင်းကင်းနဲ့၊ မှန်မှန်မောင်းသွားဖို့ပဲ ကိုတင်ထွန်း ဆုံးဖြတ်ထားတယ်။



သူ့ကားက တောင်ငုံးတဲ့ရွာလေးကို လွန်လာတယ်။

မြို့ထဲကို ဝင်စပြုလာပြီဖြစ်လို့ ကားလမ်းဘေး တစ်ဖက်တစ်ချက်မှာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ပိုများလာတာ တွေ့ရတယ် ...

ကိုတင်ထွန်းဟာ မျက်စိလျှင်လျှင်နဲ့ သတိကြီးစွာထားပြီး ကားကို မောင်းနေရတယ်။

အဲဒီတုန်းမှာပဲ ဟိုးရှေ့ခပ်လှမ်းလှမ်းမှာ ကားမီးရောင်နဲ့ လူတစ်ယောက်ကို လှမ်းတွေ့လိုက်တယ်။

အဲဒီလူက တစ်ခုခုထည့်ထားဟန်တူတဲ့ ပိနံအိတ်တစ်လုံးကို ပုခုံးပေါ်မှာ ထမ်းထားတယ်။

အသက်ငါးဆယ်လောက် ယောကျာ်းကြီးတစ်ယောက်။

အကျႌအညိုရောင်ကွက်ကျဲ ပုဆိုးကခပ်တိုတိုနဲ့...

လက်ယာဘက် လမ်းပုခုံးပေါ်မှာ ရပ်နေတယ် ...

သူ့ပုံစံက လမ်းကို အရှေ့ဘက်ကနေ အနောက်ဘက် ဖြတ်မယ့်ပုံ။

သူ့ကားလာနေတဲ့အတွက် လမ်းမကူးဘဲ စောင့်ဆိုင်းနေရတဲ့ပုံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ လူကြီးတစ်ယောက်မတုတ်ဘဲ ကလေးငယ်တစ်ယောက်ဆိုရင်တော့ စိုးရိမ်ရတယ် ...

ကလေးဆိုတာမျိုးက ကားလာနေတာမြင်လည်း ဖြတ်ကူးချင်ကူးတတ်တာမို့ စိတ်မချရဘူး။

"ဒီလူကြီးကတော့ ဖြတ်မကူးလောက်ပါဘူး ..."

ကိုတင်ထွန်းတွေးရင်း ပြုံးမိလိုက်သေးတယ်။

သူက ကားကိုမှန်မှန်ပဲ မောင်းလာခဲ့တယ်။

ဒီလိုနဲ့ ...

ရပ်နေတဲ့လူကြီးနဲ့ အလွန်နီးကပ်တဲ့နေရာကို ရောက်လာခဲ့တယ်။

အဲဒီအချိန်မှာပဲ သူမထင်တဲ့အဖြစ်အပျက်က ရုတ်ချည်းဖြစ်ပျက်သွားခဲ့တယ်။

စောစောက ရပ်နေတဲ့လူကြီးဟာ ...

ကိုတင်ထွန်းရဲ့ကား အလွန်နီးကပ်စွာ ရောက်လာမှ လမ်းကိုဖြတ်ကူးလိုက်တယ် ...။

"တာ ... တိုက် ... တိုက် ..."

ကိုတင်ထွန်း ထိတ်လန့်တကြား အော်လိုက်တယ်။

တစ်ချိန်တည်းမှာပဲ ဘရိတ်ကိုလည်းနင်းချလိုက်တယ် ...။





ဒါပေမယ့် နောက်ကျသွားပြီ။

"ဒုန်း ..."

"ကျွီ ... ကျွီ ... ကျွီ ..."

ကျယ်လောင်တဲ့အသံကြီးနဲ့အတူ အဲဒီလူကြီး ကားရှေ့ခ
ဝေးဝေးထိ လွင့်ကျသွားတယ်။

ကိုတင်ထွန်းဘာမှ စဉ်းစားမနေတော့ဘူး။

မှောက်ရက်လဲကျနေတဲ့ လူကြီးကိုကွေ့ရှောင်ပြီး ကားကိ
ဆက်မောင်းလိုက်တယ်။

အောက်တန်းကျစိတ်ဓာတ်နဲ့ ကားတိုက်ခံရသူကို ကိုတင်ထွန်း
ပစ်ထားခဲ့တာ မဟုတ်ဘူး ...

ကားတိုက်ခံရသူနဲ့ ဆွေမျိုးသားချင်းတွေရောက်လာရင်
သူ့အတွက် အန္တရာယ်ရှိတယ်။

ဒေါသထွက်နေတဲ့ လူတွေကြားမှာ သူ့အသက်ကို ဘယ်သူ
အာမခံမှာ မဟုတ်ဘူး။

ဒါကြောင့် ဆက်မောင်းခဲ့ခြင်းဖြစ်တယ်။

သည်လိုနဲ့သည်မြို့က သူ့အခေါက်ပေါင်းများစွာ ဖြတ်သွာ
ခဲ့တဲ့မြို့ ...။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြောက်ဘက်လောက်မှာ ရဲစခန်းရှိတယ်ဆိုတာ ကိုတင်ထွန်း သိတယ်။

ရဲစခန်းဝင် အကြောင်းကြား၊

အခင်းဖြစ်နေရာပြန်သွား။

လူနာကိုအမြန်ဆုံးဆေးရုံပို့မယ် …။

အဲဒီအတွေးနဲ့ သူဆက်မောင်းလာခဲ့ခြင်းဖြစ်တယ် …။

(နှစ်)

"ဒုန်း …"

"ကျွီ … ကျွီ … ကျွီ …"

ဒုန်းခနဲ ကျယ်လောင်တဲ့အသံ …

ဆူညံသွားတဲ့ ကားဘရိတ်အုပ်သံ …

ကားလမ်းပေါ်မှာ တစ်ခုခုဖြစ်ပြီလို့ ကိုလှမြင့်သိလိုက်တယ်…

ထိုင်ခုံကစွန့်ခနဲ ရေလောင်းနေတာကိုရပ်ပြီး ကားလမ်းပေါ် အပြေးတက်လာခဲ့တယ်။

ကားငယ်တစ်စီးမောင်းသွားတာ တွေ့ရတယ်။

သူ့လိုပဲ၊ ကားတိုက်သံ၊ ဘရိတ်ဆွဲသံတွေကြားပြီး ကား လမ်းပေါ် တက်လာသူတွေကို တွေ့ရတယ်။





လူတွေ တဖြည်းဖြည်း များလာပြီး လူအုပ်ကြီးဖြစ်လာတယ်။

ဒါပေမယ့် ဘာဖြစ်တယ်ဆိုတာကို ကိုလှမြင့်ရော၊ လူအားလုံး ရောမသိကြဘူး …။

ဘာကြောင့်လည်းဆိုတော့ ကားလမ်းပေါ်မှာ ဘာမှမရှိဘူး၊ ဘာမှမတွေ့ရဘူး။

တစ်ခုခုကို ကားနဲ့တိုက်မိတာတော့ သေချာတယ်။

"ဒုန်း" ဆိုတဲ့ ကျယ်လောင်တဲ့အသံကြီးကို အားလုံးကြား ရတာပဲ။

ပြီးတော့ ကားဘရိတ်ဆွဲသံကြီး …

မောင်းထွက်သွားတဲ့ ကားလေးတစ်စီးတော့ တွေ့လိုက်ကြ တယ်။

"တိုက်မိတဲ့လူကို ကားပေါ်တင်ပြီး မောင်းပြေးသွားတာ ဖြစ်မယ် …"

လူတစ်ယောက်ရဲ့ မှတ်ချက်ပေးသံထွက်လာတယ်။

"ကားပေါ်က ပစ္စည်းတစ်ခုခု ပြုတ်ကျလို့ ပြန်ကောက်ပြီး မောင်းသွားတာလား …"

တစ်ယောက်တစ်မျိုးစီ မှတ်ချက်တွေပေးနေကြပေမယ့် ရေရာတဲ့အဖြေကိုတော့ ဘယ်သူမှ မပေးနိုင်ကြဘူး …။



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါအတွေးတွေနဲ့ တစ်ယောက်တစ်ပေါက်ပြောရင်း လူစုကွဲဝ ပြုနေတုန်း ...။

ကားလေးတစ်စီးရောက်လာတယ်။

ကားပေါ်က ကိုတင်ထွန်းနဲ့ ရဲသုံးယောက်ဆင်းလာတယ်။

"ကျွန်တော်ကားတိုက်မှုဖြစ်ခဲ့တာ ဒီနေရာပါ .."

ကိုတင်ထွန်းက ပြောလိုက်တယ်။

"လူနာဘယ်မှာလဲ။ ကျွန်တော်တာဝန်ယူပါတယ်။ လူနာကို ဆေးရုံအချိန်မီ ပို့ရပါ့မယ် ..."

ကိုတင်ထွန်း မေးနေပေမယ့် ဘယ်သူ့ဆီကမှ အသံထွက် မလာဘူး။

"ဒီပုဂ္ဂိုလ်က လူတစ်ယောက်ကို ကားနဲ့တိုက်မိပါတယ်ဆိုပြီး ရဲစခန်းလာအဖမ်းခံတယ်။

တိုက်မိတဲ့နေရာလည်း လိုက်ပြတယ်။

ဒါပေမယ့် အခင်းဖြစ်နေရာမှာ ဘာမှ မရှိဘူး။ ဘယ်လိုဖြစ်တာ လည်း ..."

ရဲအရာရှိရဲ့စကားဆုံးမှာ ကိုလှမြင့် ပြောလိုက်တယ် ...





"ဟုတ်တယ်၊ ကျွန်တော်လည်း တစ်ခုခုတိုက်မိတဲ့ ဒုန်းခနဲ အသံကြီးနဲ့ ကားဘရိတ်အုပ်သံကြားလို့ ချက်ချင်းရောက်လာကြ တာပဲ။

ဒါပေမယ့် ဘာမှ မတွေ့ဘူး ...။

လူကို တိုက်မိပြီး ကားပေါ်တင်သွားကြတာလို့ပဲ ထင်နေ ကြတာ ..."

"ဟာ ... မဟုတ်ပါဘူးဗျာ၊ ကားပေါ်ကို တင်မသွားပါဘူး။

အသက်ငါးဆယ်လောက်ယောကျ်ားကြီးတစ်ယောက် လမ်း ဘေးမှာ ရပ်နေတာ။

ကျွန်တော့်ကား အနီးရောက်လာမှ လမ်းဖြတ်ကူးလို့ တိုက်မိတာပါ ..."

"လူကိုတိုက်မိတာမှန်ရင်၊ လူကိုမတွေ့တောင် သွေးစက်တွေ၊ သွေးကွက်တွေတော့ရှိရမှာပေါ့ ...။

အခု၊ ဘာဆိုဘာမှ မရှိဘူးလေ။

ခင်ဗျား၊ ကျန်းမာရေးတော့ ကောင်းပါတယ်နော် ..."

ရဲအရာရှိစကားကြောင့် ကိုတင်ထွန်းခေါင်းကို ခါယမ်းလိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကို ဒုက္ခဖြစ်မယ့်အလုပ်မျိုး ကျွန်တော်က မဟုတ်ဘဲ လုပ်ပါ့မလားဆရာရယ်။

ဟောဒီမှာကြည့်၊ လူတိုက်မိလို့ ကျွန်တော့်ကား ရှေ့ဘန်ပါတောင် ချိုင့်သွားတယ် ..."

ရဲအရာရှိက ချိုင့်နေတဲ့ဘန်ပါကို သေသေချာချာကြည့်ရင်း...

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် မဟုတ်ဘူးလို့ပြောရမလိုဖြစ်နေပြီ ...၊

ကျုပ်တောင် ရှုးချင်သလိုလို ဖြစ်လာပြီ ..."

"အေးဗျာ၊ စဉ်းစားရ တော်တော်ခက်သွားပြီ။

တိုက်မိတာတော့ အမှန်ပဲဗျာ၊

အဲဒီလူက အိတ်တစ်လုံးကို ထမ်းထားတယ်။ အင်္ကျီကလည်း အကွက်ကျဲကြီးနဲ့ ..."

ကိုတင်ထွန်းရဲ့ စကားသံကြောင့် ကိုလှမြင့်မျက်လုံးပြူးသွားတယ်။

"အိတ်တစ်လုံးထမ်းထားတယ်၊ အင်္ကျီအကွက်ကျဲကြီးနဲ့ ဟုတ်လား ..."

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလူကို ခင်ဗျားသိလား ..."

"သိတယ်၊ ဒါ ဦးသောင်းကြည်ပဲ ..."





"ဒါဆို သူဘယ်ရောက်သွားလဲ ..."

"သေသွားပြီ၊ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက သေသွားတာ ..."

"ဗျာ ..."

"ကိုလှမြင့် စကားကြောင့် ကိုတင်ထွန်းရော၊ ရဲတွေပါ အံ့ဩသွားကြတယ် ..."

"ဟုတ်တယ်၊ ဟိုးပေါက်ပင်တံတားနားမှာ ကားတိုက်ခံရလို့ သေသွားတာ ကျုပ်ကိုယ်တိုင် ဆေးရုံပို့ခဲ့ရတာ။

အဲဒီတုန်းကလည်း အင်္ကျီအညိုရောင်အကွက်ကျဲကြီးနဲ့ပဲ..."

"ဒါဆိုရင် ..."

"ဟုတ်တယ်၊ ဒါဟာ ဦးသောင်းကြည်ဖြစ်မှာပါ။ သူကြုံတွေ့ရတဲ့ဖြစ်စဉ်အတိုင်း၊ သရုပ်ပြခြောက်လှန့်တာလား ...

ဒါမှမဟုတ် ...

မမြင်အပ်တဲ့ သတ္တဝါဖြစ်တဲ့ တစ္ဆေပြိတ္တာဘဝနဲ့ ကားတိုက်ခံရတာလားဆိုတာတော့ ...

ဦးသောင်းကြည်ပဲ သိနိုင်လိမ့်မယ်ထင်တယ် ..."

ကိုလှမြင့်ရဲ့စကားက လက်ငင်းကြုံတွေ့ရတဲ့ ပြဿနာကို ဖြေရှင်းပေးလိုက်သလိုဖြစ်ခဲ့တယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ... ကိုတင်ထွန်းရဲ့ စိတ်ထဲမှာ မတင်မကျနဲ့ ဟာတာတာကြီး ဖြစ်နေတယ်။

ယနေ့ထိအောင်လည်း ...

အဖြေရှာမရနိုင်တဲ့ ပုစ္ဆာတစ်ပုဒ်ကိုမျိုချထားရသလို ခံစားနေရဆဲဖြစ်ပါတယ်ခင်ဗျား။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ဖြစ်ရပ်မှန်မဂ္ဂဇင်း

\+ \+ \+



# ရဲကိုခြောက်တဲ့သရဲ

## (တစ်)

ကျွန်တော်တို့ ရောက်သွားတဲ့နေ့က ခင်ကြီးတစ်ရွာလုံး ချောက်ချောက်ချားချား ဖြစ်နေကြတယ်။

မီးမဖွားနိုင်လို့ သုံးတဲ့အမျိုးသမီးက အရမ်းခြောက်နေတယ်တဲ့။

အရပ်အခေါ် အစိမ်းသေပေါ့လေ။

အရင်က ညညဆို မောင်းထောင်းသံ၊ စပါးကြိတ်သံတွေနဲ့ ညံနေတဲ့ရွာလေး ...။

လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင်တွေရဲ့ မယ်ဒလင်သံ၊ ဘင်ဂျိုသံတွေနဲ့ လှနေတဲ့ရွာကလေး ...



www.burmeseclassic.com

www.burmeseclassic.com



ခုတော့၊ မှောင်စပြုတာနဲ့ လူသံသူသံတွေ ဆိတ်သုဉ်းနေတယ်။

တစ်ရွာလုံးလည်း တထိတ်ထိတ်တလန့်လန့်ဖြစ်နေရတယ်လို့ ကောင်စီအတွင်းရေးမှူးက ပြောတယ်။

အတွင်းရေးမှူးကတော်ကတော့ ကျွန်တော်တို့ နယ်ထိန်းအဖွဲ့ရောက်လာတာကို ဝမ်းသာနေတယ်။

"ဆုံးသွားတဲ့မိန်းမက၊ ဒီအိမ်မှာ တအိမ်သောက်အိမ်၊ မိသားစုလိုနေတာမို့ ...

ဆုံးသွားတဲ့ညက စပြီး လာခြောက်နေတာ ညတိုင်းညတိုင်း မအိပ်ရဘူး ...

ဒီည ဆရာတို့ ရောက်လာလို့ သူလာရဲမှာမဟုတ်ဘူး" လို့လည်း ပြောတယ်။

"မိုးချုပ်တာနဲ့ ဟိုနားဒီနားတောင် မသွားရဲအောင် ကြောက်နေကြရတယ် ...၊

တစ်ချို့ကိုရေနဲ့ပက်တယ် ...

တစ်ချို့ကျ နောက်ကနေ ခြေသံပေးပြီး လိုက်တာခံရတယ်။

အမှောင်ထဲမှာ ပုခုံးပုတ်ခံရတဲ့သူ၊ ကျောပုတ်ခံရတဲ့သူတွေလည်းရှိတယ် ...၊





သူကသာ ကိုယ့်မြင်ရတာ

ကိုယ်က သူ့မမြင်ရတော့ ပိုပြီးကြောက်ကြလန့်ကြတာပေါ့..."

ခင်ကြီးရွာက ကျွန်တော့်တို့ ကညွတ်ကွင်းရဲစခန်းရဲ့အရှေ့ဘက် (၆)မိုင်လောက်အကွာမှာ ရှိတယ်။

ပွဲလင်းရာသီမှာ အဖြစ်များတဲ့ ကျွဲခိုးမှု လျှော့နည်းပပျောက်ဖို့ ...

ရာဇဝင်လူဆိုးတွေ၊ လူဆိုးအညွှန်းမာတိကာစာချုပ်ဝင် လူဆိုးတွေကို စစ်ဆေးဖို့ လှည့်ကင်းထွက်လာကြတာပါ။

ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်က ရဲတပ်ကြပ်ကြီးသန်းဆောင် (ယခု-အငြိမ်းစား)ဖြစ်ပြီး၊ ဒုတပ်ကြပ်ဝင်းထိန်(ကျောက်ကြီးမြို့နယ်မှာကျဆုံး)၊ ဒုတပ်ကြပ်အောင်သိန်း(ကွယ်လွန်)၊ တပ်သားကျော်စိုးမင်း(ကွယ်လွန်)နဲ့ ကျွန်တော် ပါဝင်ပါတယ်။

ရဲတပ်ဖွဲ့ဝင်ဘဝ အမှုအခင်းများစွာ ကြုံတွေ့စစ်ဆေးရာမှာ သေခြင်းမျိုးစုံနဲ့သေတဲ့ အလောင်းမျိုးစုံကိုတွေ့ယ်စစ်ဆေးခဲ့ရပါတယ်။

တစ်ခါတစ်ခါ် သုဿန်မှာမြေမြှုပ်ထားတဲ့ အလောင်းကောင်ကို ပြန်ဖော်ပြီး ညစောင့်အိပ်ရတာတွေ ...။



www.burmeseclassic.com

www.burmeseclassic.com



သွားတာရဲ့၊ သံတာရဲ့၊ ကိုယ်တစ်ခြား၊ ခေါင်းတစ်ခြား၊ ခြေတစ်ခြား၊ လက်တစ်ခြားအလောင်းတွေကို ကျော်ဟယ်၊ ခွတယ် လုပ်ပြီး စစ်ရဆေးရတာလည်းရှိတယ်။

သုသာန်သချိုင်းဂူတွေ၊ မြေပုံတွေကြားမှာ ကင်းပုန်းဝပ်ရတာ ကလည်း ခဏခဏ၊ ဒီတော့ ကျွန်တော်သရဲ မကြောက်တတ်ဘူး ...။

သရဲကြောက်မခံဘူးလို့ သရဲရှိတယ်ဆိုတာလည်း မယုံဘူး ...။

ခပ်ကြီးရွာအရောက်မှာ သရဲခြောက်တဲ့သတင်းကြားတော့ ...

အတွေ့အကြုံရအောင် သရဲလာခြောက်ပါစေလို့ တောင် ကျွန်တော် ဆုတောင်းမိတယ်။

ကျွန်တော်ကပဲ ဆုတောင်းကောင်းတာလား ...၊

သရဲကပဲ ရဲကို မကြောက်တာလားမသိဘူး ...၊

ခြောက်လိုက်တဲ့ သရဲ။

ကျွန်တော်တို့အားလုံး သရဲခြောက်တာကို တစ်ညလုံး လိုမ့်ခံခဲ့ရပါတယ်။



(နှစ်)

သရဲက မှောင်တာနဲ့ လာခြောက်တယ်ဆိုလို့ ညနေ့သည် ကျွန်တော်တို့ရဲ့အဖွဲ့ရော ... ကောင်စီအတွင်းရေးမှူးမိသားစု တွေရော ညနေစာကို စောစောစားကြရပါတယ်။

ထမင်းစားပြီး ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြ တယ်။

အဲဒီတုန်းမှာပဲ ... မိုးတဝါးကျန်နေတဲ့အလင်းရောင်ပျောက် သွားတယ်။

ညအမှောင်က တဖြေးဖြေး သိပ်သည်းလာတယ်။

အတွင်းရေးမှူးကတော်က စားပွဲပေါ် မှန်အိမ်လာချပေးပါတယ်။

မှန်အိမ်အလင်းရောင်နဲ့ စကားဆက်ပြောကြတယ်။

ပြောစို့ကျန်သေးတယ်။

ကောင်စီအတွင်းရေးမှူးအိမ်က လေးပင်ပတ်လည်၊ ခြေတံ ရှည်အိမ်မြင့်၊ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးအိမ်၊

အိမ်ပေါ်ကို မတ်မတ်ထောင်ထားတဲ့ သစ်သားလှေကားကနေ တက်ရတယ်။

လှေကားလက်ကိုင်ဖို့ ဝါးတစ်လုံးတန်းထားတယ်။




www.burmeseclassic.com

www.burmeseclassic.com



လှေ့တားထိပ်တည့်တည့် ဝင်ပေါက်အနီးမှာရှိတဲ့ စားပွဲ၊ တန်းလျားမှာ ကျွန်တော်တို့စကားပြောနေကြတာပါ။

"ဒီနေ့ လာမခြောက်တော့ဘူးနဲ့တူတယ် ..."

အတွင်းရေးမှူးကတော်ရဲ့စကား၊ ဆုံးတယ်ဆိုရုံလေးရှိသေး ...

ဝင်ပေါက်ကနေ စပါးစေ့တွေ ဖျောခနဲ ဖျောခနဲ ဝင်လာတယ် ...

ကျွန်တော်တို့အားလုံးကို စပါးစေ့တွေ လာမှန်တယ် ...

အတွင်းရေးမှူးကတော်နဲ့ သမီးတွေကတော့

"ဟော ... လာပြီ ... လာပြီ ..." လို့အလန့်တကြား အော်ပြီး အတွင်းအိပ်ခန်းတွေထဲ ဝင်ပြေးကြတယ်။

စကားဝိုင်းမှာ ကျွန်တော်တို့ရဲ (၅)ယောက်နဲ့ ကောင်စီ အတွင်းရေးမှူးပဲ ကျန်ခဲ့တယ်။

အဲဒီနောက်မှာလည်း ...

ဆယ်မိနစ်ခြား၊ ဆယ့်ငါးမိနစ်ခြား ဆိုသလို ဝင်ပေါက်ကနေ စပါးစေ့တွေနဲ့ ကျပက်တာ လိုမ့်ခံနေရပါတယ်။

ဒီကိစ္စဟာ သရဲခြောက်ခံရတာဆိုတာ ကျွန်တော်တို့အားလုံး သိလိုက်ကြပါတယ်။





ကျွန်တော်တို့အဖွဲ့မှာ ဒသသမ ၃၀၃၊ အမေရိကန်ရိုင်ဖယ် နှစ်လက်၊ အင်္ဂလိပ်နာတိုနှစ်လက်နဲ့၊ အင်္ဂလိပ်စတင်းဂန်း တစ်လက် ပါတယ်။

ဘယ်လိုအရပ်သားကမှ ကျွန်တော်တို့ကို နောက်နောက် ပြောင်ပြောင် စပါးစေ့တွေနဲ့ လာပြီးပက်ရဲမှာ မဟုတ်ဘူးလေ။

သရဲခြောက်တာ သေချာနေပေမယ့် ကျွန်တော်တစ်မျိုးလှည့် စဉ်းစားတယ်။

တောရွာလေ့ ကိုယ်လယ်က ထွက်တဲ့စပါးနှံတွေကို ဘုရား စင်မှာ ချိတ်ဆွဲလေ့ရှိတယ်။

အဲဒီစပါးနှံတွေကို ကြွက်ကချို၊ အိမ်ခေါင်မိုးပေါ်ရောက်၊

ကျွန်တော်တို့အပေါ်တည့်တည့် ရေတံလျှောက်က ကျလာ တာများလားပေါ့ ...

ကျွန်တော်ပြောတာနဲ့ မဖြစ်နိုင်မှန်းသိပေမယ့် ကျော်စိုးမင်း ခေါင်မိုးပေါ်တက်ကြည့်တယ်။

ဘာမှမတွေ့ဘူး၊ ပြန်ဆင်းလာရတယ်။

ကျွန်တော်ကိုယ်တိုင်လည်း ပြောမယ့်သာပြောနေတာပါ။

ဝင်ပေါက်က ကျပက်တာနဲ့ အပေါ်ကကျလာတာကို ကွဲကွဲ ပြားပြားသိပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



[illegible]ထပ်နေတော့ ဒုတပ်ကြပ်အောင်သိန်း သည်းမခံနိုင်တော့ဘူး။

သူက ဗုဒ္ဓဘာသာမဟုတ်ဘူး၊ ဘာသာခြား၊ သရဲရှိတာ မယုံဘူး။

"တစ်ယောက်ယောက်က လာလုပ်နေတာဖြစ်မယ်။

ဒီတစ်ခါ လုပ်ရဲရင်လုပ်ကြည့် သေနတ်နဲ့ပစ်မယ် ..." ကြိမ်းပြီး အောက်ဆင်းသွားတယ်။

သူကြိမ်းဝါးတာကို လန့်သွားတာနဲ့တူရဲ့၊ စပါးတွေနဲ့ ပက်တာ မခံရတော့ဘူး၊ ဒီလိုနဲ့ နာရီဝက်လောက်ကြာသွားတယ်။

"ကဲ ... လာပက်ရဲသေးလား ...၊ ပက်ရဲရင် ပက်ဦးလေ ..."

ဒုတပ်ကြပ်အောင်သိန်းရဲ့စကားတောင်မဆုံးလိုက်ဘူး ...

စပါးစေ့တွေ တဖျောဖျော ကျလာပါတော့တယ်။

ကျတာမှ အရင်ထက်နှစ်ဆသုံးဆပိုများပြီး၊ ကျတဲ့အချိန်လည်း ပိုကြာပါတယ်။

အဲဒီတော့မှ ဒုတပ်ကြပ်အောင်သိန်းမျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ အိမ်ပေါ်ပြန်တက်ပြေးလာတယ်။





အဲဒီညက ကျွန်တော်တို့အားလုံး အိပ်ရေးပျက်ခဲ့ရပါတယ်။

ညတော်တော်နက်လာတော့မှ ကျွန်တော်တို့အဖွဲ့က ဘုရားခန်းမှာ၊ အိမ်ရှင်မိသားစုတွေကတော့ အတွင်းခန်းတွေမှာ အသီးသီး အိပ်ရာဝင်ခဲ့ကြပါတယ်။

စပါးနဲ့ ကျဲပက်တာလည်း အဲဒီတော့မှ ရပ်သွားပါတယ်။

ဒါပေမယ့် တစ်ညလုံးပါပဲ ...

မီးဖိုချောင်ထဲမှာ အိုးခွက်ပန်းကန်တွေ လှုပ်လှော်နေတဲ့ အသံကြားနေရပါတယ်။

အိမ်ရှင်တွေရဲ့ အခန်းတွေထဲဝင် ...

စောင်တွေဆွဲသွား၊ အိပ်ရာခင်းတွေဆွဲသွားနဲ့လုပ်နေပါတယ်။

သရဲကခြောက်ရင်း၊ မိန်းကလေးတွေက လန့်ပြီးအော်ရင်း...

ဒီလိုနဲ့ပဲ မိုးလင်းခဲ့ရပါတယ်။

အဲဒီညက ကြုံခဲ့ရတဲ့ သရဲကတော့ အမျှဝေလည်းမရ၊ တရားဟောလည်းမရ၊

ရဲလည်းမကြောက်၊ သေနတ်လည်းမကြောက်နဲ့ ကျွန်တော့်အဖို့တော့ ရှားရှားပါးပါး အတွေ့အကြုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာ တစ်ခုရှိသေးတယ်...

လာပြီးကျွဲတဲ့ စပါးစေ့တွေက တောင်ပျံစပါးစေ့တွေ။

ခင်းကြီးတစ်ရွာလုံးမှာ သူတို့တစ်အိမ်ပဲ စိုက်တဲ့စပါးမျိုးလို့ ကောင်စီအတွင်းရေးမှူးက ပြောပြတယ်။

မိုးလင်းတော့ ကောင်စီအတွင်းရေးမှူးနဲ့ ကျွန်တော်တို့အဖွဲ့ အသုဘအိမ်ကို ရောက်သွားကြတယ်။

ပျဉ်ထောင်အိမ်ကြီးပေါ်အတက်၊

လှေကားခုံပေါ်မှာ ဒန်မောင်းထောင်ချိုင့်တစ်လုံး တွေ့ရတယ်။

မောင်းထောင်ချိုင့်ကိုကြည့်ပြီး ကျွန်တော်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် လက်တို့ပြီး အသိပေးလိုက်ကြတယ်...

မောင်းထောင်ချိုင့်ထဲမှာ တောင်ပျံစပါးတွေတစ်ဝက်လောက် ကျန်သေးတယ် ...။

ညက မယ်မင်းကြီးမ သူ့အိမ်ကစပါးတွေနဲ့ ကျွန်တော်တို့ကို လာပက်တာဆိုတာ အဲဒီတော့မှ ပိုသေချာသွားတယ် ...





(သုံး)

တစ္ဆေကိုသောင်းကြည် ကားတိုက်ခံရတဲ့ကိစ္စက ကိုလှမြင့် (ကညွတ်ကွင်း၊ တောင်ပိုင်းရပ်)နေသူက ပြောပြတာဖြစ်ပြီး...

ခင်းကြီးရွာမှာ သရဲခြောက်ခံရတဲ့အကြောင်းကိုတော့ နယ်ထိန်းတပ်ဖွဲ့ဝင် ကိုမြင့်စိုး (ကညွတ်ကွင်း၊ ဗိုလ်ဟဲရပ်) ကပြောပြတာတာဖြစ်ပါတယ်။

မကြုံဘူးလို့ မယုံသူတွေရှိကြမှာဖြစ်ပေမယ် ...

တစ္ဆေသရဲဆိုတာ အပါယ်ဘုံသား၊ ပြိတ္တာတစ်မျိုးလို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

ပြီးတော့၊ သူတို့ဟာ

နာမ်သဘာဝသာရှိတဲ့ အရာတွေမဟုတ်ပါဘူး။

ရုပ်နဲ့နာမ်တွဲလျက်၊ သတ္တဝါတစ်မျိုးလို့ ယူဆပါတယ်။

အဲကြောင့်သာ စပါးတွေ ယူဆောင်နိုင်တာ၊ ကျဲပက်နိုင်တာ၊ ခဲတွေခွက်တွေ လှန်လှောနိုင်တာ ဖြစ်ပါတယ်။

ကိုတင်ထွန်းရဲ့ကားက ရှေ့ဘန်ပါချိုင့်သွားတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ သူတို့ကို တံအတိုးမပေးအတိုင်း (၃၁) ဘုံမှာ ကျင်လည်နေရတဲ့ မပြင်အပ်တဲ့ သတ္တဝါတစ်မျိုးလို့ထင်မိပါတယ်။

မိတ်ဆွေရော ဘယ်လိုထင်လဲ၊ ကျွန်တော့်ကိုပြောပြစေချင်ပါတယ်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ မြစ်ရပ်မှန်မဂ္ဂဇင်း

+ + +



# လူ့သားစားခွေးနက်ကြီးနှင့် ကျွတ်ကျွန်းစမြကလဲ့စား

## (တစ်)

ကျွတ်ကျွန်းမြေကစပြီး ဆူလိုက်တဲ့ ကြောက်မက်ဖွယ်ခွေးအူသံကြီး။

လူသေအလောင်းရဲ့ မျက်နှာတစ်ခြမ်းကုန်အောင် စားသည့်ခွေးနက်ကြီးတစ်ကောင်။

အဲဒီအထိတ်တလန့်ဖြစ်ရပ်ကြောင့် ကွန်းနောက်တစ်ရွာလုံးချောက်ချားသွားခဲ့ရတယ်။

ညစဉ်ညတိုင်း အသက်ပြင်းပြင်းမရှူရဲအောင် ကြောက်လန့်ထိတ်နေခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြစ်ရပ်တွေဟာ ...

ကျွတ်ကုန်းမြေက ရက်ရက်စက်စက် ကလဲ့စားချေခြင်း မြစ်ရပ်တွေနဲ့ ဆက်နွယ်နေခဲ့ပါတယ် ...

ခေတ်အတွေးခေတ်အမြင်နဲ့ တွေးမြင်ပြီး မယုံသူတွေ ရှိသလို ...

နာနာဘာဝတွေရဲ့ ကလဲ့စားချေမှုလို့ လက်ခံယုံကြည်သူတွေ လည်းရှိတယ်။

ဘယ်လိုပဲဖြစ်စေ ...

ထိတ်လန့်ကြောက်ရွံ့စရာထိုမြစ်ရပ်က တွန်းနောက်ရွာမှာ အစီအစဉ်တကျ ဖြစ်ပေါ်လာခဲ့ပါတယ်။

(နှစ်)

"တော့ခြေထောက် ဓားခုတ်မိလို့တဲ့ ..."

အော်ဟစ်ပြောဆိုသံတွေကြောင့် မိစန်း အုယားဖားယား ပြေးထွက်လာတယ်။

ရွာအနောက်ထိပ်မှာ လူတွေရုံးစု၊ ရုံးစုဖြစ်နေတယ်။

အဲဒီကို မိစန်းပြေးသွားတယ်။

"နင့်ယောက်ျားခြေထောက်၊ ဓားထိလို့တဲ့ .."





ပြေးလာတဲ့မိစန်းကို မိန်းမတစ်ယောက်က ဆီးပြောတယ်။

ကြားပေမယ့် မသိလိုက်ဘူး။ အသံတာ နောက်မှာကျန်နေခဲ့ တယ်...။

မိစန်းရဲ့ အာရုံက လူ့ထက်မြန်ဆန်နေတယ်။ မျှော်ကြည့် နေတဲ့သူတွေကို တိုးဝှေ့ ...

ရှေ့ဆုံးရောက်သွားတာနဲ့ မလှပတဲ့ မြင်ကွင်းနဲ့ မိစန်း တက်ပင်း ဆုံလိုက်ရတယ် ...။

ခေါင်ပုခက်ကို ဝါးလုံးနဲ့လျှိုပြီး လူနှစ်ယောက်၊ ရှေ့နောက် ထမ်းလာတယ်။

ခေါင်ပုခက်ထဲမှာတာ မိစန်းယောက်ျားတော၊

မျက်စိမှိတ်ပြီး ညည်းညူနေတယ်။

"လမ်းဖယ် ... လမ်းဖယ် ..."

အပြေးအလွှား ထမ်းလာသူတွေက အော်ပြောငယ်။

မိစန်းပုခက်တိုကိုင်းရင်း အပြေးပြန်လိုက်လာတယ်။

စိုးရိမ်စိတ်တွေနဲ့ သူ့ယောက်ျားတော့မျက်နှာကို မပြတ်တမ်း ကြည့်လာတယ် ...။

"ယောက်ျား ... ယောက်ျား ..."

ငိုသံပါကြီးနဲ့လည်း အဆက်မပြတ်ခေါ်လာတယ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဦးဝရောက်တော့ မိစန်းတောင်ပုခက်ကို လှတ်လိုက်တယ်။

သူ့အိမ်သေးသေးလေးဆီကို ဦးဆောင်ပြေးသွားတယ်။

အိမ်က တဲသာသာ၊ လှေကားမရှိဘူး။

တစ်ထောင်လောက် သစ်တုံးတိုကိုနင်းပြီး အိမ်ပေါ်တက်တယ်။

သူ့အိမ်ကလည်း ဘုရားစူးအိမ်။

ဝါးတိုင်ထူ၊ ဝါးအခင်း၊ ဝါးကြမ်းခင်း ထုတ်၊ ယောက်ဒိုင်း၊ မြား၊ အားလုံးဝါးတွေချည်း ဝါးထရံကာပြီး သက်ကယ်မိုးထားတယ်။

ဖျာနှစ်ချပ်လောက်သာ ကျယ်တဲ့အိမ်ကို အလယ်က ဝါးထရံနဲ့ ကန့်ထားတယ်။

ရှေ့ဘက်က ဘုရားစင်နဲ့၊ ဧည့်ခန်း

နောက်ဘက်က အိပ်ခန်း

မိစန်း အတွင်းခန်းဝင်သွားတယ်။

သူတို့ အိပ်တဲ့ဖျာအစုတ်ကို ထုတ်လာပြီး ဘုရားစင်အောက်မှာ ခင်းတယ်။

ဖျာခေါင်းရင်းမှာ အစွပ်မရှိ၊ မဲညစ်နေတဲ့ ခေါင်းအုံးကိုချတယ်။

လူနာထမ်းလာသူတွေက အိမ်ရှေ့မှာရပ်တယ်။





တောကို ပုဇော်ထဲတနေရာရောက်ပြီး ရှစ်ယောက်အပ္ပနိုးတယ်။

ပြီးတော့ ခင်းထားတဲ့ ဖျာပေါ်ကို ဆောက်တစ်ရေ လှမ်းတင်လိုက်တယ်။

"လယ်ထိပ်က မအူပင်ကို လှဲနေတာ၊ အားလွန်ပြီး သူ့ခြေထောက်ကို ဆေးက ပြန်ခုတ်မိတာပဲ ..."

လူနာထမ်းလာတဲ့ တစ်ယောက်က တော့ခြေထောက်အကြောပေါ်က ပုဆိုးစုတ်ပိုင်းတို့ ဖြေရှင်းပြောတယ်။

အကြောက စော်စော်မှုးတယ်။

ဘယ်ဘက်ခြေသလုံးတစ်ခုလုံးကို ကန့်လန့်ဖြတ်ခုတ်မိထားတာ...

အကြောဟက်ပက်ကြားက နီပျစ်ပျစ်သွေးတွေ တစိမ့်စိမ့်ယိုထွက်နေတုန်းပဲ ...၊

"ကုက္ကိုရွက်တွေခူးလာတယ်၊ ရေတဆုံဆေးပြီး ထောင်းလိုက် ..."

မိစန်း ကုက္ကိုရွက်တွေကို ထောင်းပြီးပေးတယ်။

လူကြီးတစ်ယောက်က တော့အနာပေါ်အုံပြီး၊ ခုနက ပုဆိုးစုတ်နဲ့ပဲ ပြန်စည်းပေးတယ်။

တောကတော့ မျက်စိမှိတ်ပြီး ညည်းညူနေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သာသာတော့ မျက်စိမှိတ်ပြီး ညည်းညူနေတယ် ...

သူတို့အားလုံး တစ်ခုခုကို သိနေကြတယ်။

အဲကြောင့်လည်း စိုးထင့်နေကြတာ ဖြစ်တယ်။

တောတောင်ရေမြေ လုပ်တဲ့လယ်က လယ်ဆိုး၊ ကျိတ်ကုန်းမြေ။

ဘယ်အချိန်ဘယ်ကာလကတည်းက ကျိတ်ကုန်းမြေလို့ ပညတ်ထားတာလည်း မသိဘူး။

မြို့တွာဘုံသား ကျိတ်တွေနေထိုင်တဲ့ နေရာဆိုတဲ့အစွဲက ဘိုးဘွားဘီဘင်ကတည်းကကို ရှိခဲ့တာ...

ဒီကျိတ်ကုန်းမြေမှာ အပေါ့အလေးတောင် အရမ်းမစွန့်ရဲကြဘူး။

ထင်းအတွက် သစ်ကိုင်းငါးကိုင်းခုတ်တာကအစ တောင်းပန်တိုးလျှိုးပြီးမှ၊ နတ်နေကိုင်းချန်မှ ...

အခု တောလုပ်တာက ကိုင်းချိုင်တာမဟုတ်ဘူး။

မအူပင် တစ်ပင်လုံးလှဲတာ။

ရှိုးရှိုးတန်းတန်း၊ ခြေချော်လက်ချော်ဖြစ်ပြီး ခုတ်မိတာဆို ပြဿနာမရှိဘူး။

သစ်ပင်လှဲတာကို ကျိတ်ကမကြိုက်လို့ ဓားနဲ့ခုတ်မိအောင် လုပ်လိုက်တာဆိုရင်တော့ ပြဿနာမှ တကယ့်ပြဿနာ။





ဒီအချက်ကြောင့် စိုးရိမ်ထိတ်လန့်နေတာ။

အဲဒီလို လန့်နေကာမှ လူမမာလာမေးတဲ့ တောအစ်မ၊ မကုလားမကို ကျိတ်ဝင်ပူးတယ်။

ကျိတ်ဝင်ပူးတဲ့အချိန်မှာ မကုလားမအသံက နဂိုမူလအသံ မဟုတ်တော့ဘူး။

အသံ သေးသေးစူးစူးနဲ့ တစ်မျိုးဖြစ်သွားတယ်။

"ငါတို့မိသားစုနေတဲ့ သစ်ဝင်ကိုခုတ်တဲ့ကောင် နှုတ်တွေ့ဖေရမယ်။

ဦးသာသေမီးတွေရဲ့ ခြေထောက်နဲ့မျက်နှာ အထိရာတွေရသလို နင့်ခြေထောက်နဲ့မျက်နှာကိုလည်း အက်ရာတွေရအောင်လုပ်မြမယ် တဲ့ ..."

ဒီလိုပြောပြီးတာနဲ့ ပူးကပ်နေတဲ့ကျိတ် မကုလားမထံက ထွက်သွားတယ်။ စိုးရိမ်တာဖြစ်လာပြီ။

နားလည်တဲ့လူကြီးသူမတွေက ကျိတ်ကိုထုံးစံအတိုင်း တောင်းပန်ကန်တော့ဖို့ မိစန်းတို့ ပြောတယ် ...

မိစန်းကြက်ဖို ကြက်မရှာရတယ်၊ အရက်ရှာရတယ်၊ ထမင်းချက်ဖို့ဆန်ရှာရတယ်။

www.burmeseclassic.com



တော့အတွက် ကျွဲမွေးဖို့ဆိုတော့ အရက်မှုန်မျက်တဲ့ အိမ်ကအရက်တစ်လုံးအလကားပေးတယ်။

ဆန်ကို မကုလားမကာပေးတယ်။

ကံဆိုးတာက ကြက်ဝိုသာရပြီး ကြက်မ မရတဲ့ကိစ္စပဲ။

အဲဒါကြောင့် နေ့တွင်းချင်း မတောင်းပန်နိုင်ခဲ့ဘူး။

ညနေပိုင်းမှာ တော တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလာတယ်။

ညဦးပိုင်းမှာ ကယောင်ကတမ်းတွေ ပြောလာတယ်။

သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်လာတယ်။

အဲဒီည သန်းခေါင်လောက်မှာပဲ ကျွတ်ကုန်းမြေဘက်ဆီက ခွေးအူသံကြီးကို စပြီးကြားရတယ်။

ကြောက်စရာအူသံကြီးက ရွာနဲ့တဖြည်းဖြည်းနီးလာတယ်။

ရွာထဲဝင်လာကယ်။

အဲဒီတော့မှ ခွေးနက်ကြီးကို လူတွေမြင်ကြရတယ်။

သာမန်ခွေးအရွယ်အစားထက် တစ်ဆလောက်ပိုမိုကြီးမားတဲ့ ခွေးနက်ကြီး။

အသံတုန် အူတုန်စရာကောင်းအောင် ဆွဲဆွဲငင်ငင်အူရင်း ရွာထဲ ဝင်လာတယ် ...





ရွာမြောက်ပျားကနေ ကောင်းများတိုင်အောင် အူသွားတယ်။

ပြီးတော့မှ ပျောက်သွားတယ်။

နောက်နေ့မနက်မှာတော့ တော ခြေထောက်ထားခုတ်မိတဲ့ ကိစ္စ၊ ကျွတ်ဝင်ပူးတဲ့ ကိစ္စနဲ့၊ ခွေးနက်ကြီးနဲ့ ထိတ်လန့်စရာ အူသံကြီးအကြောင်းကိုပဲ တစ်ရွာလုံးပြောနေကြပါတော့တယ်။

(သုံး)

မအူပင်မှာ အကိုင်းအခက်မှန်သမျှ လုံးဝမကျန်တော့ဘူး။

ထိပ်မှာလည်း ငုံးတိ။

ပင်စည်လုံးတစ်ဖြောင့်တည်းသာ ကျန်တော့တယ် ...။

ပင်စည်လုံးက သောက်ရေအိုးလုံးလောက်ရှိတယ်။

မြေကြီးအထက်တစ်တောင်လောက်မှာ ပင်စည်လုံးကို ခုတ်ထားတဲ့အရာရှိတယ်။

တစ်ဝက်ကျော်ကျော်၊ ခုတ်ပြီးနေပြီ။

နေမွန်းတည့်ချိန်လောက်မှာ ဦးမောင်မြင့် မအူပင်အောက် ရောက်လာတယ်။

သူ့နောက်မှာ အဖော်တစ်ယောက်ပါလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မြင့်က ပါလာတဲ့ ပစ္စည်းပစ္စယတွေချထားပြီး မြေပြင်ကို အရင်ရှင်းလင်းလိုက်တယ်။

ပြီးတော့ ကျင်းငယ် ခြောက်ကျင်းကိုစကောဝိုင်းပုံတူးတယ်။ ခုနစ်ကျင်းမြောက်ကျင်းကို အလယ်ကောင်တည့်တည့်မှာ တူးလိုက်တယ်။

ကျင်းခုနစ်ကျင်းပေါ်မှာ ငှက်ပျောရွက်တွေခင်းပြီး ထမင်းပုံတယ်။ ထမင်းအပေါ်က ကြက်သားတင်းပုံတယ်။

ပြီးတော့ ထုံးစံရှိတဲ့အတိုင်း အသည်းအမြစ်၊ ခြေထောက်၊ ခေါင်းနဲ့ တောင်ပံများတွေကိုတော့ အလယ်ကျင်းမှာပဲ ပုံပေးရတယ်။

ဟင်းထည့်မချက်ရတဲ့ အုန်းနဲ့ အခြားကာလီတွေ၊ ကြက်ဥနဲ့ ကြေသည်းတွေရောထုပ်ထားတဲ့ အစိမ်းထုပ်ကို သတ်သတ်ထားရတယ်။

အရက်တစ်ခွက်ငှဲ့ပေးထားပြီး ပုလင်းကို ဝိုင်းအလယ်မှာ ထောင်လိုက်တယ်။

အစားအသောက်တွေပြင်ဆင်ပြီးတာနဲ့ ကြေးဖလားလေးကို ယူပြီး ကြေးခွန်းနဲ့ တီးခေါက်လိုက်တယ်။

သာယာတဲ့ ကြေးတီးခတ်သံလေးတွေ ထွက်လာတယ်။



ရှေးတုန်းကတော့ ကြေးမောင်းလေးတွေကို တနောင်နောင် တီးပြီး ခေါ်ရတာ။

ခုခေတ်တော့ ရွာမှာ မောင်းလေးတွေမရှိတော့ဘူး။ ဒါ့ကြောင့် ကြေးဖလားနဲ့ ကြေးခွန်းကိုသုံးပြီးတော့ပဲ ခေါ်ကြတယ်။

"ဆရာကြီးများခင်ဗျာ၊ လာကြပါ၊ စားသောက်ကြပါ။

မလာနိုင်တဲ့ပုဂ္ဂိုလ်များရှိရင်လည်း ကျောပိုးခေါ်ခဲ့ပါ။

ဒီအရက်၊ ဒီအကျက်၊ ဒီအစိမ်း ...

ကြိုက်ရာသုံးဆောင်ကြပါ ..."

ဦးမောင်မြင့်က ဖိတ်ခေါ်ပြီးတာနဲ့ ရေတစ်ဖလား မြေပေါ် လောင်းချလိုက်တယ် ...

"ခြေလက်ဆေးလိုက်ကြပါဦး ..."

အဲဒီနောက်မှာ ခေတ္တငြိမ်ဆိတ်သွားတယ်။

အတန်ငယ်ကြာမှ ဦးမောင်မြင့်က တောင်းပန်စကားဆိုတယ် ...

ဆရာကြီးတို့ခင်ဗျား ...

လယ်ရှင်နဲ့တကွ ဒီလယ်မြေမှာ လုပ်ငန်းလုပ်ကိုင်သူအားလုံးကို ဘေးဥပဒ်အန္တရာယ် မကျရောက်အောင် စောင့်ရှောက်ပေးပါခင်ဗျား...



www.burmeseclassic.com

www.burmeseclassic.com



သားဆိုးရန်ဆိုးတွေသမျှတို့ကိုလည်း ရှင်းလင်းဖယ်ရှားပေးပါ ခင်ဗျား ...

အထူးသဖြင့် မလိမ္မာ တစ်ခါမိုက်မဲခဲ့တဲ့ ငါ့ရဲ့ အပြစ်ဟူသမျှကို ဖွေမယူကြပါနဲ့ ခင်ဗျား၊

သည်းခံပါခင်ဗျား၊ စောင့်ရှောက်ပါခင်ဗျား ...

တောအပေါ်ကျရောက်နေတဲ့ သားဆိုးရန်ဆိုးတွေကိုလည်း သနားညှာတာတဲ့အနေနဲ့ ရုတ်သိမ်းပေးဖို့တောင်းပန်အပ်ပါတယ် ခင်ဗျား ..."

မြန်မာလယ်သမားတိုင်းပုန်းမကြည်နတ်ကို တင်မြှောက်ပသတတ်ကြပါတယ်။

ပုန်းမကြည်နတ်က ကောက်ပဲသီးနှံကို ဖြစ်ထွန်းစေတယ်။

စိုက်ပျိုးထားတဲ့ အပွင့်၊ အသီးတွေကိုပွားများကောင်းမွန်အောင် စောင့်ရှောက်ပေးတယ်လို့ ဆိုစမှတ်ရှိတယ်။

ကျုပ်ကုန်းမြေမှာလုပ်ကိုင်တဲ့ လယ်သမားတွေကတော့ ပုန်းမကြည်နတ်တင်မကဘူး။

ဝါဝင်ဝါထွက်၊ လယ်ဝင်လယ်ထွက်တိုင်း ကျုပ်တို့ကိုပါ ကန်တော့ရမွေးရတဲ့ အလေ့အထရှိတယ်။

ဒီလိုကန်တော့မွေးတဲ့အခါ၊ ကျုပ်တို့ကို ကျုပ်လို့မခေါ်ရဘူး။





ရိုသေသမှုနဲ့ "ဆရာကြီး"လို့ ခေါ်ရတယ်။

ဆရာကြီးတင်တယ်။ ဆရာကြီးကန်တော့တယ်လို့ပြောဆိုကြတယ်။

သည်လိုကန်တော့မွေးမှ ကျုပ်တို့က သဘောကျတယ်။

လယ်လုပ်ငန်းပြီးတဲ့ တလင်းသိမ်းတဲ့အချိန်ထိ ဘေးကင်းရန်ကင်း လုပ်နိုင်ကြတယ်။

လယ်ရှင်ကြောက်တတ်ရင် အဆိပ်မရှိတဲ့ ရေမြွေ၊ မြွေပတုတ်တောင် မရှိအောင် ဖယ်ရှားထားတယ်။

ကျုပ်ရှိတာ သိပါရဲ့နဲ့၊ မကန်တော့မမွေး၊ အရိုအသေမပြုဘဲ လယ်လုပ်ခွင် ဆင်းလာရင်တော့ ...

အန္တရာယ်မျိုးစုံ၊ ဘေးဒုက္ခမျိုးစုံက အသင့်စောင့်နေတတ်တယ်။

ဒီလိုအစွဲအလန်းကြောင့်လည်း မိစန်း မိုးမလင်းမိကတည်းက ခေါင်းတောက်အောင်ကြက်မ ရှာခဲ့ရတယ်။

ပစ္စည်းအားလုံးစုံတော့ ဒီကိစ္စတွေလုပ်နေကျ ဦးမောင်မြင့်ဆီ သွားရတယ်။

ကျုပ်ကို အကန်တော့အမွေးနဲ့တောင်းပန်ပေးဖို့ အကူအညီ တောင်းရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖတ်မောနေတဲ့ မိစန်းတစ်ယောက် ဦးမောင်မြင့် ကျတ် ကုန်းမြေပေါ်တွက်သွားမှ နားရတယ်။

သူယောကျ်ားတော အနားကပ်နိုင်တော့တယ်။

ညနေသုံးနာရီလောက်မှာ ဦးမောင်မြင့် ပြန်ရောက်လာတယ်။

"တောင်းပန်ခဲ့ပြီးပြီ။ နေကောင်းသွားမှာပါ ..."

ပြောသာပြောလိုက်ရတယ်။ ဦးမောင်မြင့် စိတ်တွေအရမ်းလေး နေတယ်။

ဆရာကြီးတင်တုန်းက ဘယ်သူနဲ့မှ မတိမခိုက်မိဘဲ ... ထောင်ထားတဲ့ အရက်ပုလင်းလဲကျသွားပုံက သူ့စိတ်ကို လေးလံစေတာဖြစ်တယ် ...

ထုံးစံအတိုင်းဆိုရင် အမကောင်းတဲ့နိမိတ်၊ တောင်းပန်တာကို လက်မခံတဲ့သဘော၊ တောအတွက် အခြေအနေ မကောင်း ဘူး။

မိစန်းကတော့ ဒီအကြောင်းတွေကို မသိဘူး။ ကျွေးမွေး တောင်းပန်ပြီးပြီ။

ကျတ်တွေက၊ သူ့ယောကျ်ားဆီက ရောဂါဝေဒနာတွေကို ပြန်နုတ်ယူမယ်။





အဲဒီအခါ သူ့ယောကျ်ား တော လူကောင်းပကတိနဲ့ ...ဂ်ရာကထလာမယ်။

ဒါပေမယ့်၊ မိစန်းထင်သလို ဖြစ်မလာခဲ့ဘူး။

တော တစ်ကိုယ်လုံး အပူတွေပိုကြီးလာတယ်။

သတိလစ်ပြီး မေ့မျောသွားလိုက်၊ သတိပြန်လည်လာလိုက် ...

အဲဒီညမှာ ကြောက်စရာ ခွေးအူသံကြီးကို ထပ်ကြားရတယ်။

ခွေးအူသံကြီးက နာနာဘာဝကောင်ကြီး ငိုနေသလိုပဲ။

အသည်းကုန်ဖို့ သိပ်ကောင်းတယ်။

ငှက်ဆိုးတွေကလည်း ဒီနေ့ညမှ ထိုးလိုက်တာ တဂီးဂီးနဲ့ ...

ညသန်းကောင်ကျော်မှာ တောတို့အိမ်ခြံရှေ့ကို ခွေးနက်ကြီး ...တ်လာတယ်။

အိမ်ဘက်လှည့်ပြီး ဖွဲ့ဆွဲငင်ငင်နဲ့ အဆက်မပြတ်အူတယ်...

ဒီအချိန်မှာပဲ၊ ငှက်ဆိုးတစ်ကောင်က "ဂီး" ခနဲ အော်သံကြီးနဲ့ ...အိမ်ပေါ်ထိုးဆိုက်ချလိုက်တယ် ...

အဲဒီအချိန်မှာပဲ၊ တောတစ်ယောက်၊ လူ့... ...ကနေ ...ထွက်ခွာသွားပါတော့တယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



(လေး)

ညဉ့်တစ္ဆေက သူ့ရဲ့အနက်ရောင်ခြုံထည်ကြီးကို ဖြန့်...
တယ်။

ပြီးတော့၊ လောကကြီးအပေါ်ကို လွှမ်းအုပ်လိုက်တယ်...

ထိတ်လန့်စရာ အမိုက်မှောင်ကြီးတစ်ခု ကွန်းနောက်ရွာ...
ပေါ်ကျရောက်သွားတယ်။

"ဝူး ... အု ... ဝူ ... အူး ... အု ... အူ...

ကျွတ်ကျန်းမြေဘက်ဆီက ချောက်ချားဖွယ်ရာ ခွေးအူသံ...
ပေါ်လာတယ် ...

ညပိုးပုရစ်တွေရဲ့ တစီစီ အော်မြည်သံတွေ ရုတ်ခြည်း...
သွားတယ်။

ဆူဆူညံညံ အသုဘဖဲဝိုင်းက အသံတွေလည်း အ...
တလန့်နဲ့ တိတ်ဆိတ်သွားတယ်။

"ခွေးနက်ကြီးလာပြီ ..."

ချောက်ချောက်ချားချားအမူအယာတွေက သူတို့မျက်...
အထင်အရှားပေါ်လာတယ်။

ကြောက်တတ်သူတွေ အလို့အလို့ ထပြန်ကြတယ်။

မရှိမဖြစ် အလောင်းစောင့်ဖဲဝိုင်းတစ်ဝိုင်းပဲကျန်ခဲ့တယ်...





အိမ်ရှေ့ခန်းက အလောင်းစင်နဲ့ ပြည့်နေလို့ ဖဲဝိုင်းက
အိမ်ရှေ့မြေပြင်မှာ ...

ကြောက်စရာအမှောင်ကြီးစိုးနေတဲ့ ညမှာ တောအလောင်းကို
ထွန်းပေးထားတဲ့ ဖယောင်းတိုင်မီးနဲ့ ဖဲဝိုင်းက ဘတ်ထရီ
ဖန်ချောင်းလေးရဲ့အလင်းသာ ကွက်ကွက်လေးလင်းနေတယ်။

ခွေးနက်ကြီးက ရွာလမ်းအတိုင်း အူလာတယ်။

အိမ်ရှေ့အရောက်မှာအူတဲ့ အသံကြီးကတော့ ဘယ်လိုကြီး
မှန်းမသိဘူး။

သည်းထိတ်ချောက်ချားဖို့ သိပ်ကောင်းတယ်။

အဲဒီနောက် ရွာတောင်ပိုင်းကနေ ပြန်ထွက်သွားတယ်။

"ခွေးနက်ကြီး ကျွတ်ကျန်းမြေဘက်ပြန်သွားပြီကွ ..."

ခုမှ အသံထွက်နိုင်ကြတယ်။

ကြောက်ရွံ့ထိတ်လန့်မှုတွေ အတန်အသင့် လျော့သွားတယ်...

ညကလည်း ပိုပြီးနက်လာတယ် ...

ဘယ်လောက်ကြာသွားတယ် မသိဘူး။

မိစန်းတစ်ရေးနိုးလို့ အိမ်ပေါ်လှမ်းကြည့်မိတော့ အိမ်ပေါ်မှာ
မှောင်မည်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သေနာကောင်တွေ၊ ဖဲပဲမဲနေကြတယ်။ အလောင်းစင်မီးမရှိတာတောင် မသိကြဘူး ..."

နတ်က ကိုင်ဆွဲရင်း မိစန်း အလောင်းကို မီးသွားထွန်းပေးဖို့ပြင်တယ်။

အတူအိပ်နေတဲ့ မကုလားမကို နှိုးတယ်။

ဖဲရိုက်နေတဲ့ လူတစ်ယောက်ဆီက လက်နှိပ်ဓာတ်မီးနဲ့ မီးခြစ်ခဏငှားတယ်။

သစ်တုံးတိုပေါ်ကနေပြီး အိပ်ကြမ်းခင်းပေါ်အတက် ...

ခြေတစ်ဖက်လှမ်းအတင် ...

ဝေ့ထိုးလိုက်တဲ့ ဓာတ်မီးရောင်အောက်မှာ ခွေးနက်ကြီး...၊

အလောင်းကောင်ရဲ့ ခေါင်းရင်းဘက်မှာ ...

ခွေးနက်ကြီးရဲ့ ပါးစပ်ထဲမှာ စားလက်စအစာတွေ တန်းလန်းနဲ့ ...

ဓာတ်မီးရောင်ဘက် လှည့်ကြည့်တယ် ...

"ဂဲ ... ဂဲ ..."

မိစန်းကို ဝမ်းခေါင်းသံကြီးနဲ့ ဟန့်ဖိတယ်။

"အမလေး ..."

မိစန်းတစ်ခွန်းပဲ အော်နိုင်လိုက်တယ်။





လဲကျမေ့မြောသွားတယ် ...

အော်သံ၊ ဆူသံ၊ လဲကျသံတွေ အလန့်တကြား ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။

ဖဲဝိုင်းက လူတွေပြေးလာတယ် ...

"ဘာဖြစ်တာလဲ ..." "ဘာဖြစ်တာလဲ ..."

"ခွေးနက်ကြီး ... ခွေးနက်ကြီး ... ခွေးနက်ကြီး..."

မကုလားမက မိစန်းကို ပွေ့ထားရင်း အထစ်ထစ်အငေါ့ငေါ့ပြောတယ်။

"မရှိပါဘူး ... စိတ်ထင်လို့ပါ ..."

ပြောရင်းဆိုရင်း ဖယောင်းတိုင်မီးထွန်းလိုက်တယ် ...။

"အို ..."

"အား ..."

"အမလေး ..."

ထိတ်လန့်တုန်လှုပ်စရာမြင်ကွင်း ...

တောရဲ့ အလောင်းကောင်မှာ မျက်နှာတစ်ခြမ်းမရှိတော့ဘူး ...။

သွေးတရဲရဲ၊ သံတရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက် အသားအစအနတွေက အလောင်းစင်အောက် ကြမ်းပြင်ပေါ်မှာ ...

www.burmeseclassic.com



ဆော်ဂလီဆန်စရာ ပြန့်ကျဲနေတယ်။

တျဘ်ကုန်းမြေက နာနာဘာဝရဲ့ လက်စားချေမှုကတော့ ထိတ်လန့်ကြောက်ရွံ့စရာကောင်းလှပါတယ်။

(၆)

"ငါတို့ မိသားစုနေတဲ့သစ်ပင်ကို ခုတ်လှဲတဲ့ကောင် ဒုက္ခတွေ့စေရမယ် ...၊

ငါ့သားသမီးတွေရဲ့ခြေထောက်နဲ့ မျက်နှာဒဏ်ရာရသလို နင့်ခြေထောက်နဲ့ နင့်မျက်နှာကိုလည်း ဒဏ်ရာတွေရအောင် လုပ်ပြမယ် ..."

မကုလားမကို ကျဟ်ဝင်ပူးတုန်းက ပြောခဲ့တဲ့စကား ...။

ဒီတုန်းက တောမသေသေးဘူး။

ခြေထောက်ဒဏ်ရာကြောင့် ကယောင်ကတမ်းဖြစ်နေချိန်။

ခုတော့၊ တော့မျက်နှာတစ်ခြမ်းကုန်အောင် စားသွားတယ်...

သူ့သားသမီးတွေ ခြေထောက်နဲ့ မျက်နှာဒဏ်ရာရသလို တော့ကိုလည်း ခြေထောက်ရော၊ မျက်နှာပါ ဒဏ်ရာရအောင် လက်စားချေနိုင်ခဲ့ပါတယ် ...





ပရလောကသား နာနာဘာဝတွေရှိတယ်ဆိုတာကို ယုံကြည်မယုံကြည်သူ ရှိသလို ...

တောရဲ့အဖြစ်အပျက်တွေနဲ့ ပတ်သက်လို့လည်း နာနာဘာဝက လက်စားချေခြင်းလို့ လက်ခံသူ၊ လက်မခံသူ ကွဲပြားပါတယ် ...

ဒါပေမယ့် ...

တောဒဏ်ရာရတဲ့ညမှာမှ ကြောက်မက်ဖွယ် အသံကြီးနဲ့ ထူးခြားခြား ရောက်လာတဲ့ ခွေးနက်ကြီး ...

မကုလားမကို ကျဟ်ဝင်ပူးတဲ့ကိစ္စ၊ တောအလောင်းကို မျက်နှာတစ်ခြမ်းကုန်အောင် ခွေးစားခံရတာတွေကတော့ ...

ကွန်းနောက်ရွာလေးမှာ ဒီနေ့တိုင်အောင် ကြက်သီးတထထနဲ့ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြောနေကြဆဲဖြစ်ပါတော့တယ်။ ။

(ဖြစ်ရပ်မှန်မှတ်တမ်း)

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com

# မရဏစက္ကန့်(၁)

## (တစ်)

ကံကြမ္မာဆိုးရဲ့ မရဏစက္ကန့်က တရွေ့ရွေ့ချဉ်းကပ်လာနေတယ်။

ဒါကို ဘယ်သူမှ မသိကြဘူး၊ သတိလည်းမမူမိကြဘူး ...။

တကယ်တော့လဲ စက္ကန့်ပိုင်းမျှသာကြာမြင့်တဲ့ မရဏစက္ကန့်ကို ...

ပုထုစဉ် ဘယ်သူမဆို၊ ဘယ်လိုနည်းနဲ့မှ သိစွမ်းနိုင်မှာမဟုတ်ပါဘူး ...

ဘာကြောင့်လဲဆိုတော့ ...

ကံကြမ္မာဆိုးကိုဖန်တီးတဲ့မိစ္ဆာကောင်ဟာ အလွန်ကျွမ်းကျင်လိမ္မာတဲ့ ဇာတ်ညွှန်းခွဲဆရာတစ်ဦးဖြစ်တဲ့ အတွက်ကြောင့်ပါ ...





ဒါ့အပြင် ...

သူဟာ အလွန်ကောက်ကျစ်စဉ်းလဲတဲ့ မှော်ပညာရှင်လည်း ဖြစ်ပါတယ် ...။

သူက ... တစ်နေရာစီက ဇာတ်ကောင်တစ်ကောင်စီကို သီးခြားစီဖြစ်တဲ့ အဖြစ်အပျက်တစ်ခုစီဖြစ်အောင် ဖန်တီးတယ်...

နောက်ဆုံးမရဏစက္ကန့်ရောက်မှ သူတို့အားလုံးကို မရဏဆုံရပ်မှာ ဆုံဖြစ်အောင် ...

အကြောင်းနာတရားကင်းကင်းနဲ့ ရက်စက်ကြမ်းကြုတ်ပစ်တတ်တယ် ...

မရဏဆုံရပ်ကို စက္ကန့်ပိုင်းလောက်နောက်ကျပြီး ရောက်သွားရင်ဖြစ်ဖြစ် ...

စက္ကန့်ပိုင်းလောက်စောပြီး ဖြတ်ကျော်သွားရင်ဖြစ်ဖြစ်...

မိစ္ဆာကောင်ရဲ့ မရဏစက္ကန့်က လွတ်မြောက်သွားမှာ သေချာတယ် ...

ဒါပေမယ့် မိစ္ဆာဆိုးရဲ့ ဇာတ်ကွက်၊ ဇာတ်လမ်းကို ဘယ်သူမှ မသိဘူး ...

တစ်စွန်းတစ်စမှလည်း မရိပ်မိတဲ့အတွက် ဘယ်လိုလူမှ ကြိုတင်ရှောင်တိမ်းဖို့ တတ်စွမ်းနိုင်ကြမှာ မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မိစ္ဆာဆိုးက ရွေးချယ်ထားတဲ့ မရဏစက္ကန့်အရောက် ...

သူတို့အားလုံး မရဏဆုံရပ်မှာ ဆုံမိလိုက်ကြတယ် ...

အဲဒီနောက်မှာတော့

ကြေကွဲဖွယ်အနိဋ္ဌာရုံတွေ ...

သွေးပျက်ချောက်ချားစရာအဖြစ်အပျက်တွေနဲ့ ရုတ်တရက် ရင်ဆိုင်ကြုံတွေ့ရပါတော့တယ် ...။

(နှစ်)

အချိန်က ဂိမှာန်ရာသီရဲ့ နွေဦးရာသီ ...

နေမင်းရဲ့ မီးတောက်မီးလျှံတွေအရှိန်နဲ့ ကညွတ်ကွင်းမြို့လေးဟာ ကြွပ်ဆတ်နေတယ် ...

နေရှိန်အသည်းဆုံးမွန်းတည့်ချိန်မှာ မီးလောင်မှုတစ်မှုဖြစ်ပွားတယ်။

မှန်တိုင်ရပ်ကွက်မှာ လောင်ကျွမ်းတာဖြစ်ပြီး မီးကြွင်းမီးကျန်ကနေပြီး လောင်ကျွမ်းတာပါ။

ရပ်ကွက်လူထု ညီညာမှုကြောင့် မီးနှစ်အနည်းငယ်နဲ့ ငြိမ်းသွားတယ် ...



မီးလောင်တဲ့အိမ်က မီးဖိုဆောင်တစ်ခုသာ ဆုံးရှုံးပြီး ပတ်ဝန်းကျင်အိမ်တွေကို ကူးစက်လောင်ကျွမ်းတာမရှိခဲ့ဘူး ...

ကြမ္မာဆိုးရဲ့ နတ်မိစ္ဆာက သူ့ဇာတ်လမ်းကို ဒီလိုပဲ စတင်လိုက်တယ် ...။

ကြမ္မာဆိုးကြုံရမယ့် သူ့ဇာတ်ကောင်တွေက ကညွတ်ကွင်းမြို့လေးမှာ မရှိဘူး ...။

မှန်တိုင်ရပ်ကွက်မှာ နေတာမဟုတ်ဘူး ...

သူတို့နေတာက ...

ကညွတ်ကွင်းမြို့လေးရဲ့အနောက်ဘက် (၁)မိုင်လောက်အကွာက ရွာလေးတစ်ရွာမှာ ...

မရဏစက္ကန့်က ဒီနေ့ညနေ (၅)နာရီတိတိမှာ ...

မရဏဆုံရပ်ကလည်း ကညွတ်ကွင်းမြို့မြောက်ပိုင်း၊ မိုလ်တဲရပ်ကွက်၊ ကားလမ်းနံဘေးမှာ ...

လယ်ယာလုပ်ငန်းခွင်မှာပဲ လုံးပန်းနေကြရတဲ့ ...

ကိုယ့်ကြီးငယ်မရှိရင်း ကညွတ်ကွင်းမြို့လေးဆီ မလာတတ်တဲ့ သူ့ဇာတ်ကောင်တွေကို ...

သွေးဆောင်ခေါ်ယူတဲ့အနေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်ရပ်ကွက်မှာရှိတဲ့ သူတို့နဲ့ဆွေမျိုးသားချင်း တော်စပ်သူရဲ့နေအိမ်ကို မီးလောင်မှုဖြစ်စေတဲ့ …

နတ်မိစ္ဆာရဲ့မရဏဇာတ်က၊ စကတည်းက ရက်စက်မှုတွေနဲ့ ပြည့်နေတယ် …။

မီးလောင်နေတာကို ကညွတ်ကွင်းမြို့အနောက်ဘက် (၁)မိုင်လောက်မှာရှိတဲ့ …

ရွာလေးကလည်း လှမ်းမြင်နေရတယ်။

မီးလောင်တဲ့အိမ်က မြို့ပြင်အစပ်မှာ။

မြို့နဲ့ရွာကြားမှာလည်း ရိုးပြတ်ကျိုးကျဲလယ်ကွင်းတွေ၊ မြို့မှာ မီးလောင်နေတဲ့မြင်ကွင်းကို ရွာပြင်ကနေထွက်ကြည့်ကြတယ် …။

အဲဒီမှာပဲ မုန်တိုင်ရပ်က ဆွေမျိုးသားချင်းတော်စပ်သူရဲ့ အိမ် (အမှမဟုတ်) သူ့အိမ်အနီးမှာ မီးလောင်နေတာလို့ ခန့်မှန်းမိကြတယ်။

တတ်စွမ်းသမျှ ကူညီဖို့ သားချင်းတွေစုပြီး ကညွတ်ကွင်းမြို့ဆီသို့ လှည်းတွေ ခုန်းဆိုင်းပြီး မောင်းလာခဲ့ကြတယ်။

စုစုပေါင်း နွားလှည်းသုံးစီး၊ လူဆယ့်ငါးယောက် …

သူတို့လှည်းတွေ မုန်တိုင်ရပ်ကွက် ရောက်တော့မီးကငြိမ်းသွားပြီ။





မီးလောင်ခံရတဲ့ သားချင်းအိမ်မှာ သတင်းမေး၊ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးပြီး သူတို့အားလုံး ပြန်ခဲ့ကြတယ် …

မုန်တိုင်ရပ်ကွက်ကထွက် …

ရန်ကုန်၊ မန္တလေး ကားလမ်းမကြီးနဲ့ ကပ်ရက် လှည်းလမ်းအတိုင်း မောင်းလာခဲ့ကြတယ် …

ဈေးတန်းဟောင်းရပ်ကွက်ကိုကျော်ပြီး ဗိုလ်တဲရပ်ကွက်ကို ရောက်လာကြပြီ။

အဲဒီအချိန်မှာ ဆိုင်းသံဗုံသံတဖြိမ့်ဖြိမ့်နဲ့ နတ်ကန္နားပွဲတစ်ခုကို တွေ့လိုက်ကြရပါတယ်။

နတ်မိစ္ဆာက …

သူ့ဇာတ်လမ်းနဲ့ မသက်ဆိုင်တဲ့ လှည်းနှစ်စီးကို ရှာကိုတောက်လျှောက်ဆက်သွားစေတယ်။

ကြမ္မာဆိုးကြုံရမယ့်အမျိုးသမီးငယ်သုံးဦးပါတဲ့လှည်းကို တော့နတ်ကန္နားရှေ့ခဏ ရပ်နားစေလိုက်တယ်။

မိနစ်အနည်းငယ်လောက် နတ်ကန္နားပွဲကြည့်ဖို့ သွေးဆောင်လှည့်စားလိုက်တယ်။

ဒီလိုလှည့်စားသွေးဆောင်ရတဲ့ အကြောင်းက …



www.burmeseclassic.com

www.burmeseclassic.com



မရဏဆိုရပ်ကို မရဏစက္ကန့်မှာ ရောက်လာရမယ် ...

သီးခြားဖြစ်စဉ်တစ်ရပ်ကို စောင့်ဆိုင်းဖို့ကလွဲပြီး အခြား အကြောင်းမရှိတော့ပါဘူး။

(သုံး)

ကုန်တွေအပြည့်အမောက်တင်လာတဲ့ ဆယ်ဘီးကားကြီးက ကညွတ်ကွင်းမြို့လေးဆီကို ဦးတည်မောင်းနှင်လာတယ်။

တင်ထားတဲ့ကုန်တွေက ကားဘော်ဒီအထက် လေး ငါးပေ လောက်မြင့်နေတယ် ...

ကားက တစ်ခြမ်းစောင်းကြီး သွားနေသလိုပဲ။

ကားကြီးရဲ့ခရီးအစက အထက်အညာ ခရိုင်မြို့ကြီးတစ်မြို့က ဒီနေ့နဲ့ဆို သုံးညအိပ်ခရီးကြာခဲ့ပြီ ...

တောင်ငူမြို့အဝင် လမ်းပေါ်မှာ ခွေးတစ်ကောင်ကို မတော်တဆ ကြိတ်မိခဲ့တယ်။

ဒီကိစ္စနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတာကလွဲပြီး ခရီးစဉ်က ချောချောမွေ့မွေ့၊ အေးအေးချမ်းချမ်းပါပဲ။

ကားက အုတ်တွင်း၊ ကျွဲပွဲ၊ ဗေယျာဝတီမြို့တွေကို အစဉ် အတိုင်းဖြတ်ကျော်ပြီး မြူးမြို့အဝင်က ဝဲဒေါင့်ကိုရောက်လာတယ်...





အခုအချိန်က နေ့လည် (၁၂)နာရီတိတိ။

ဒီအချိန်၊ မုန့်တိုင်းရပ်ကွက်ထဲက အိမ်တစ်အိမ်မှာ မီးလောင် နေပြီ။

ကားဆရာက ဝဲဒေါင့်ကထမင်းဆိုင်မှာ 'ထမင်းစားမယ်။ နေပူလွန်းလို့ တစ်ရေးတစ်မော' အိပ်မယ်။

ညနေ နေအေးမှ ကားကို ဆက်မောင်းမယ်လို့ စဉ်းစား တယ် ...

ကားကို ထမင်းဆိုင်တစ်ဆိုင်ရှေ့ ထိုးရပ်လိုက်တယ်။

စပယ်ယာကိုခေါ်ပြီး ထမင်းဆင်းစားကြတယ် ...

စားပြီးတာနဲ့ ကားအနီးက သစ်ပင်ရိပ်မှာ အိပ်ဖို့ စီစဉ် လိုက်တယ် ...

ဒါပေမယ့်၊ သူ့စိတ်တိုင်းကျ နားခွင့်မရှိဘူး။

သူတို့လှုပ်ရှားနေရင်းက နတ်မိစ္ဆာဆိုးရဲ့ ဇာတ်ညွှန်းအတိုင်း မဟုတ်လား ...

ကဆိုရင်ကရမယ်၊ ရယ်ဆိုရင် ရယ်ရမယ်၊ ငိုဆိုငိုရမယ်လေ။

ဒါကြောင့်ပဲ၊ အိပ်ဖို့ခင်းထားတဲ့ အိပ်ရာတွေကို ပြန်သိမ်း လိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



"တောကျွဲအင်းရောက်မှ တစ်ရေးအိပ်မယ်ဟေ့၊ ခုတော့ ခရီးဆက်ကြဦးစို့ ..."

အရိုင်ဘာရဲ့စကားကြောင့် စပယ်ယာအုံ့အားသင့်သွားတယ်။

ဒါပေမယ့် ဘာမှပြောလို့မရဘူး။

စိတ်မသက်မသာနဲ့ဘဲ အိပ်ရာလိပ်ကို အရိုင်ဘာရဲ့နောက်ဖက်ခန်းထဲ ပစ်ထည့်လိုက်ပါတော့တယ် ...

(လေး)

နတ်ဒိုးသံတွေက မြူးမြူးကြွကြွ၊ စည်စည်ညံညံနဲ့ ...။

ပိုး၊ ဖဲ၊ ကတ္တီပါ၊ အဝတ်အစားဝေ တောက်တောက်ပြောင်ပြောင်တွေဝတ်ထားတဲ့ ...

နတ်ကတော်တွေရဲ့ ကဟန်ကလည်း ...

သွက်သွက်လက်လက်၊ ခန့်ခန့်ထည်ထည် ...

ဆိုင်းဝိုင်း၊ အဆိုတော်အမျိုးသမီးက နတ်ချင်းတစ်ပုဒ်ကို ဝိုင်ဝိုင်နိုင်နိုင် သီဆိုနေတယ် ...

ပရိသတ်တွေရဲ့ နတ်ချင်းလိုက်ဆိုသံ၊

သွေးကြွအားပေးသံတွေနဲ့ ...

နတ်ကန္နားပွဲကြီးတစ်ခုလုံး မြူးကြွပျော်ရွှင်ဆူညံနေတယ်...





နတ်ကန္နားရှေ့မှာ လှည်းကိုရပ် ...

လှည်းပေါ်တမတ်တစ်ရပ်ကြည့်နေတဲ့ မိန်းကလေးငယ်တွေလည်း နတ်ပွဲက မျှော်နိုင်အောင် ဖြစ်နေတယ်။

သူတို့လေးတွေရဲ့စိတ်ထဲမှာပါ ကချင်၊ ခုန်ချင်သလို ဖြစ်နေတယ် ...

ဒါပေမယ့် ... ဒီနေ့၊ ဒီရက်မှာ သူတို့ကို ထိန်းချုပ်နေတာက ...

နတ်မိစ္ဆာတစ်ကောင် ...

ဆယ်ဘီးကားကြီးက မရဏဆိုရပ်ကို တစ်စတစ်စနီးကပ်လာနေပြီ ...

မရဏ စက္ကန့်ကလည်း တစ်ထစ်ချင်း တစ်ထစ်ချင်း ချဉ်းကပ်လာနေပြီ ...

"လှည်းမောင်းပြီးထွက်တော့ ..."

နတ်မိစ္ဆာက လှည်းမောင်းသူရဲ့ စိတ်ကို ညှို့ယူစေခိုင်းလိုက်တယ် ...

"ကဲ၊ သွားကြစို့ဟေ့၊ လှည်းပေါ်ပြန်ထိုင်ကြ"

မိန်းကလေးငယ်သုံးယောက် လှည်းပေါ်ပြန်ထိုင်ကြတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နေရာတကျဖြစ်တာနဲ့ လှည်းသမားကလှည်းကို မောင်းထွက်လိုက်တယ် ...

မကြာ ... မကြာလိုက်ပါ။

ကိုက်တစ်ရာလောက်သာ လှည်းကို မောင်းရသေးတယ်။

ရှေ့တူရူက ယိုင်ထိုးယိုင်ထိုးမောင်းလာတဲ့ ကုန်အပြည့် အမောက်နဲ့ ဆယ်ဘီးကားကြီးကို လှည်းသမားမြင်နေရတယ် ...

မိမိတို့ရှေ့နားမလှမ်းမကမ်းအရောက်မှာ "အုန်း"ခနဲ မြေကြီး တုန်သွားတဲ့ ကားဘီးပေါက်သံကြီးရုတ်တရက်ကြားလိုက်တယ်...

ကားကြီးဟာ လမ်းပုခုံးပေါ်တိုင် ဆွဲချလာတယ် ...

မောင်းလာတဲ့ သူတို့လှည်းနဲ့တည့်တည့်အရောက်မှာ လှည်း ပေါ်ကို ကားကြီးပြိုကျလာတယ် ...

လျှပ်တစ်ပြက် တွေ့လိုက်ရတာတွေက ရုပ်ရှင်အနှေးပြကွက် ပျော့လိုပဲ ...

လှည်းမောင်းသမားဟာ ကိုင်ထားတဲ့နှင်တံနဲ့ နွားဖားကြီး အစုံကို လွှတ်ချပြီး လှည်းပေါ်ကခုန်ချလိုက်တယ်။

သူ ဘေးလွတ်ရာရောက်ချိန်မှာ လှည်းကိုပြန်ကြည့်လိုက် တယ်...





သေကံမရောက်တဲ့ နွားတစ်ကောင်က ထမ်းပိုးတုံးက လွတ် နေတယ် ...။

ကျန်တဲ့လှည်းတစ်စီးလုံးကတော့ ဆယ်ဘီးကားကြီးရဲ့အောက် မှာ စိစိညက်ညက်ကြေနေတယ်။

ကားကြီးအောက်က ကယ်ပါ၊ သူပါ၊ တစာစာအော်နေတဲ့ အုပလေးတွေရဲ့အသံကြောင့် သူ့အရူးတစ်ပိုင်း ဖြစ်သွားတယ်။

ဘေးတောင်းမှောက်နေတဲ့ ဆယ်ဘီးကားကြီးကို ပုခုံးနဲ့ထမ်းပြီး မ ဖို့ကြိုးစားတယ်။

မရနိုင်မှန်းသိတော့ ...

ကားအောက်က မြေကြီးတွေကို လက်တွေနဲ့ ယက်ထုတ် မြန်တယ် ...

ကားပိတဲ့နေရာကို လူအုပ်ကြီး ချက်ချင်း ရောက်လာတယ်။ ကားအောက်မှာ ပိနေတဲ့ မိန်းကလေးသုံးယောက်ကို ကယ် ဖို့ ကြိုးစားကြတယ် ...

အစပထမမှာ ကားဘီးအောက်ဆီက မသဲမကွဲ ညည်းတွား သံတွေ ကြားနေရသေးတယ်။

တဖြည်းဖြည်းအသံတွေ တိုးလာတယ် ...

မကြားတစ်ချက်၊ ကြားတစ်ချက်ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားပါတော့မယ် ...

နာရီတော်တော်ကြာမှ ကရိန်းကားတစ်စီးနဲ့ ဆယ်တီးကားကြီးကို ဆွဲထုမယူနိုင်ခဲ့ပါတယ် ...

အဲဒီအချိန်မှာ ကြမ္မာဆိုးနဲ့ ကြေကွဲဘွယ်သေပွဲဝင်ရရှာတဲ့ မိန်းကလေးငယ်တွေရဲ့အလောင်းနဲ့ နွားသေတစ်ကောင်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကြရပါတော့တယ် ...

နတ်မိတ္တူရဲ့ အကြင်နာကင်းမဲ့တဲ့ ဟားတိုက်ရယ်မောသံတွေက

မရဏဆုံရပ်ဝန်းကျင်မှာ ...

လအတန်ကြာသည်ထိအောင် ...

လွင့်ပျံ့ ခြောက်လှန့်နေပါတော့တယ် ...။

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ မြစ်ရပ်မှန်ဝတ္ထုစဉ်

✦ ✦ ✦

# မရဏစက္ကန့် /၂

## (တစ်)

၁၉၉၅ ခုနှစ်ရဲ့ နွေဦးကာလ ရက်တစ်ရက်မှာဖြစ်ပါတယ် ...

ကားအိုင်ဘာ ကိုသောင်းကြည်မောင်းလာတဲ့ ကုန်တင်လော်လီကားက :

ကားလမ်းမိုင်တိုင်အမှတ် ၁၃၂/၀ နဲ့ ၁၃၂/၁ အကြားမှာ စက်ပျက်ပြီး ရပ်တန့်သွားတယ် ...

ကားပျက်တဲ့နေရာက ကညွတ်ကွင်းမြို့ ဈေးတန်းဟောင်းရပ်မှာဖြစ်ပြီး၊ ရဲစခန်းရဲ့ တောင်ဘက်ကပ်ရပ်မှာပါ ...

www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာက စတင်ထွက်ခွာလာပြီး ပဲခူးမှာ နှမ်းဖတ်အိတ်တွေချ၊

ရန်ကုန်ကို ခရီးဆက်ရမယ် ...

အခုတော့ ဘီးတစ်လိမ့်စာ တောင်ရွေ့ကို မတိုးနိုင်တော့ဘူး...

ရောက်တဲ့နေရာမှာ မရွေ့စတမ်း ရပ်နေရပြီ။

ကိုသောင်းကြည်ကားကို စစ်ဆေးကြည့်တယ် ...

လိုအပ်တဲ့စက်ပစ္စည်းနဲ့ ကားရဲ့အခြေအနေကို မိတ္ထီလာက ကားအုံနာဆီ အိပ်ချိန်းကတစ်ဆင့် ပုန်းဆက်အကြောင်းကြားတယ်...

အုံနာက ကပ်စီး၊ စက်ပစ္စည်းကလည်း တန်ဖိုးကြီးတယ်။

"ပစ္စည်းပို့ပေးမယ်၊ စောင့်နေပါ"လို့မှာတယ်။

ဒီအကြောင်း ကားပျက်တဲ့နေရာကပဲ ကိုသောင်းကြည် စောင့်နေရတယ်။

အလဟဿ အချိန်ဖြုန်းနေရတာကို သူမကြိုက်ပေမယ့် အနားယူရတာပေါ့လို့တွေးပြီး အေးအေးဆေးဆေးပဲ နေလိုက်တယ်။

ဒါပေမယ့် ...



သူရဲ့အနားယူမှုဟာ ...

တစ်ဘဝစာအတွက် နောက်ဆုံး အနားယူတာလို့များ သူကြိုတင်သိခဲ့ရင် ...

ဒီနေရာကလည်း သူရဲ့ မရဏဆုံရပ်ဖြစ်ပြီး ...

မရဏစက္ကန့်ထိအောင် စောင့်ဆိုင်းနေရတယ်ဆိုတာသာ ကြိုတင်သိရင် ...

သူ ခုလို အေးအေးဆေးဆေး နေနိုင်ပါ့မလား ...

ကြိုတင်ကာကွယ်မှုတွေကို သူဘယ်လို ဆောင်ရွက်မလဲ သိချင်ပါတယ် ...

ဒါပေမယ့်၊ ခုချိန်မှာတော့ ...

သူတာ ဘာကိုမှ ကြိုတင်သိခွင့်မရှိခဲ့ဘူး ...

ဒါကြောင့်လည်း ...

နတ်မိစ္ဆာရဲ့ ကံကြမ္မာဇာတ်လမ်းကို ကပြဖို့ ...

မရဏ စက္ကန့်ရောက်တဲ့အထိ ...

မရဏဆုံရပ်မှာ သူစောင့်ဆိုင်းနေရပါတော့တယ် ...။

www.burmeseclassic.com

www.burmeseclassic.com



(နှစ်)

ရန်ကုန်၊ မန္တလေးကားလမ်းပေါ်မှာ ဖြစ်ပေမယ့် သူကားမျက်နေတဲ့နေရာက နည်းနည်းကျဉ်းနေတယ် ...

နောက်က ကျော်တက်မယ့်ကား ...

မျက်နှာချင်းဆိုင်က လာတဲ့ကား ...။

ဘယ်ကားပဲဖြစ်ဖြစ် ... သူ့ကားကို ဝဲဘက်ကားလမ်းပေါ်က ရှောင်တိမ်းမောင်းရမယ်။

သူ့ကားနဲ့လွတ်အောင် ဝဲဘက်က လမ်းပုခုံးပေါ်ထိ ဘီးတစ်ဖက်ချပြီး ရှောင်မောင်းရမှာရမယ်။

သူ့ကားကတော့ ဒါထက်ပိုပြီး ဘေးကပ်ရပ်လို့မရတော့ဘူး ...။

သူ့ကားဘီးတွေက ကတ္တရာလမ်းဆုံးအစွန်းကို ရောက်နေပြီ ...

ညာဘက်လမ်းပုခုံးပေါ်ချရပ်လို့လည်း မဖြစ်ဘူး ...

လမ်းပုခုံးက ကတ္တရာမျက်နှာပြင်ထက် (၆)လက်မလောက်နိမ့်ကျနေတယ်။

ညာဘက်လမ်းပုခုံးပေါ် ဘီးချရပ်တာနဲ့ သူ့ကား ညာတစ်ခြမ်းစောင်းသွားမယ်။

[redacted]



တင်ထားတဲ့ကုန်တွေရဲ့အလေးချိန်ကြောင့် ညာတစ်ခြမ်းစောင်းလဲကျသွားနိုင်တယ် ...

ဒါ့ကြောင့် ကားပြင်လို့ မပြီးမချင်း ကားကို ဒီအတိုင်းပဲထားရမယ် ...

ကိုသောင်းကြည်က သူ့ကားဘေးကင်းဖို့ လိုအပ်တာတွေကိုလုပ်တယ် ..

စပယ်ယာကောင်လေးနဲ့အတူ ကျောက်တုံးခပ်ကြီးကြီးတွေရှာတယ် ...

ကားရဲ့ရှေ့ဘက်၊ နောက်ဘက်တွေမှာ ချထားတယ်။

ပုန်ရဲ့ အစွန်းအထင်းတွေကြောင့် မှိန်ဖျော့နေတဲ့ ရောင်ပြန်တွေကိုလည်း ရေဆေး၊ အဝတ်နဲ့သုတ်ပြီး ရောင်ပြန်အားကောင်းအောင်လုပ်တယ် ...

ပထမနှစ်ရက် ထူးခြားမှုမရှိဘူး။

တတိယမြောက်နေ့ကို ရောက်လာတယ်။

တတိယမြောက်နေ့က ကိုသောင်းကြည်ရဲ့ မရဏစက္ကန့်ကျတဲ့နေ့။

အဲဒီနေ့မနက်ပိုင်းက စပြီးထူးခြားမှုတွေကြုံတွေ့လာရတယ်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



(သုံး)

နတ်မိတ္တာဆိုးက ကိုသောင်းကြည်လုပ်ဆောင်ထားတဲ့ အကာ အကွယ်တွေကို တတိယမြောက်နေ့မှာ ဖျက်ဆီးပစ်လိုက်တယ်...

မျက်နှာချင်းဆိုင်က ကားကို ဘေးကပ်ပြီး ရှောင်ပေးရမယ့် ဒိုင်နာက ကိုသောင်းကြည်ရဲ့ကားနောက်မှာ ရပ်လိုက်တယ် ...

ဒါပေမယ့် အရှိန်ရလာတဲ့အတွက် ကျောက်တုံးအရံအတားကို ကျော်ပြီး ကိုသောင်းကြည်ရဲ့ကားနောက်မြီးကို ဝင်တိုးမိတယ်။

အရှိန်က အနည်းငယ်သာရှိလို့ ဖျက်စီးမှုမရှိပေမယ့် ဝဲဘက် ရောင်ပြန်ပြားမှန် ကြေမွသွားတယ်။

ရောင်ပြန် စတေကာတစ်ခုဝယ်ကပ်ဖို့ ကိုသောင်းကြည် စိတ်ကူးလိုက်တယ် ...

ဒါပေမယ့် ... နတ်မိတ္တာဆိုးက ...

အဲဒီစိတ်ကူးကို အကောင်အထည်မပေါ်အောင်လှည့်လိုက် တယ်...

ဒါနဲ့ပဲ ရောင်ပြန်စတေကာကပ်ဖို့ကိစ္စ ကိုသောင်းကြည် မေ့လျော့သွားရတယ် ...



ည (၈)နာရီလောက်မှာ ကိုသောင်းကြည် ညစာစားဖို့ ပြင်တယ်။

ကားခေါင်းခန်းထဲက စက်ခုံပေါ်ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းတယ်။

စပယ်ယာဝယ်ပေးတဲ့ ဟင်းချိုင့်တွေချပြီး ထမင်းစားတယ်...

အဲဒီအချိန်မှာ မရဏစက္ကန့်ဟာ တဖြည်းဖြည်းနီးကပ်လာနေ ပြီ ...

အဲဒီအချိန်မှာပဲ ...

နတ်မိတ္တာရဲ့ ဒုတိယဇာတ်ကောင်ကလည်း ကုန်ကားကြီး တစ်စင်းကို မောင်းနှင်လာနေပြီဖြစ်တယ် ...

စက္ကန့်တွေ ရွေ့လျားနေတာနဲ့အတူ အဲဒီကုန်ကားကြီးက လည်း ကိုသောင်းကြည်ရဲ့ကားနဲ့ နီးသည်ထက်နီးကပ်လာနေ တယ် ...

မကြာမီမှာပဲ ရှေ့ကားလမ်းပေါ်က ရောင်ပြန်မှန်အလင်း တစ်ခုကို ကုန်ကားမောင်းသူတွေ့လိုက်တယ်။

သူက ကားကို အရှိန်မြှင့်လိုက်တယ်။

ရောင်ပြန်ပြားရဲ့ ဘေးကနေကပ်ပြီး ရှောင်လိုက်တယ်...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူမမျှော်လင့်တဲ့၊ မယုံကြည်နိုင်စရာဖြစ်ရပ်နဲ့ ရုတ်တရက် ကြုံတွေ့လိုက်ရတယ် …

သူ့ရဲ့ ကုန်တင်ကားက၊ ရှေ့မှာရပ်ထားတဲ့ ကားကြီး တစ်စင်းရဲ့နောက်ပိုင်းကို ပြင်းထန်တဲ့အရှိန်နဲ့ ဝင်တိုက်လိုက်ပါတော့တယ်…။

(ထေး)

ကိုသောင်းကြည်ထမင်းစားနေတုန်း "ဂုန်း"ခနဲ အသံကြီး ကြားလိုက်တယ် …

သူ့တစ်ကိုယ်လုံး တုန်ခါသွားတယ်။

သူ့ကားကို နောက်ဘက်က ကားတစ်စီးစီး ဝင်တိုက်ပြီဆိုတာ သူချက်ချင်းသိလိုက်တယ် …

ကားရှေ့ခန်းတံခါးကို ဖွင့်ပြီးခုန်ချလိုက်တယ်။

ဒါပေမယ့် နတ်မိစ္ဆာရဲ့မရဏအမိန့်က သူ့ဆီကျရောက်နေပြီဖြစ်တယ် …

နောက်ဘက်က ပြင်းပြင်းထန်ထန်ဝင်တိုက်လိုက်တဲ့အတွက် သူ့ကားက ရှေ့ကိုလိမ့်သွားရမှာဖြစ်တယ် …

ဒါပေမယ့် ဂျမ်းတုံးနဲ့ ကျောက်ခဲကြီးတွေ ဘီးရှေ့က ခံထားတဲ့အတွက် ကားကရှေ့ကို လိမ့်မသွားနိုင်ဘူး။





ကိုသောင်းကြည်ခုန်ချရာဘက်ကို ကားကြီးလဲပြိုကျလာတယ်…

သူ့ခြေထောက်တွေ ကားခေါင်းအောက်ရောက်သွားတယ်…

မြေပြင်နဲ့ဖိညှပ်ပြီး ကြေမွသွားတယ် …

အသည်းခိုက်အောင်ခံစားလိုက်ရတဲ့ နာကျင်မှုကြီးကြောင့် သူ့ဆီက ကြောက်စရာအော်သံကြီးထွက်လာတယ် …

အဲဒီအချိန်မှာ ခါးအပေါ်ပိုင်းက ကားခေါင်းထဲမှာပဲ ရှိနေသေးတယ် …

ဒီအချိန်မှာပဲ ပြုတ်ကျလာတဲ့ ဖယောင်းတိုင်ကြီးက မီးမငြိမ်းပဲ သူ့ရင်ဘတ်ပေါ်ကို ဖျတ်ခနဲပြုတ်ကျလာတယ် …!

ခြေထောက်အရိုးတွေ ကျိုးကြေနာကျင်လို့ သေမတတ်ခံစားနေရတဲ့ကြားက ဖယောင်းတိုင်ကို ဖယ်ရှားဖို့ သူ့လက်တွေ လှုပ်ရှားလိုက်တယ် …

ဒါပေမယ့် နတ်မိစ္ဆာဆိုးရဲ့ လှုပ်ရှားမှုက သူ့ထက်ပိုလျင်မြန်တယ် …

ဆီတိုင်ကီအဖုံးကို ပွင့်စေလိုက်တယ် …

လဲကျနေတဲ့ ကိုသောင်းကြည်ရဲ့ ကိုယ်ပေါ်ကို ဓာတ်ဆီတွေ ဝေါခနဲ လောင်းကျသွားတယ် …



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးလျှံကြီး ဝုန်းခနဲ ထတောက်တာနဲ့အတူ ယံသံ ပါအောင် အော်လိုက်တဲ့ကိုသောင်းကြည်ရဲ့ အော်သံကြီးက သွေးပျက်လောက်အောင် 'ပေါ်ထွက်လာခဲ့တယ်။

(ငါး)

ကျယ်လောင်တဲ့ကားနှစ်စီးတိုက်သံ၊ ကားကြီးလဲပြိုသံတွေ ကြောင့် ရပ်ကွက်ထဲကလူတွေထွက်လာကြတယ် ...

မီးလောင်ခံရပြီးကားအောက်ညှပ်နေတဲ့ သူကိုကယ်ဖို့ကြိုးစား သူတွေ...

လောင်ကျွမ်းနေတဲ့ မီးကိုငြိမ်းသတ်နေသူတွေနဲ့ ဆူညံရှုပ် ထွေးနေပါတယ် ...

ဓာတ်ဆီကြောင့် မီးကငြိမ်းဖို့ခက်ခဲနေတယ်။

နာရီဝက်ကျော်ကျော်ကြာမှ ငြိမ်းသတ်နိုင်တယ်။

ကားပေါ်ကနှမ်းဖတ်အိတ်တွေကို သယ်ချ လူအားနဲ့ကားကို ကြွအောင်လုပ်ပြီးမှ ကိုသောင်းကြည်ကို ဆွဲထုတ်နိုင်ခဲ့တယ် ...

အဲဒီအချိန်မှာ ကိုသောင်းကြည်ဟာ အသိရှိရဲ့နဲ့ ငါးတစ်ကောင် မီးပြင်းပြင်းကင်ထားတဲ့အတိုင်း ဖြစ်နေတယ် ...





အသက်က ငွေ့ငွေ့လေးပဲ ကျန်တယ် ...

သူ့ရဲ့ဝိညာဉ်က သူ့ခန္ဓာကိုယ်က အပြီးတိုင်ထွက်ခွာလုဆဲ အချိန်ဖြစ်နေတယ်။

ဆေးရုံပို့ဖို့ဆိုက်ကားပေါ်တင်နေတဲ့ အချိန်မှာပဲ နတ်မိစ္ဆာဆိုးက ကိုသောင်းကြည်ရဲ့ အသက်ကို နှုတ်ယူလိုက်ပါတော့တယ်။

(ခြောက်)

လူ့ရယ်လို့ ဖြစ်လာတာနဲ့

မသိမြင်၊ မခန့်မှန်းနိုင်တဲ့ အကြောင်းတရားတွေ အမြောက် အမြားရှိပါတယ်။

ဒီအကြောင်းတွေထဲမှာ ...

ကိုယ်ဘယ်နေ့ သေရမလဲဆိုတာ ...

ဘယ်လိုအကြောင်းတရားနဲ့ သေမယ်ဆိုတာ ...

ကိုယ့်သေချိန်ဘယ်မှာရှိတယ်ဆိုတာကို မသိနိုင်ခြင်းတို့ပါဝင် ပါတယ်။

တစ်နေ့နေ့မှာတော့ မရဏာရှင်သေမင်းဆီသွားပြီး ဒူးထောက် ကြရမှာပါ။

www.burmeseclassic.com



ဘယ်လိုအကြောင်းနဲ့ ဒူးထောက်ရမလဲဆိုတာ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး ...

ဒါတွေဟာ ကာယကံရှင်ရဲ့ကံအကြောင်းတရားနဲ့ပဲ သက်ဆိုင်ပါလိမ့်မယ် ...

ကြီးမားတဲ့ ကုသိုလ်ကံရဲ့ အကျိုးပေးနဲ့ သေမင်းကို အနိုင်ယူပြီး ...

ချမ်းမြေ့အေးဆေးစွာ သေဆုံးသွားသူတွေရှိတယ် ...

သူတို့ရဲ့ သေဆုံးခြင်းကို မြင့်မြတ်တဲ့ နတ်ဒေဝတာတွေက တာဝန်ယူပါလိမ့်မယ်။

ကြီးမားတဲ့ အကုသိုလ်ကံအကျိုးပေးနဲ့ ကြမ္မာဆိုးကြုံရမယ့် သူတွေအတွက်တော့ ...

ကြမ်းကြုတ်တဲ့ နတ်မိစ္ဆာဆိုးတွေရဲ့ရက်စက်မှုတွေကို ခံစားရမှာဖြစ်ပါတယ် ...

ဖြစ်ခြင်းတရားဆိုတာ ကိုယ်ပြုတဲ့ကံအကြောင်းတရားရဲ့ အကျိုးဆက်ဖြစ်ပေမယ့် ...

သတ္တဝါတစ်ခု၊ ကံတစ်ခုလို့ စကားဆိုရှိရှိပေမယ့် ...

တစ်ဦးတစ်ယောက်မကတဲ့ သတ္တဝါတွေနဲ့ ...





တစ်ခုမကတဲ့ ကံတရားတွေ

တစ်နေ့ရာတည်းမှာ ...

တစ်စက္ကန့်တည်းမှာ ...

တိုက်တိုက်ဆိုင်ဆိုင်၊ ကြုံကြိုက်နေရခြင်းတွေကတော့ ...

သဘာဝကျကျဖြစ်ပေါ်နေတဲ့ ...

ကံတရားရဲ့ ...

ထူးခြားတဲ့ လျှို့ဝှက်ချက်တစ်ရပ်ပဲဖြစ်ပါတော့တယ်...။ ။

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ ဖြစ်ရပ်မှန်မှတ်တမ်း

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# မြေရှင်ပြိတ္တာ

(တစ်)

ပြိတ္တာဆိုတာ ချမ်းသာခြင်းအားလုံးကနေ ကင်းဝေးတဲ့ သတ္တဝါတစ်မျိုးပါ။

သူတို့မှာ ဘုံဌာနသီးခြားမရှိဘူး။

ပြိတ္တာတို့နေထိုင်တဲ့ တော၊ တောင်၊ မြစ်၊ ချောင်း၊ သုသာန် စတဲ့အရပ်ကိုပဲ ပြိတ္တာဘုံလို့ခေါ်တယ်။

ပြိတ္တာ (၁၂)မျိုးရှိတယ်လို့ ကျမ်းတွေမှာ ဖော်ပြထားတယ်။

အဲဒီပြိတ္တာတွေကတော့ ...

တော်မြတ် ဆာလောင်မွတ်သိပ်လွန်းလို့ သူတစ်ပါးတွေရဲ့ ချွဲ၊ သလိပ်၊ တံတွေး၊ အံဖတ်၊ နှပ်တို့ကို ကောက်ယူစားသောက်ရတဲ့ပြိတ္တာ။



လူ၊ ခွေး၊ မြွေစတဲ့ အကောင်ပုပ်တွေကိုပဲ စားရတဲ့ပြိတ္တာ။

မစင်၊ ဘင်ပုပ်တွေပဲ စားသောက်ရတဲ့ပြိတ္တာ။

ခံတွင်းက မီးလျှံတွေထွက်ပြီး စီးကျိုး၊ မီးခဲတွေပဲစားရတဲ့ ပြိတ္တာ။

ကိုယ်လုံးကြီးကြီး လည်ပင်းရှည်ရှည်ပေမယ့် ပါးစပ်က အပ်နဖားပေါက်လောက်ပဲရှိတဲ့အတွက် ရတဲ့အစာကို နားပေါက်၊ နှာခေါင်းပေါက်တွေက သွတ်သွင်းစားသောက်ရတဲ့ ပြိတ္တာ။

အမြဲတမ်း ရေအလွန်ငတ်တာကိုပဲ ခံစားနေရတဲ့ပြိတ္တာ။

မီးလောင်တုတ်နဲ့တူတဲ့ ခန္ဓာကိုယ်၊ ဆိုးဝါးတဲ့ရုပ်အဆင်းနဲ့ ညှီနံ့၊ ပုပ်နံ့ထွက်နေတဲ့ပြိတ္တာ။

(ဒီအကြောင်း တချို့ သရဲတွေခြောက်ရင် ကြောက်စရာလန့်စရာ ရုပ်အင်္ဂါကို တွေ့ရမြင်ရတာ ဖြစ်ပါတယ်)

သူ့ရဲ့လက်သည်းကြီးတွေက ဓားသွားလို၊ ငါးမျှားချိတ်လို ပုံသဏ္ဌာန်ရှိတယ်။ အဲဒီလက်သည်းတွေနဲ့ မိမိကိုယ်အင်္ဂါကို ကုတ်ဖဲ့၊ အသားတွေအသွေးတွေကိုမှ စားရသောက်ရတဲ့ပြိတ္တာ။

သူ့ကိုယ်လုံးက တောင်ပမာဏရှိတယ်။ နေ့ညမပြတ် အခိုးတွေ ထွက်နေတဲ့ပြိတ္တာ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးမြွေနဲ့တူတဲ့ ကိုယ်နဲ့ နေ့ညမပြတ်လှည့်လည်သွားလာ နှုတ္တခံနေရတဲ့ ပြိတ္တာနဲ့

ပြိတ္တာတွေအပေါ်မှာ အကြီးအမှူးလုပ်၊ တံခိုးအာဏာရှိပေမယ့် ထမင်း၊ အဖျော်စတဲ့အစားအစာတွေကို မစားမသောက်ရတဲ့ ပြိတ္တာတွေပဲ ဖြစ်ပါတယ်။

ဒီအကြောင်းတွေဖတ်ရတာနဲ့တင် ထိတ်လန့် ရွံရှာစရာကောင်းတဲ့ပြိတ္တာတို့ရဲ့ ရုပ်လက္ခဏာကို သိနိုင်မှာပါ။

ဒါကြောင့်လည်း ပြိတ္တာဆိုတာ မမြင်အပ်တဲ့ သတ္တဝါဖြစ်နေရတာနဲ့တူပါတယ်။

တစ္ဆေ၊ သရဲဆိုတာလည်း ပြိတ္တာတစ်မျိုးပါ။ သူတို့ကျခြောက်တတ်၊ လှန့်တတ်၊ လန့်အောင်လုပ်တတ်ကြပါတယ်။

အကြောင်းတိုက်ဆိုင်တဲ့အခါ၊ ကံနိမ့်တဲ့အခါမျိုးမှာ ပြိတ္တာတွေ ကြောက်အောင်ခြောက်တာကို ကြုံကြရပါတယ်။

ပြိတ္တာရဲ့ ကိုယ်က အနံ့ဆိုးတွေထွက်နေတာကြောင့်လည်း သူတို့အနားမှာရှိနေရင် အပုပ်နံ့ရတတ်တယ်။

ဒါကိုပဲ တစ္ဆေသရဲက အပုပ်နံ့ ပေးတယ်လို့ပြောတာပါ။

စွဲလန်းမှုနှင့် အကုသိုလ်ကံကြီးမားလို့ မစ္ဆိုသက်စရာ ပြိတ္တာဖြစ်ရပေမယ့် သူတို့ဘဝတွေက သနားစရာကောင်းပါတယ်။





သေသူကိုရည်ညွှန်းပြီး နာမည်ခေါ်ပြီး အမျှပေးဝေရင် ပြိတ္တာတွေကဝမ်းသာအားရ သာဓုခေါ်နိုင်ကြပါတယ်။

ပြိတ္တာတွေသေတဲ့အခါ အကောင်ငယ်လေးတွေလို၊ မြေခဲကျောက်ခဲလိုမျိုး အသွင်ပြောင်းပြီး သေတတ်တယ်လို့ လူကြီးသူမတွေပြောကြပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက်မှာ နေတဲ့ ကိုစောလှဝင်းကတော့ ပြိတ္တာတစ်ကောင်ကို တွေ့ခဲ့ဖူးတယ်လို့ ပြောပါတယ်။

အဲဒီ ပြိတ္တာဟာ ရှုံ့တုံ့ရှုံ့ခဲအသွင်ဖြစ်ပြီး သက်ရှိတွားသွားသတ္တဝါတစ်ကောင်လို ရွေ့လျားသွားလာနေတယ်လို့ အစချီပြီး...

ဖြစ်စဉ်ကို ဒီလို ပြောပြခဲ့ပါတယ်။

(နှစ်)

"မှတ်မှတ်ရရ၊ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနှစ်သစ်ကူးအကြိုကာလမှာ ...

သင်္ကြန်မိုးလေးရွာထားလို့ မြေသင်းနံ့လေး ရှူရတာတောင် မမေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပိတောက်ပန်းတွေကလည်း တစ်ရွာလုံးတစ်နယ်လုံး မွှေးလို့၊ ကြိုင်လို့ဗျ။

အဲဒီတုန်းက ကျုပ်က ရှေပြည်သာမရောက်သေးဘူး။

တိုက်ကြီးမြို့နယ်ထဲက ဖလုံဘူတာရွာမှာပဲ ရှိသေးတယ်။

အဲဒီနှစ်က မိုးဦးစောမယ်လို့ သင်္ကြန်စာမှာပါတယ်။

သင်္ကြန်မိုးနဲ့ နောက်မိုးဆက်ရင် ဟောတက်လမ်းပျက်မယ်။

လမ်းပျက်ရင် ထင်းတို့၊ ဝါးတို့ခုတ်လို့မရတော့ဘူး။

သင်္ကြန်တွင်းကျတော့လည်း နားကြမှာမို့လမ်းမပျက်ခင် ထင်းခုတ်ဝါးခုတ်တက်ခဲ့ကြတယ်။

လှည်းမှမနည်းဘူး၊ အစီးလေးဆယ်ကျော်တယ်။

အုန်းမောင်းခေါက်တာနဲ့ ကျုပ်တို့လှည်းတန်းကြီးရွာကနေ ထွက်ခဲ့ကြတယ်။

လူသံ၊ လှည်းသံ၊ နွားသံတွေနဲ့တစ်ရွာလုံးကို ဆူညံနေတာ ပါပဲ။

ကျုပ်တို့လှည်းတန်းကြီး ပေနှစ်ဆယ်ရွာ။

ကွမ်းသီးမြောင်တောင်ခြေရွာနဲ့၊ ကင်းမသီး (အောက်ရွာ၊ အလယ်ရွာ၊ အထက်ရွာ) တွေကို အစဉ်လိုက်ကျော်လာခဲ့တယ်။

အဲဒီအချိန်မှာ နေထွက်နေပြီ။



ဆင်စခန်းကို ကျော်ပြီး ကျောက်ကုတင်စခန်းရောက်တော့ နေ့လည် (၁၁)နာရီလောက်ရှိနေပြီ။

ကျောက်ကုတင်စခန်းမှာ စမ်းပေါက်ရှိတယ်။ တောင်ခါးပန်း ဆောက်ချပ်ကျောက်လွှာတွေကြားက ဟာသွင်သွင်စီးကျနေတဲ့ စမ်းပေါက်။

အောက်ဘက်က တွင်းတူးပေးထားတဲ့အတွက်၊ သောက်ရေ အလုံအလောက်ရတယ်။

တွင်းက လျှံကျနေတဲ့ရေဟောကလည်း အောက်ချိုင့်ထဲမှာ အိုင်ဖြစ်နေတယ်။

အဲဒီရေအိုင်မှာ ကျွဲတွေနွားတွေ ရေချိုးရေတိုက် လုပ်လို့ ရတယ်။

ဒါ့ကြောင့် ပဲခူးရိုးမပေါ်တက်တဲ့ ထင်းသမား၊ ဝါးသမား၊ ဓနိသွေးသမား၊ လွှသမားအားလုံး ကျောက်ကုတင်စခန်းမှာပဲ နားကြတယ်။

ဂျပန်တွေ မြန်မာပြည်က ပြေးရတော့ ကျောက်ကုတင်စခန်း မှာတပ်စခန်းချသေးတယ်လို့လည်း ပြောတယ်။

စခန်းအနီးမှာ စစ်ကားပျက်တွေကို မြေတွေနွယ်တွေ ဖုံးနေ တာတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့လည်း နွားတွေကိုလှည်းကဖြုတ်၊ အစာကျွေးရေတိုက်တယ်။

အိမ်ကထုပ်လာတဲ့ထမင်းထုပ်တွေဖြည်၊ ဝိုင်းဖွဲ့စားကြတယ်၊

စားပြီးတာနဲ့ ညနေစာချက်ပြီး နေရှိတာနဲ့ တောထဲတိုးလာခဲ့ကြတယ်။

စခန်းအနီးမှာထင်းဝါးခုတ်တဲ့သူက ဓားမတစ်ချောင်းပဲ ယူသွားတယ်။

ထင်းဝါးခုတ်ပြီးတာနဲ့ ထမ်းသယ်ပြီးလှည်းဆီပို့တယ်။

လှည်းစခန်းနဲ့ဝေးရာ သွားခုတ်တဲ့သူတွေကတော့ နွားတွေပါ ယူကြတယ်။

ထင်းဝါးရရင်နွားနဲ့ ဆွဲပြီးပြန်လာကြတယ်။

ကျုပ်နဲ့ကျုပ်ညီဝမ်းကွဲမင်းသူကတော့ ကျောက်ကုတင်စခန်းအထက်က သစ်ပြုတ္တန်းစခန်းထိ တက်မယ်လို့ တိုင်ပင်ထားတယ်။

အဲဒီမှာက လူအရောက်နည်းတော့ ဝါးကောင်းကောင်းရတယ်လေ...

ကျုပ်တို့ညီအစ်ကိုနှစ်ယောက် နွားနှစ်ကောင်ကို ထမ်းပိုးတပ်ပြီး တောနက်ထဲထိ တိုးဝင်ခဲ့ကြတယ်ဗျ ...။



(သုံး)

"မင်းသူရေ၊ ဒါတို့တော့ပွပြီဟေ့၊ ဒီမှာကြည့်စမ်းကွ ..."

သဲပြင်ပေါ်မှာ စွပ်လမ်းကြောင်းတစ်ခုတွေ့လိုက်တယ်။

ကျုပ်တို့ရောက်နေတာက သစ်ပြုတ္တန်းစခန်းအနီးက လိုကြီးထဲမှာ ...

တောင်ကျချောင်းလေးရဲ့ ကမ်းစပ်တစ်လျှောက်မှာ သဲသောင်ပြင်ထွန်းနေတယ်။

စွပ်လမ်းကြောင်းက အဲဒီသဲသောင်ပေါ်မှာ ...

"ဟုတ်တယ် အစ်ကိုရေ၊ သစ်သားစွပ်လမ်းတော့ မဟုတ်ဘူး။

ဗင်းဝင်းပဲဖြစ်မယ် ..."

ဗင်းဝင်းဆိုတာ တောင်ပေါ်မှာ တွေ့ရတတ်တဲ့တောင်လိပ်တစ်မျိုးပါ။

တစ်ချို့တောင်လိပ်တွေက သေးတယ်။ ဦးထုပ်လုံးသာသာကအကြီးဆုံး။

ဗင်းဝင်းက ကြီးတယ်။ ဆန်တောတစ်ချပ်စာလောက်ထိရှိတယ် ...။

တောင်လိပ်တွေထဲမှာ အကြီးဆုံးပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ညီအစ်ကိုနှစ်ယောက်လည်း သဲသောင်ပြင်ပေါ်က ခြေရာလမ်းအတိုင်း လိုက်ကြတာပေါ့ ...

အလွယ်တကူနဲ့ တွေ့မယ်ထင်ပေမယ့် ခြေရာလမ်းက တော်တော်ကိုသွားတာဗျို့ ...

မိုင်ဝက်လောက်ကို လိုက်ရတယ်။

အဲဒီတော့မှ တွေ့တယ်။

တွေ့မယ့်တွေ့တော့လည်း အံ့ဩစရာကြီး။

ဗင်းဝင်းလိပ်မဟုတ်ဘူး ...

ရွှံ့တုံးတစ်တုံးဖြစ်နေတယ်လေ...

ဆန်ကောလောက်ရှိတယ် ...

ကျုပ်တို့ညီအစ်ကိုနှစ်ယောက်စလုံး ဒီလိုတစ်ခါမှ မကြုံဖူးဘူး ...။

လန့်တောင်လန့်သွားတယ်။ တောချောက်တာလားလို့ ...

ဒါပေမယ့် ခြေရာလမ်းအဆုံးမှာ တွေ့ရတာကလဲ သေချာတယ်၊ ရွှံ့တုံးကြီးပဲ။

"ထူးဆန်းတာတော့ အမှန်ပဲအစ်ကို၊ ဒါမျိုးတစ်ခါမှ မတွေ့ဖူးဘူး၊

ပြန်ရင် ဒါကြီးသယ်သွားရအောင် ..."



မင်းသူပြောတာနဲ့ ကျုပ်တို့သယ်ဖို့ဆုံးဖြတ်လိုက်တယ်...

ဝါးတစ်စီးစာ အမြန်ခုတ်တယ်။

ဝါးတွေကလည်း ပေါတော့ခဏပဲ ခုတ်ရတယ်။ ဝါးတွေကို ဘေးဖောက်တွဲ။ သံကြိုးနဲ့ချည်ပြီး၊ နွားနှစ်ကောင်ထမ်းလာတဲ့ ထမ်းပိုးတုံးမှာ သံကြိုးတွဲလိုက်တယ်။

ပြီးတာနဲ့နွားမောင်းပြီး ကျောက်ကုတင်စခန်းကို ပြန်ခဲ့ကြတယ်။

ထူးဆန်းတဲ့ ရွှံ့မြေတုံးကိုတော့ ကျုပ်တို့နှစ်ယောက် တစ်လှည့်စီထမ်းလာရတာပေါ့ဗျာ ...

(လေး)

ကျောက်ကုတင်စခန်းလည်းရောက်ရော လူတွေအားလုံး ကျုပ်တို့ဆီ ဝိုင်းလာကြတာပဲ။

ကျုပ်ကလည်း ရွှံ့မြေတုံးကြီးတွေ့ရတဲ့ဖြစ်စဉ်ကို တစ်လုံးမကျန်ပြန်ပြောပြတယ် ...

လူတွေလည်းတအံ့တဩနဲ့၊ ကျုပ်တို့ယူလာတဲ့ရွှံ့မြေတုံးကို ကြည့်သူကကြည့်၊ တို့ထိသူက တို့ထိနဲ့ အံ့ဩနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ကလည်း ကျုပ်စကားကို ယုံရကောင်းနိုး၊ မယုံရကောင်းနိုးနဲ့ မျက်နှာတွေက ဝေဝေဝါဖြစ်နေတယ်။

အဲဒီအချိန်မှာပဲ လူအုပ်ကြားထဲကို အဘသက်ရှည်တိုးဝင်လာတယ်။

အဘသက်ရှည်က ကျုပ်တို့ယူလာတဲ့ ရွှံ့မြေတုံးကို ဓားဦးနဲ့ဖိပြီး သုံးမြောင့်ပုံအတုံးတစ်တုံး လှီးယူလိုက်တယ်။

"ဟုတ်တယ်ကွ၊ ဒါမြေရှင်အစစ်ပဲ။ တွေ့လား၊ ဒီမှာအကြောတွေပြနေတာ ..."

ဓားနဲ့လှီးထားတဲ့ရွှံ့မြေတုံးရဲ့ မျက်နှာပြင်မှာ ဝါးမြစ်တွေ ပြာထွက်နေသလို အဖြူရောင်အကြောအမျှင်တွေပြနေတယ်။

"မင်းတို့ဘယ်လို တွေ့လာတာလဲဟေ့၊ စောလှဝင်း ..."

အဘသက်ရှည်ကမေးလို့ ...

BURMESE CLASSIC .com

"လှိုဏ်ထဲမှာ စွပ်လမ်းကြောင်းတွေ့လို့ ဗင်းဝင်းမှတ်ပြီး လိုက်တာအဘ။ စွပ်လမ်းအဆုံးမှာ ဒီရွှံ့တုံးကို တွေ့တာပဲ။ ထူးဆန်းလို့ ဒီအထိ သယ်လာတာအဘ ..."

ကျုပ်ပြန်ဖြေတယ်။ အဘသက်ရှည်က ထပ်ပြောတယ်။

"အေး၊ မင်းတို့တံကြုံလို့ တွေ့ရတာကွဲ့။

ပြိတ္တာတစ်မျိုးပဲကွယ့် ...



ရွှံ့တုံးနဲ့တူပေမယ့် ကွဲပြားမှုတွေရှိတယ်ကွယ့် ...

အဖြူရောင်အကြောအမျှင်တွေ ပြနေတာရယ်၊ ရွှေ့လျားသွားနိုင်တာရယ်က သူ့ရဲ့ထူးခြားချက်ပေါ့ ...

မြေကိုင်ခံရတာ၊ မြေဖုတ်ဘီလူးဖမ်းစားခံရတာတွေဆို သူက သိပ်ကောင်းတယ်။

မြေရှင်ကို သံပုရာရည်နဲ့ ရောစပ်ပြီးစုတ်နဲ့ပေါက်ရင် အဲဒီဝေဒနာတွေပျောက်တယ်။

အရေးကြုံရင် သုံးလို့ရအောင် နည်းနည်းစီယူပြီးသိမ်းထားသင့်တယ် ...

အဘသက်ရှည်ရဲ့ ပြောစကားကြောင့် မြေရှင်ပြိတ္တာ(ခေါ်) မြေတုံးကို ကျုပ်တို့တွေခွဲဝေယူလိုက်ကြတယ် ...

အိမ်လည်းရောက်ရော ...

ကျုပ်ယူလာတဲ့ မြေရှင်အပိုင်းလေးကို ပျောက်သွားမှာစိုးလို့ ဗူးလေးတစ်လုံးထဲမှာ ရေစိမ်ထားတယ်။

ကျုပ်တို့တစ်ရွာလုံးမှာလည်း ရွှေ့လျားသွားလာနေတဲ့ မြေရှင်ပြိတ္တာအကြောင်းက အထူးအဆန်းပြောစရာတစ်ခုဖြစ်သွားတယ်ပေါ့...

ဒါပေမယ့်...

နောက်သုံးလေးရက်လောက်ကြာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကြီးဗျို့ …

လူ့သေကောင်ပုပ်နံ့မှ တကယ့်လူသေကောင်ပုပ်နံ့ကြီးနံလာ တယ်။

ဘယ်ကနံတာလဲလို့ လိုက်ရှာတော့ …

ရေစိမ်ထားတဲ့ မြေရှင်အပိုင်းအစဆီက ဖြစ်နေတာတွေ့ တယ် …

ကျုပ်လဲကြောက်ကြောက်လန့်လန့်နဲ့ ရှာပြင်တွက်ပြီး မြေမြှုပ်ပစ်လိုက်တယ်ဗျို့ …”

(ငါး)

ကိုစောလှဝင်းပြောပြတဲ့ မြေရှင်ပြိတ္တာအကြောင်းကတော့ ဒီမှာပဲအဆုံးသတ်ခဲ့ပါတယ်။

သူပြောပြတဲ့ သစ်ပြုတုံးစခန်းနဲ့ လှိုင်ဟာယရုတည်သော ထားတဲ့ တဘူးလှဆည်နဲ့ ပေါင်းလင်းဆည်တို့အကြားမှာ တည် တယ်လို့သိရပါတယ်။

လွန်ခဲ့တဲ့နှစ်တော်တော်ကြာကြာက နိုင်ငံခြားတိုင်းပြည်တ ပြည်မှာ ရွှေ့လျားနေတဲ့ တောင်ကုန်းတစ်ကုန်းအကြောင်းဖတ် ဖူးပါတယ် …



တစ်ရက်မှာ လက်မအနည်းငယ်စီရွေ့နေလို့ လမ်းကြောင်း မလွတ်တဲ့ အိမ်တွေတောင်ရွှေ့ပေးရတယ်လို့ သတင်းမှာ ဖော်ပြ ထားပါတယ်။

ကိုယ်တိုင်ကိုယ်ကျ မမြင်မတွေ့ရတာနဲ့ မဖြစ်နိုင်၊ မယုံနိုင် လို့ပြောလို့မရပါဘူး။

ဒီစကြာဝဠာ၊ ဒီကမ္ဘာမှာတောင်မတတ်သူ။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်သေးသေးလေးမှာတောင် …

ဖြစ်လေ့ဖြစ်ထ မရှိတဲ့ဆန်းကြယ်မှုတွေ …

ထူးထူးခြားခြားဖြစ်ပျက်တိုက်ဆိုင်မှုတွေကို မကြာခဏဆို သလိုကြုံခဲ့ရ၊ ကြားခဲ့ရင ၁ယ် မဟုတ်ပါလား။

ဆက်ပြီးတော့လည်း …

ဒီထက်မကတဲ့ဆန်းပြား ထူးခြားတာတွေကိုမြင်ရတွေ့ရ ဦးမှာက မလွဲကေန်ပင်ဖြစ်ပါဝ ၁ယ် …။ ။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊ မြစ်ရပ်မှန်မဂ္ဂဇင်း

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# သရဲခြောက်တဲ့အိမ်ကြီး

## (တစ်)

အမှတ် ၁၁၂၊ အိုးရှင်းရိပ်သာ ...

ဒီအိမ်ကြီးကို ကမ္ဘာ့သရဲအခြောက်ဆုံးအိမ်ကြီးလို့ သတ်မှတ်ထားကြတယ် ...

အိမ်ကြီးရဲ့နောက်ကြောင်းရာဇဝင်တွေကလည်း သွေးပျက်ချောက်ချားစရာပါပဲ။

ပထမပိုင်ရှင်မိသားစုဝင်တွေအားလုံး သေးနုကွဲဆိုးတွေနဲ့ ကြုံပြီးသေပွဲဝင်ကြရတယ် ...

အဲဒီကတည်းက ဒီအိမ်ကြီးကို လူတွေလန့်နေကြတာ ...

ဒါပေမယ့် အိမ်ရှင်အသစ်ရွှေတို့ မိသားစု ဒီအိမ်ကြီးကို ရောက်လာ ...



ကျော့က ရေတပ်သားဟောင်း

ဝိဉာဉ်တို့၊ တစ္ဆေသရဲတို့ဆိုတာကို သူမယုံကြည်ဘူး ...

ရှိရင်တောင်သူတို့ကို ဘာမှလုပ်လို့ မရဘူးလို့ စဉ်းစားဆင်ခြင်တယ်။

ဒါကြောင့်လည်း ဒီအိမ်ကြီးကို ပြောင်းလာခဲ့တာ။

မပြောင်းခင်ရက်အနည်းငယ်အလိုမှာ အိမ်ကိုလေ့လာကြည့်ဖို့ ...ရောက်လာတယ်။

အဲဒီနေ့ကတည်းက သူတို့ရှိနေတဲ့အကြောင်း ဝိဉာဉ်တွေက ...ထင်ရှားရှားပြတယ် ...

အပေါ်ထပ်က အခန်းတစ်ခန်းကို ကြည့်နေကျန်း ...

"ထွက်သွားစမ်း ..." လို့တစ်ယောက်ယောက်က ပြော...တဲ့အသံကို ပီပီသသကြားလိုက်ရတယ် ...

မကြောက်တတ်တဲ့ကျော့တောင်လန့်သွားတယ်။

ဒါပေမယ့် ...

သူပြောင်းလာတဲ့အခါ ဒီအခန်းကို အိပ်ခန်းမလုပ်ဘူးလို့ပဲ ...တွေးလိုက်တယ် ...

ဒီလိုနဲ့ သူတို့မိသားစုဒီအိမ်ကြီးကို ပြောင်းရွှေ့လာနဲ့ကြ... ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာ ရွှေတာ သမီးငယ်လေးကို အိပ်ယာဝင်ပုံပြင် ပြောပြနေတယ် ...

အဲဒီအချိန်မှာပဲ မမြင်ရတဲ့ ဝိညာဉ်တစ်ကောင်က အခန်းအပြင်ကနေပြီး ပစ္စည်းတွေနဲ့ တစ်ခုပြီးတစ်ခု ပစ်ပေါက်တာခံခဲ့ရတယ်။

တစ်နေ့ခင်းမှာတော့ သမီးငယ်လေးတာ အခန်းထဲမှာ တစ်ယောက်တည်းဆော့နေတယ်။

ကလေးအခန်းမှာရှိတဲ့ လှုပ်ကုလားထိုင်တာ ဘယ်သူမှမလှုပ်ပဲအဆက်မပြတ်ရွေ့နေတဲ့ လှုပ်ယမ်းနေတာတွေ့လိုက်တယ်။

ရွှေစိုးရိမ်တကြီးပြေးသွားပြီး ကလေးကို ပွေ့ချီလိုက်တယ်...

အဲဒီတော့မှ လှုပ်ကုလားထိုင်လဲ ရပ်သွားတယ်။

အဆိုးဆုံးက ရွှေနဲ့ဇနီးသည် ကက်သီကြုံရတဲ့အဖြစ်အပျက်တွေပါ။

တစ်နေ့မှာ ကက်သီတာ ဧည့်ခန်းကိုလှည်းသုတ်နေတယ် ...

ဒီအချိန်မှာ အခန်းနံရံတစ်လျှောက်စီးကျလာတဲ့ အစိမ်းရောင် ချွဲပျစ်ပျစ်အရည်တွေကို တွေ့လိုက်ရတယ်။ ကက်သီအခန်းထဲက ထွက်ပြေးလာခဲ့တယ်။



တစ်ခါမှာလည်း အိမ်သာခွက်ထဲကနေပြီး အမဲရောင်ရေတွေ ထွက်လာတယ် ...

ကက်သီလန့်သွားတယ်။

ဒီအိမ်ကြီးကနေ အမြန်ဆုံးထွက်သွားချင်နေပြီ။

ရွှေ ကြောင့်မပြောင်းဖြစ်သေးဘူး။

ဒါပေမယ့် နောက်ဆုံးမှာတော့ ရွှေကိုယ်တိုင် သည်းမခံနိုင်တဲ့ အဖြစ်တစ်ခု ကြုံလိုက်ရတယ်။

အဲဒီအဖြစ်အပျက်က ...

ရွှေအိပ်ရာနိုးတဲ့အချိန်မှာ ကက်သီတုတင်အိပ်ရာပေါ်မှာ မရှိနေဘူး ...

သေသေချာချာ ရှာကြည့်တော့ ကက်သီတာ ဟက်လက်အိပ်လျက်နဲ့လေထဲမှာ ဝဲပျံနေတာကို ရွှေတွေ့လိုက်ရပါတယ်။

ဒီလိုအဖြစ်အပျက်တွေအပြင် ရွှေကို ညတိုင်းနှိပ်စက်နေတဲ့ အကြောင်းအချက်လည်း ရှိသေးတယ်။

မနက်မလင်းမီ သုံးနာရီအချိန်လောက်တိုင်းလောက်တိုင်း...

အနားမှာ လူရှိနေသလို ခံစားရပြီး ရွှေဟာ နိုးလာတတ်ပါတယ်။ ဒါကလည်း နေ့တိုင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူတို့ မပြောင်းဖြစ်လိုက်ကြပါဘူး။ ၁၉၇၅ ခုနှစ်မှာ ဂျော့တို့မိသားစုဝင် (၆)ယောက်စလုံး ရက်ရက်စက်စက် အသတ်ခံလိုက်ရပါတယ်။

အတိတ်က ဖြစ်ရပ်ဆိုးတွေ ...

ဂျော့တို့ကြုံတွေ့ရတဲ့ ဝိညာဉ်နဲ့ဆိုင်တဲ့ အဖြစ်အပျက်တွေနဲ့...

ဂျော့တို့မိသားတစ်စုလုံး ရက်စက်စွာအသတ်ခံလိုက်ရတာကြောင့် ဒီအိမ်ကြီးရဲ့ နာမည်ဆိုးက ပိုပြီးကျော်ကြားလာခဲ့ပါတယ်။

(နှစ်)

ကမ္ဘာ့သရဲအခြောက်ဆုံး ဒီအိမ်ကြီးမှာ နေဖို့စိတ်ဝင်စားတဲ့ လူတစ်ယောက် ၁၉၇၈ မှာ ရောက်လာပြန်ပါတယ် ...

သူက နာမည်ကြီးကျေးလက်အဆိုတော် ဘော်ဘီမစ်ချေး။

သူက ဒီအိမ်ကြီးကို ဂီတကလပ်လုပ်ဖို့ စဉ်းစားခဲ့တယ်...

သူနဲ့အတူ ဇနီးဂျဲလ်နက် ပါလာတယ်။ ဂျဲလ်နက်က ကိုယ်ဝန် သွယ်ထားရတယ်။ ကိုယ်ဝန်က ငါးလခွဲပဲရှိသေးတယ်။

ဒီအိမ်ကြီးထဲကို စဝင်ဝင်ချင်း မျက်လုံးသေးသေးလေးတွေ စိုင်းကြည့်နေသလို ဂျဲလ်နက်ခံစားလိုက်ရတယ်။





တစ်ရက်မှာ ဂျဲလ်နက် မီးဖိုကို ရှင်းနေတယ်။ ဘေစင်ရှေ့မှာရပ်ပြီး ဆေးကြောနေတုန်း ...

ဘေစင်အောက်ကနေ သွေးတွေထွက်လာတယ် ...

အံ့သြတကြီးကြည့်နေတုန်း ...

မမြင်ရတဲ့လက်နှစ်ဖက်က သူ့ခေါင်းကိုကိုင်ပြီး သွေးတွေနဲ့ ပြည့်နေတဲ့ ဘေစင်ထဲကို နှစ်တယ် ...

သူ့ရဲ့ဝူးဝူးဝါးဝါးအော်သံကြောင့် ဘော်ဘီမီးဖိုခန်းထဲ ဝင်လာတယ်...

ဘေစင်ထဲ ခေါင်းစိုက်နေတဲ့ ဇနီးသည်ကို တွေ့တယ်။

ဒါပေမယ့် ... ဘာမှမရှိတော့ဘူး။

ဝိညာဉ်ကောင်တွေက ကံဆိုးတဲ့ ဂျဲလ်နက်ကိုပဲ ပစ်မှတ်ထား တိုက်ခိုက်နေကြတယ် ...။

ကလပ်ဖွင့်ဖို့ နှစ်ရက်အလိုမှာ ဂျဲလ်နက် မြေအော[illegible]န်းထဲ ဆင်းကြည့်တယ် ...

သူမ လှေကားပေါ်ရှိနေတုန်း မမြင်ရတဲ့လက်တွေက သူ့ကို တွန်းချလိုက်တယ် ...

ဒါဟာ ဘော်ဘီတို့လင်မယားကို ဝိညာဉ်[illegible]ရဲ့ ကြီးမားတဲ့ ဆနှောင့်အယှက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲလ်နက်ရဲ့ မိုက်ထဲက ကလေးဟာ အသက်ရှင်ဖို့ ၁ ရာနှုန်းသာရှိတဲ့အထိ အခြေအနေဆိုးဝါးခဲ့ပါတယ် ...

ဒီအဖြစ်အပျက်ဟာ သာမန်အဖြစ်အပျက်လား၊ ဒါမှမဟုတ် ဆန်းကြယ်တဲ့ဖြစ်ရပ်လား စဉ်းစားစရာပါ။

ဘာကြောင့်လဲဆိုတော့ ၁၈၉၆ ခုနှစ်က ကိုယ်ဝန်ငါးလခွဲ ခေါင်းဖြတ်ပြီးအသတ်ခံရတဲ့ အမှုအခင်းတစ်ခု ...

ဒီအိမ်၊ ဒီနေရာနဲ့ နှစ်မိုင်လောက်အကွာမှာ ဖြစ်ခဲ့ဖူးလို့ပါ

နောက်တစ်ကြိမ်ထပ်ပြီး ကြုံရတဲ့အဖြစ်က ထိတ်လန့်ချောက်ချားစရာပါ ...

ဘော်ဘီဟာ အုတ်ဘီရိုကို ဖွင့်ကြည့်လိုက်တယ်။

အုတ်ဘီရိုအထဲမှာ ကြိုးဆွဲချပြီး သေနေတဲ့လူနှစ်ယောက်ရဲ့ အလောင်းကို တွေ့လိုက်ရတယ် ...

ထိတ်လန့်သွားတယ် ...

သေသေချာချာကြည့်လိုက်တော့ ဘာမှမရှိတော့ဘူး ...

ဂီတကလပ်နဲ့ ပတ်သက်လို့လည်း အမှုအခင်းတစ်ခုကြုံ ရသေးတယ် ...

အဲဒါကတော့ ကလပ်လာနေကျဖောက်သည်တစ်ယောက်က မမြင်ရတဲ့ဝိညာဉ်ကောင်က တိုက်ခိုက်ခဲ့တယ်။



ဖောက်သည်က ဂီတကလပ်မှာ သရဲတစ်ကောင်ရဲ့ ထိုးကြိတ် ကန်ကျောက်တာခံရပါတယ်လို့ တရားစွဲတယ်။

တရားရုံးကအမှုကို ပယ်ချလိုက်လို့ ဘော်ဘီကံကောင်းသွားခဲ့တယ်။

ဒီဝိညာဉ်ကိစ္စတွေဟာ သေဆုံးသူတွေရဲ့ စွဲလန်းမှုကြောင့် ဖြစ်နေတာလို့ တွေးမိတဲ့အတွက် သိက္ခာတော်ရ ဘုန်းတော်ကြီး ဘားလ်လော်ဆင်ကိုခေါ်ပြီး အစွဲနှင်တယ်။

ဒါပေမယ့် သရဲက ပြန်ပြီးပူးကပ်ခဲ့တဲ့အတွက် မအောင်မြင်ခဲ့ပါဘူး ...

နာမည်ကြီးကျေးလက်အဆိုတော် ဘော်ဘီမစ်ကေးနဲ့ ဇနီး ဂျဲလ်နက်တို့လည်း ဒီအိမ်ကြီးမှာ ကြာကြာမနေနိုင်ဘဲ ထွက်ပြေးခဲ့ရတယ်။ ဒီမှာပဲ ...

အမှတ် ၁၁၂ အိုးရှန်းရိပ်သာအိမ်ကြီးရဲ့ ဂုဏ်သတင်းက ပြီးကျော်ကြားလာခဲ့ပြန်ပါတော့တယ် ...။

www.burmeseclassic.com

www.burmeseclassic.com



(သုံး)

ကမ္ဘာမှာ သရဲအခြောက်ဆုံးလို့သတ်မှတ်ခံထားရတဲ့ နောက် ထပ်အိမ်ရာတစ်ခုက

"မန်ချက်စတာ ရဲတိုက်ကြီး"ပါ

သူ့မှာလည်း ယိတ်လန့်ချောက်ချားစရာ သွေးပျက်ကြော လန့်စရာကောင်းတဲ့ အတိတ်က ဖြစ်ရပ်ဆိုးတွေရှိခဲ့ပါတယ် ...

ဒီမှာ နာမည်ကြီးတာက နာနာဘာဝ သရဲပြူမတစ်ကော ကြောင့်ပါ။

အေသခံတွေက သရဲပြူမနဲ့ ပတ်သက်ပြီးလေ့လာဖို့ သဘာ လွှန်ဖြစ်ရပ်စုံစမ်းရေးသမားတွေကို ဖိတ်ခေါ်ခဲ့ပါတယ် ...

ဒီ့ကြောင့် စုံစမ်းရေးအဖွဲ့သား (၄) ယောက်ရောက်လာတ

သူတို့ကို မန်ချက်စတာက အိမ်ရှင်ပီတာ ဖရို့စ်က တြ ခဲ့ပါတယ်။

နာနာဘာဝ၊ သရဲတစ္ဆေနဲ့ ပတ်သက်ပြီးယုံကြည်ပါသ လို့ မေးကြည့်တော့ ...

လုံးဝမယုံတဲ့သူက (၂)ယောက်နဲ့မယုံတစ်ဝက်၊ ယုံတစ် က (၂)ယောက်ဖြစ်နေတယ်။





ညနေပိုင်းကျမှ မိသားစုအရေးကိစ္စပေါ်လာသောကြောင့် မယုံတဲ့သူနှစ်ယောက် ပြန်သွားရတယ်။

မယုံတစ်ဝက်၊ ယုံတစ်ဝက်နှစ်ယောက်ပဲ ကျန်ခဲ့တယ်။

သူတို့က အယ်လင်နာနဲ့ ဂျွန်နသန်။

အယ်လင်နာက အိပ်ခန်းထဲမှာ တာအုပ်ဖတ်ရင်း စောင့်ကြည့် တယ်...

ဂျွန်နသန်က ဗီဒီယိုကင်မရာနှင့် လက်နှိပ်ဓာတ်မီးကိုင်ပြီး မြို့ထဲဆင်းခဲ့တယ်။

အဲဒီညမှာ ထူးထူးခြားခြားဖြစ်ရပ်တွေကြုံခဲ့ရတယ်။

အယ်လင်နာတစ်ညလုံးအိပ်မရဘူး။ ကလေးတစ်ယောက်ငို နေတဲ့အသံက မနက်လင်းတဲ့အထိ တောက်လျှောက်ထွက်ပေါ်နေ တယ်။

ဂျွန်နသန်လည်း ဒီလိုပဲ။ တစ်နေရာက ဒရွတ်တိုက်ဆွဲချတဲ့ အသံကြားရတယ်။

ကြားတဲ့နေရာကို ဗီဒီယိုကင်မရာနဲ့ ချိန်ပြီး သွားကြည့်တယ်။ ဘာမှမတွေ့ဘူး။

ခဏကြာတော့ တစ်နေရာကနေ ကလေးငိုတဲ့အသံကြားရ တယ်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာတော့ ကလေးရှိသံလိုလိုကြားရပြန်တယ်။

ကြာတော့ ဖွန်နသန်လန့်လာတယ်။

အိမ်ပေါ်ပြန်တက်လာတယ်။

ခဏနေတော့ ဝုန်းခနဲတံခါးစောင့်ပိတ်သံ ကြားလိုက်ရတယ်။

တစ်ညလုံးတောက်လျှောက်အသံတွေတစ်မျိုးပြီးတစ်မျိုး ကြားနေရတယ် ...

ဒီလိုနဲ့ မိုးလင်းခဲ့တယ် ...

မနက်လင်းတော့ ကောင်းကောင်းအိပ်ရရဲ့လားလို့ အိမ်ရှင်က မေးတယ်။

သူတို့က တစ်ညလုံး ကြုံခဲ့ရတဲ့အဖြစ်တွေကို ပြန်ပြော ခဲ့တယ် ...

(လေး)

ကမ္ဘာ့သရဲအခြောက်ဆုံးအိမ်ကြီးတွေကို သဘာဝလွန်ဖြစ်ရပ် စုံစမ်းသူတွေက ရုပ်ပေဒအခြေခံတဲ့ သိပ္ပံစပ်းသပ်မှုတွေနဲ့ အဖြေ ရှာခဲ့ပါတယ်။

ခြောက်ကိုပဲ အမြဲညွှန်ပြနေတဲ့ သံလိုက်အိမ်မြှောင်နဲ့ ...



ကာဗွန်မိုနောက်ဆိုဒ် မော်နီတာ စတဲ့သိပ္ပံပစ္စည်းတွေနဲ့ စမ်းသပ်ခဲ့တယ်။ တွေ့တဲ့ရလဒ်ကတော့ သံလိုက်စက်ကွင်းပြင်းအား တွေရဲ့ ထူးခြားမှုပါ။

သရဲခြောက်တဲ့အိမ်မှာ အသုံးပြုတဲ့ ပရိဘောဂ၊ အသုံးအဆောင် တွေကို ပြုလုပ်တဲ့ သံထည်တွေက လိုအပ်တာထက် အဆမတန် ထုထည်ကြီးမားနေပါတယ် ...

အဲဒီမှာ ကြီးမားတဲ့ သံလိုက်စက်ကွင်းပြင်းအားကို တွေ့ရ တယ်။

သံလိုက်စက်ကွင်းတွေက ဦးနှောက်နဲ့ နားထင်အပိုင်းတွေ ကိုသက်ရောက်မှုရှိတယ်။

ဒီသက်ရောက်မှုတွေက စိတ်ကိုထင်ယောင်ထင်မှားတွေဖြစ်စေ တယ်လို့ သုံးသပ်တယ် ...

သရဲခြောက်တယ်လို့ သတင်းကြီးတဲ့အတွက်လည်း ဖိခံစား ရတယ်။

လူတွေရဲ့စိတ်က တုံ့ပြန်မှုမှန်းမသိ တုံ့ပြန်နေတဲ့ အကြောင်း သိပ္ပံပညာရှင်တွေက စစ်ဆေးတွေ့ရှိခဲ့တယ် ...

ဒီလိုသိပ္ပံနည်းကျဖြစ်ပျက်မှုတွေကြောင့် တစ်ယောက်ယောက် က စောင့်ကြည့်နေသလိုမျိုး ခံစားရတတ်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



နေရာကျဉ်းကျဉ်းမှာဆိုရင် ပိတ်လှောင်မွန်းကျပ်တဲ့ ခံစားမှုမျိုးလိုပဲလို့ အဖြေထုတ်ပါတယ် ...

ဒီအဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး နာမည်ကျော်ကြားအောင် လုပ်ပြီးအမြတ်ထုတ်ဖို့ ကြံရွယ်တာသာဖြစ်တယ် ...

ဝိညာဉ်ခြောက်လှန့်ခံရမှုတွေက တမင်ဖန်တီးထားတဲ့ အရာတွေသာဖြစ်တယ်လို့ ပြောသူတွေရှိကြပေမယ့် ...

အစွဲချွတ်ရေး ကိုယ်တိုင်ကြုံခဲ့ရတဲ့ သိက္ခာတော်ရ ဘုန်းတော်ကြီးကားလ်လော်ဆင်ကတော့ ဝိညာဉ်တွေရဲ့ ခြောက်လှန့်မှုတွေ အမှန်တကယ်ရှိကြောင်းပြောပြခဲ့ပါတယ်။

သရဲခြောက်တဲ့အိမ်ကြီးတွေမှာ သိပ္ပံပညာရှင်တွေ စစ်ဆေးအဖြေရှာပုံကို လွန်ခဲ့တဲ့လေးလကျော်ကျော်က MRTV-4 မှာ ထုတ်လွှင့်သွားခဲ့ပါတယ်။

တိုက်ဆိုင်မှုကြောင့်မှတ်မိသလောက် ကြိုးစားပြီး တင်ပြလိုက်ပါတယ်။

ကညွတ်ကွင်းမြို့ ဗိုလ်တဲရပ်က ပန်းရံဆရာလေး ကိုတင်မိုးကလည်း သရဲခြောက်တဲ့အိမ်မှာ နေခဲ့စဉ်က သူကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကို ခုလို ပြောပြခဲ့ပါတယ်။



(ငါး)

ကျွန်တော်အိမ်ထောင်ကျပြီး ကလေးတစ်ယောက်အရမှာ ရေတာရှည်မြို့နယ်ထဲက (...) မြို့ကို သွားခဲ့ပါတယ်။

အဲဒီမြို့မှာ အဒေါ်ရှိပါတယ်။

အဒေါ်ရဲ့ယောကျ်ားက အငြိမ်းစားဝန်ထမ်းတစ်ဦးပါ။ ဆုံးသွားတာ လပိုင်းပဲရှိသေးတယ်။

"နှင့်ဦးလေးက အိမ်နဲ့မိသားစုကို စိတ်မချဘူးနဲ့တူတယ်။ အစွဲရှိတယ်။ သေပြီးဘဝကူးသွားတာတောင် ဒီကနေဘယ်မှမသွားဘူး။ အိမ်မှာပဲရှိတယ်"

အဒေါ်ဒီလောက်ပြောတာနဲ့ ကျွန်တော်သဘောပေါက်လိုက်တယ်။

ဦးလေးအစွဲမကျွတ်ဘဲ ခြောက်နေတယ်ဆိုတာကို ...

ကျွန်တော်တို့စရောက်တဲ့ ညဦးပိုင်းမှာပဲ ကြုံရတယ်။

အိမ်က ခြေတံရှည်၊ နှစ်ထပ်အိမ်မြင့်၊ အားကြီးတဲ့ လူတစ်ယောက်က အိမ်ကိုကိုင်ပြီး လှုပ်ခါနေသလိုမျိုး အိမ်ကယိမ်းခါနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်တင်၊ ကျွန်မ တွေတွေ့ တွေ့ဝေလာနေတာရှင်သိတယ် မဟုတ်လား။ ကလေးတွေကြောက်အောင် မလုပ်ပါနဲ့" လို့ အဖေ ကပြောတယ်။

အဲဒီတော့မှ အိမ်လှုပ်တာရပ်သွားတယ်။

ဦးလေးက သူရှိနေတဲ့အကြောင်းကို နေ့တိုင်းလိုလို အသိ ပေးပါတယ်။

ကျွန်တော်က ဦးလေးကို ခင်တယ်။ သူကလည်းကျွန်တော့် ကိုချစ်တယ်။ ဒါကြောင့် မကြောက်ဘူး။

ကျွန်တော့်မိဘတွေကတော့ သူ့ဝိဉာဉ်ပဲဖြစ်ဖြစ်၊ သရဲခြောက်တယ်လို့ တဲ့အထိကလည်း မှတ်တဲ့အတွက် ကြောက်နေတယ်။ ဒီအိမ်မှာလည်း မနေချင်ဘူး။

ကျွန်တော်ကနေလို့သာ နေနေရတာပါ။

ဦးလေးကလည်း အန္တရာယ်ဖြစ်အောင်တော့ မပြုတတ်ပါ ဘူး။

ကလေးပုခက်လွှဲခိုင်း ပထမတစ်ခါပဲလွှဲခဲ့ရတယ်။ တစ်နေ့ကျ မမြင်ရတဲ့ဦးလေးက လွှဲပေးနေတယ်။ မှောက်မရှိတော့ဘူး။

အဖေက ကျွန်တော်တို့ကို ဆူရင်၊ ကျွန်တော်က မိန်းမကို ဆူရင် ဦးလေးကမကြိုက်ဘူး။



အိမ်ကို ခပ်ပြင်းပြင်းလှုပ်တယ်။

ဦးလေးက ခြံထဲက သစ်ပင်တစ်ပင်မှာနေတယ်လို့ အဖေက ပြောပါတယ်။

အိမ်မှာ ဦးလေးကို မနေစေချင်လို့ မဟုတ်ဘူး။ သရဲဘဝ ကနေကျွတ်လွတ်ပြီး ကောင်းရာမွန်ရာရောက်အောင် သံဃာတော် တွေပင့်ပြီး အလှူအတန်းလုပ်အမျှပေးဝေတယ်။ ဒါပေမယ့် ဦးလေး ကတော့မကျွတ်ဘူး။ ပြောတတ်ပြီပဲ။

ဦးလေးတော့ သရဲဘဝနဲ့ အိမ်မှာပဲ တစ်ချိန်လုံး နေသွား တယ်။

အဲဒီနောက်မှာ ပြောင်းသွားနေတာလား။ ကျွတ်လွတ်သွားတာ လားမသိဘူး။ ပြောတတ်တာလွန့်တာမရှိတော့တာ ဒီနေ့ထိပါပဲ။

(ပြီး၏)

တစ်ရွာသူနေတဲ့ ရှစ်ကွက်မြို့မှာလည်း သရဲခြောက်တယ် လို့အရမ်းနာမည်ကြီးတဲ့ နှစ်ထပ်အိမ်ကြီးတစ်လုံးရှိပါတယ်။

အောက်ထပ်ကို အုတ်တိုင်တွေနဲ့ တည်ဆောက်ထားပြီး အပေါ် ထပ်ကို ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြုံနွယ်ပိတ်ပေါင်းတွေဘူထပ်တဲ့ ခြံကြီးထဲမှာ ပြတင်းတွေ တံခါးပေါက်တွေက ပွင့်တစ်ချို့၊ ပိတ်တစ်ချို့နဲ့...

လူမနေပဲ သရဲခြောက်တဲ့ အိမ်ကြီးအဖြစ်နဲ့ နာမည်ကြီးနေခဲ့တာ နှစ်ပေါင်းများစွာရှိခဲ့ပါပြီ။

အကြောင်းကြောင်းကြောင့်၊ သရဲခြောက်တဲ့ ဒီအိမ်ကြီး အကြောင်းကို မတင်ပြနိုင်ပေမယ့် ...

ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ချင်သူ၊ လေ့လာလိုသူရှိရင် ကျွန်တော့်ဆီဆက်သွယ်နိုင်ပါတယ်။

ဒါပေမယ့် ... သရဲခြောက်တဲ့အိမ်ကြီးမှာ ညအိပ်ကြည့်ချင်တယ်။

ကျွန်တော့်ကိုလည်း အဖော်အဖြစ် ခေါ်ချင်တယ်ဆိုရင်တော့...

အကြောက်အကန် ငြင်းရပါလိမ့်မယ် ...

မလာပို့လည်းတောင်းပန်ပါတယ်။

အဲဒီအိမ်ကြီးအနီးက ဖြတ်သွားရတိုင်း နေ့ခင်းဘက်မှာတောင်...

ကျွန်တော်ကြက်သီးထတတ်လို့ပါ မိတ်ဆွေ။

✦ ✦ ✦



# ညောင်မြို့ပင်က သရဲမ

## (တစ်)

ညက ပိန်းပိတ်အောင်မှောင်နေတယ် ...

ညပိုးပရစ်တွေရဲ့ ပြတ်တောင်း ပြတ်တောင်း အော်မြည်နေသံကပဲ ညကိုကြီးစိုးနေတယ် ...

လေတိုက်လို့ တရှဲရှဲမြည်သံပေးပြီး လှုပ်ယမ်းနေတဲ့သစ်ကိုင်း သစ်ခက်တွေကလည်း အမှောင်ထဲမှာ ဝိညာဉ်ကောင်တွေ ယိမ်းက နေသလိုမျိုးပဲ ...

အဲဒီအချိန်မှာ သစ်စက်ဟောင်းခြံကြီးထဲကို နိုင်ကြီးရောက်လာတယ်။

နိုင်ကြီးရဲ့ညာဘက်က လေသေနတ်တစ်လက်ကို ခါးလည်က ကိုင်ထားတယ်။

လေသေနတ်က ခါးချိုးမဟုတ်ဘူး၊ ဘေးဆွဲမောင်းတံနဲ့။



www.burmeseclassic.com

www.burmeseclassic.com

မောင်းဆွဲပြီး ခဲကျည်သီးလေးအသင့်ထည့်ပြီးသား အလိုရှိတာနဲ့ ခလုတ်ပေါ်လက်ညှိုးတင်၊ ကွေးပြီးပစ်လိုက်ရုံပဲ။

နိုင်ကြီးရဲ့ ဘယ်ဘက်လက်ထဲက လေးဆထိုးဓာတ်မီးက လည်းလင်းထိန်လို့ပဲ။ ပွိုင့်ချိန်ထားတဲ့အတွက် မီးရောင်က အကွင်းလိုက်ပြန့်မသွားဘူး။ စုနေတယ် ...။

ဒီခြုံကြီးက တရုတ်သူဌေးတစ်ယောက်ပိုင်တဲ့ခြံကြီး၊ ဟိုတုန်းကတော့ စက်သံ၊ လူသံ၊ လှိုင်းသံတွေ ဆူဆူညံညံ စည်စည်ကားကားပေါ့။

နောက်တော့ ဘာကြောင့်လည်းမသိဘူး။ ရပ်သွားတယ်။ စက်မလည်တာတောင် နှစ်တွေကြာနေပြီ။

ဒါပေမယ့် လွှစက်အဆောက်အဦးတွေ၊ ထိုင်ထားတဲ့စက် အစိတ်အပိုင်းတွေကတော့ရှိတုန်း။

သင်လုံးတွေကလည်း ဟိုတစ်လုံး၊ သည်တစ်လုံး အနှံ့အပြားပြန့်ကျဲနေတယ် ...

ရပ်ကွက်အစွန်ပေမယ့် ဒီခြံကြီးထဲမှာက တောကြီးတောင်ကြီးထဲက တိရစ္ဆာန်ကောင်ငယ်လေးတွေ တွေ့ရတတ်တယ်။

ရှူးပုံတို့၊ မြွေပါတို့ တောကြောင်တို့လို အကောင်မျိုးတွေ





အဲ၊ တောကြီးမြွေဟောက်တို့၊ သစ်တက်ငန်းတို့လည်း တွေ့သေးတယ်။

သစ်လုံးကြီးတွေရဲ့ အခေါင်းတွေထဲမှာ ခိုအောင်းနေရင်း ပလာတဲ့ အကောင်တွေပေါ့ ...။ ပြီးခဲ့တဲ့လတွေက ဒီခြံကြီးထဲကပဲ တောကြောင်တစ်ကောင် တောကြီးမြွေဟောက်တစ်ကောင်နဲ့ ရိုးရိုးမြွေဟောက်တစ်ကောင် နိုင်ကြီးရပြီးပြီ။

ဒီနေ့လည်း အကောင်ပလောင်တွေ့ရင်တွေ့၊ မတွေ့လည်း ငှက်ပစ်မယ်လို့ နိုင်ကြီး တွေးပြီးသား...

သူဓာတ်မီးကို ဝေ့ထိုးလိုက်တယ်။

အမှောင်ထဲမှာ အလင်းရောင်တန်းက ဝေ့ဝိုက်သွားတယ်။ အကောင်မှမတွေ့ရဘူး။

ဓာတ်မီးထိုးရာရင်းနဲ့ ခြံကြီးရဲ့ အနောက်ဖက်ခြမ်း သစ်လုံးတွေပြန့်ကျဲနေတဲ့ဘက် နိုင်ကြီးရောက်လာတယ်။

တဖျောက်ဖျောက်မြည်နေတဲ့ ခြေသံကိုကြားရတယ်။

ကြားရတဲ့ဘက်ဓာတ်မီးကို ဝေ့ထိုးလိုက်တယ်။

မဲမဲအရိပ်တစ်ရိပ်ခုန်သွားတာ တွေ့လိုက်တယ်။ မဲမဲအရိပ်ခုန်တဲ့ဘက် ဓာတ်မီးကိုလိုက်ထိုးတယ်။


www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီးတစ်ကောင်။ သစ်တုံးပေါ်မှာ ဆောင့်ကြော င့် ထိုင်ပြီး သူ့ဘက်ကို လှည့်ကြည့်နေတယ်။

ညဉ့်အခါခွေးတွေ၊ ကြောင်တွေကို ဓာတ်မီးနဲ့ ထိုးကြည့်ရင် မျက်လုံးစိမ်းစိမ်းတွေတွေ့ရတယ်။

ဒီခွေးနက်ကြီးရဲ့ မျက်လုံးတွေကတော့ မီးကျီးခဲတွေလို နီရဲလို့ ...

နိုင်ကြီး ဓာတ်မီးကို မျက်ရဲ့ ပြောင်းကာအောက် ကပ်ကိုင်လိုက်တယ်။

ခွေးနက်ကြီးရဲ့ နီရဲနေတဲ့ မျက်လုံးနှစ်လုံးကြား အလယ် တည့်ကို သေနတ်နဲ့ ချိန်လိုက်တယ် ...

ထိုးထားတဲ့ ဓာတ်မီးရောင်အောက်မှာ ခွေးနက်ကြီးက သူ့ စိုက်ကြည့်နေတယ် ...

နိုင်ကြီး သေနတ်မောင်းဖြုတ်ဖို့ လက်ညှိုးကွေးမယ်အလုပ် ပဲ မယုံနိုင်စရာမြင်ကွင်းကို ဓာတ်မီးအလင်းရောင်အောက်မှာ မြင် လိုက်တယ်။

အစွယ်တွေဖြဲပြနေတဲ့ ခွေးနက်ကြီးနေရာမှာ ဆံပင်ရှည် ဖွားနဲ့ မိန်းမတစ်ယောက်ဖြစ်နေတယ်။





မျက်နှာရဲ့ ရှေ့ရာတော်တော်များများကို ဆံပင်တွေဖုံးနေတယ်။ သစ်တုံးပေါ်မှာ စောင့်ကြောင့်ထိုင်နေတယ်။

"ဘာလဲဟ ..."

နိုင်ကြီး စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားတယ်။

ဒါပေမယ့် သူက ကြောက်တတ်တဲ့ လူစားမဟုတ်ဘူး...

လေသေနတ်နဲ့ ချိန်ထားပေမယ့် မိန်းမတစ်ယောက်ဆိုတဲ့ အသိကြောင့် သေနတ်မောင်းခလုပ်မဖြုတ်ဖြစ်ဘူး ...

ကြည့်နေတုန်းမှာပဲ ထိုင်နေတဲ့ မိန်းမဟာ အရပ်ကြီးရှည် လာနေတယ် ...

မြင်ကွင်းက တော်ရုံလူ၊ သွေးပျက်ပြီး ရူးသွားနိုင်တဲ့ မြင်ကွင်း

(နှစ်)

နိုင်ကြီး မော့ကြည့်မော့ကြည့်ရင်းနဲ့ ဝါးတစ်ပြန်လောက်ထိ ထွက်လာတယ်။

အဲဒီကနေ ဆက်မရှည်တော့ပဲ ပြန်ပြီးအရပ်တိုလာတယ်။

နိုင်ကြီးသိလိုက်ပြီ။ ဒါသရဲမပဲ ...

လေသေနတ်ခလုပ်မောင်းကို ဖြုတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း" ခနဲ အသံနဲ့ ခဲကျည်ထွက်သွားတယ်။

သစ်ပင်ပေါ်ကငှက်ကလေးကိုတောင် ခေါင်းကိုမှ ရွေးပစ်တတ်တာ။ မမှန်စရာ မရှိဘူး။

ဒါပေမယ့် သရဲမက အဲဒီသစ်တုံးပေါ်မှာ မရှိတော့ဘူး။ နောက်ဘက်ခပ်လှမ်းလှမ်းက သစ်တုံးဖုံပေါ်ရောက်နေတယ် ...။

"တွေ့သေးတာပေါ့သရဲမရယ်။ နင်ကပဲ ခြောက်နိုင်မလား။ ငါကပဲပစ်နိုင်မလားဆိုတာ ..."

နိုင်ကြီးကြုံးဝါးပြီး သေနတ်မောင်းဆွဲတယ်။ ကျည်ဖြည့်တယ်။ သေချာချိန်ပြီး ပစ်တယ်။

သရဲမက နောက်ထပ်သစ်တုံးတစ်တုံးပေါ်ကို ဆောင့်ကြောင့်ထိုင်ရက်ရောက်နေပြန်တယ် ...။

နိုင်ကြီးက လေသေနတ်နဲ့ ပစ်လိုက်၊ သရဲမကနေရာပြောင်းသွားလိုက်နဲ့ တပြည်းပြည်းမြုံကြီးအပြင်ဘက်ရောက်လာတယ် ...

နိုင်ကြီးက ဓာတ်မီးနဲ့ မပြတ်လိုက်-ထိုးရင်း လေသေနတ်နဲ့ လိုက်ပစ်နေတယ် ...

သရဲမက လယ်ကန်သင်းပေါ်ဆောင့်ကြောင့်ထိုင်ရင်း တစ်နေရာပြီးတစ်နေရာပြောင်းနေတယ်။

နိုင်ကြီး ရုတ်တရက်သတိပြုမိလိုက်တယ် ...



သရဲမ ရောက်နေရာရွှေ့နေတာက အနောက်ဘက် ကန်ပျက်ဆီကိုသမ်းကြောင်းပြနေတယ်...

ကန်ပေါင်က ညောင်မြိုပင်မှာ သရဲမရှိတယ်။ ညမှောင်တာနဲ့ ဘယ်သူမှမဖြတ်ရဲဘူး။

ညောင်ကိုင်းပေါ်မှာ အတည့်တစ်မျိုး၊ စောက်ထိုးတစ်မျိုး သမ်းလျှောက်ပြတယ်။ တွဲလောင်းခိုပြတယ်။

နွားလှည်းနဲ့ ဖြတ်ရင်လည်း ညောင်မြိုပင်နားရောက်တာနဲ့ နွားတွေထိန်းမရတော့ဘူး။ ဝရုန်းသုန်းကား ကန်သင်းပေါ်တက် ... လို့ပြေး၊ နောက်လှည့်ပြီးဆွဲပြေးလို့ ဆွဲပြေးနဲ့။

သားစိမ်းငါးစိမ်းအမဲသားတွဲ၊ ဝက်သားတွဲပါလို့ကတော့ ... တင်းကိုလိုက်လုကတ်တယ်။

ဒီလိုသောင်းကျန်းတဲ့သရဲမ။

ခုလဲ နိုင်ကြီးကို သူ့ပိုင်နက်ထဲထိမျှားခေါ်နေလေရဲ့။

ကန်ပျက်ညောင်မြိုပင်နားရောက်ဖို့ လယ်နှစ်ကွက်သာသာ ... လိုမှာ နိုင်ကြီးသရဲမနောက်ကို ဆက်မလိုက်တော့ဘူး...

နောက်ကြောင်းပြန်လှည့်ခဲ့တယ်။

သရဲမငုတ်တုတ်မေ့ကျန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သစ်စက်ဟောင်းခြံကြီးထဲက ဖြတ်ပြီး ရွာလည်လမ်းအတိုင်း နိုင်ကြီး သူ့အိမ်ကို ပြန်ခဲ့တယ်။

"တော်၊ ဘယ်နှစ်ကောင်ရခဲ့လဲ ..."

နိုင်ကြီးမိန်းမ မသီက ဆီးမေးတယ်။

" ဘယ် ... ညောင်မျိုးပင်ကသရဲမနဲ့တွေ့လို့၊ လေးသေနတ်နဲ့လိုက်ပစ်နေတာ။ ငှက်တောင်မပစ်ခဲ့ရဘူး ..."

"ငှက်မရလို့မဖြစ်ဘူး။ အလှကြီးယောက်ျား ရန်ကုန်သွားကြ၊ ငှက်ကြော်လက်ဆောင်ယူသွားချင်လို့တဲ့။ ပိုက်ဆံတောင်ပေးသွားပြီးပြီ။ လာကျုပ်ရောလိုက်မယ် ..."

နိုင်ကြီးသရဲ မကြောက်ပေမယ့် မိန်းမစိတ်ဆိုးမှာတော့ ကြောက်တယ်။

လေးသေနတ်နဲ့ ဓာတ်မီးဆွဲပြီး မိန်းမနောက်က လိုက်ခဲ့ပြန်ပါတယ်။

(သုံး)

"အဘဆရာ ... ထပါဦး ... အဘဆရာထပါဦး ..."

နိုင်ကြီး အဘဆရာအိမ်ထရံပုတ်ပြီး အတင်းနှိုးတယ် ... အဘဆရာထွက်လာတယ်။





"ဟ၊ ဘာဖြစ်လို့လဲကွ၊ နိုင်ကြီးရ ..."

"ကျုပ်မိန်းမသရဲကပ်လို့၊ လိုက်ခဲ့ပေးပါဦး အဘဆရာ..."

"မင်းတို့က ညကြီးနက်မှ ဘယ်ကိုသွားကြတာတုန်း နိုင်ကြီးရ ..."

"ငှက်ပစ်သွားတာ အဘဆရာရေ ..."

"မင်းတို့လင်မယားကတော့ကွာ ..."

အဘဆရာဒီလောက်ပဲပြောတယ်။

နိုင်ကြီးတို့လင်မယားက လွှတ်သဘောကောင်းတယ်။ လူကြီးသူမလည်းရိုသေလေးစားမှုရှိတယ်။ အလှူအတန်းလည်း လုပ်လေ့ရှိတယ်။

ပြောစရာဆိုလို့ တစ်ခုပဲရှိတယ်။

အကုသိုလ်အလုပ်ဆိုနှစ်ယောက်စလုံး သိပ်ဝါသနာပါတယ်။

အကျိုးကလည်းပေးတယ်။

ကြက်မွေးကြက်ဖြစ်၊ ဝက်မွေးဝက်ဖြစ်၊ ဘာမွေးမွေး စီးပွားဖြစ်တဲ့လင်မယား။

ဒါကြောင့် မပြောတော့တာ။

စီးပွားဖြစ်နေတဲ့အလုပ်ကို အပြစ်ပြောရင် မုန်းတာပဲအဖတ်တင်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မြပြင်နိုင်သေးမှာ မဟုတ်ဘူးဆိုတာ အဘဆရာနားလည်ပြီးသား ...

"ငှက်ပစ်ပြီးပြန်လာတော့ အကောင်းပဲ။ အိမ်ခြံဝရောက်မှ ဝူးဝူးဝါးဝါးဖြစ်တော့တာပဲ အဘဆရာ။ သူ့ပါးစပ်မှာလည်း ငှက်မွေးတွေရော၊ သွေးတွေရော ပေနေတယ်။ လမ်းမှာကတည်းက အစိမ်းစားလာတာနဲ့တူတယ်။ သရဲကပ်တာနဲ့တူတယ်ဆိုပြီး အဘဆရာလာပင့်တာ..."

နိုင်ကြီးက လမ်းသွားရင်းပြောပြတယ်။

အိမ်ရောက်တော့ မသီကို ဘုရားစင်ရှေ့မှာ မိန်းမကြီးနှစ်ယောက်က ချုပ်ထားပေးတယ် ...

အဘဆရာထိုင်လိုက်တာနဲ့ မသီမျက်တောက်နီကြီးနဲ့ ရူးရူးစိမ်းစိမ်းကြည့်တယ်။

ခဏနေရင်တော့ ခပ်သြသြအသံကြီးနဲ့ ဟာတိုက်ရယ်တယ်... ရှန်းတယ်။ ကန်တယ်။ ကြမ်းတယ်။

အဘဆရာသိလိုက်ပြီ။ ဒီ သရဲစီးခံနေရတာ။ အဘဆရာ ဘုရားပန်းအိုးထဲက ရေကို ကြေးဖလားထဲလောင်းထည့်တယ်။

ဘုရားကန်တော့ပြီး ဂါထာရွတ်တယ်။

[redacted]



အဲဒီအချိန်မှာ မသီဝူးဝူးဝါးဝါးတွေအော်ပြီး ဝုန်းဒိုင်းကြဲနေတယ်။

မိန်းမကြီးနှစ်ယောက် မနည်းထိန်းနေရတယ်။

အဘဆရာဖန်ခွက်ထဲက ရေမန်းနဲ့ မသီကို တောက်တယ်...

"ဟဲ့ကောင်မ၊ ငါ့ကိုဘာမှတ်နေလဲ။ နင် ရှုမ်းပြန်သွားချင်လို့လား။ နင်ဘယ်ကလဲ ပြောစမ်း ..."

ဒီတော့မှ မသီလက်အုပ်လေးချီတယ် ...

"ညောင်မျိုပင်ကပါ ..."

"နင် အကုသိုလ်ကြီးလွန်းလို့ သရဲမဖြစ်နေတာ။ မသီကို ဘာလို့ ဒုက္ခရောက်အောင် လုပ်ရတာလဲ ..."

"သူ့လင်ကို မကျေနပ်လို့ ..."

"သူ့လင်က နင့်ကို ဘာလုပ်လို့လည်း ..."

"လေးသေနတ်နဲ့လိုက်ပစ်ပါတယ် ..."

အဘဆရာမျက်လုံးပြူးသွားတယ် ...

"ဟင် ဟုတ်လား နိုင်ကြီး မင်းကလေးသေနတ်နဲ့ လိုက်ပစ်သလို ..."

"သူက ခြောက်တာကိုး အဘဆရာရဲ့ ..."

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ၊ ဟုတ်ပြီ နိုင်ကြီးက နောက်ကိုလေသေနတ်နဲ့ မပစ်နဲ့၊ နင်ကလည်း လူတွေကို ကြောက်အောင် မခြောက်နဲ့တော့။ မနက်ဖြန်ညနေ နေဝင်တာနဲ့နင့်ကို အမဲသား ဝါးဆယ်သားလာ ကျွေးလိမ့်မယ် ကြားလား… အခု နင်စားထားတွေပြန်အန်ထုတ်စမ်း …"

အဘဆရာ အမိန့်ပေးလိုက်တာနဲ့ မသီဝေါ့ခနဲဝေါ့ခနဲ ထိုးထိုးအန်တယ် …

ဝါးစားထားတဲ့ ငှက်သားတွေ၊ ငှက်တောင်တွေနဲ့ ငှက်မွေးတွေ အန်ဖတ်တွေနဲ့ရောပြီး ထွက်ကျလာတယ် …

ခဏနေတော့ သရဲမထွက်သွားတယ်။

မသီလည်း မျက်လုံးပြူးလေးနဲ့။ ဘာဖြစ်နေကြတာလဲ အကြည့်နဲ့ သူ့ကိုဝိုင်းကြည့်နေတဲ့ သူတွေကို ကြည့်နေတယ်။

"မင်းတို့လင်မယား ဘယ်ကိုသွားပြီး ငှက်ပစ်ကြတာလဲ…"

"ညောင်မျိုးပင်မှာ သွားပစ်ကြတာပါ …"

"နိုင်ကြီး၊ မင်းတော်တော်မိုက်တဲ့ကောင်ပဲ။ တကယ့်အစိုးရနေရာကိုမှ ငှက်သွားပစ်ရတယ်လို့၊ သွားချင်လဲ ကိုယ့်ဟာသာ သွားပေါ့။ ဘာလို့ မိန်းမ ခေါ်သွားရတာလည်း …"





"မဟုတ်ဘူးအဘဆရာ၊ ညောင်မျိုးပင်ငှက်ပစ်ဖို့ သူခေါ်သွားလို့ ကျွန်တော်လိုက်ရတာပါ …"

"ဟော … ဟုတ်လား …"

အဘဆရာ ဘာမှ မပြောနိုင်တော့ဘူး၊ ကွမ်းတစ်ယာယာ စားပြီးပြန်သွားတယ်။

(လေး)

နောက်နေ့ နေဝင်တာနဲ့ နိုင်ကြီး ညောင်မျိုးပင်အောက် ရောက်လာတယ် …

ပါလာတဲ့ အမဲသားတွဲကို ကိုင်းတစ်ကိုင်းမှာ ချိတ်လိုက်တယ် …

"ကဲ သရဲမရေ စားဟဲ့ မျိုဟဲ့။ ငါက သတ္တိလို့ ကျွေးတာ မဟုတ်ဘူး။ နင့်ကို ကြောက်လို့လည်းမဟုတ်ဘူး။

အဘဆရာက ကျွေးခိုင်းလို့ကျွေးရတာ။ နောက်ဆို ငါ့ကို တွေ့ရင် ဝေးဝေးကရှောင်။ မရှောင်လို့တွေ့ရင်တော့ သေနတ်နဲ့ ပစ်မှာပဲ။

ငါ့မိန်းမ ကြောက်အောင်ခြောက်ဖို့လည်း မစဉ်းစားနဲ့ …



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါခြောက်ရင် အမဲသားတော့မစားရဘူး။ နင့်ညောင်မျိုပင်ကို အမြစ်ကလဲ့ပြီး မီးဆိုက်ပစ်မယ် ကြားလား”

ပြောပြီးတာနဲ့ နိုင်ကြီးညောင်မျိုပင်ကနေ ပြန်သွားတယ်။

မမြင်ရလို့သာပေါ့ ...

ညောင်မျိုပင်ကသူ့ရဲ့မ၊ ဒေါ်သတွေထွက်ပြီး စွေ့စွေ့ခုန်နေမှာ သေချာတယ်။ ။

+ + +

မိုးဟိဆွေစာပေ

# နာနာဘာဝ ပတ္တမြား

ဦးအောင်ညွန့်ဆိုတဲ့ ...

လူသားတစ်ယောက်နဲ့ နာနာဘာဝပုဂ္ဂိုလ်တို့ ခင်မင်ရင်းနှီးခဲ့ကြတယ်။

နာနာဘာဝပုဂ္ဂိုလ်မှာ သူထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ကျောက်မျက်ရတနာတွေ ရှိတယ်။

နာနာဘာဝကပေးတဲ့ ကျောက်တစ်လုံးကြောင့် ဦးအောင်ညွန့် ကောင်းကျိုးချမ်းသာခံစားခဲ့ရတယ် ...

သိန်းပေါင်းငါးသောင်းကျော်ပာန်ဖိုးရှိတဲ့ ပတ္တမြားကြီးတစ်လုံး ကိုပေးမှာတော့ ...

ဒီဖြစ်ရပ်က ၁၉၉၆ ခုနှစ်ရဲ့ နှစ်ဦးပိုင်းက ကညွတ်ကွင်းမြို့လေးမှာ ထူးခြားဆန်းကြယ်စွာ ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါတယ်။

မိုးဟိဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com


(တစ်)

မြေကြမ်း၊ မြေဆိုးလို့နာမည်ကြီးတဲ့ ကမလင်းကုန်း တောရိုင်းမြေက စစ်တောင်းမြစ်ကမ်း ကညင်ဒိုင်းရွာကြီးရဲ့ အနောက်ဘက် ခပ်လှမ်းလှမ်းမှာရှိတယ် …

ရှေးတုန်းက ကရင်၊ ဗမာ လူမျိုးတွေ အတူနေထိုင်ခဲ့တဲ့ ရွာဖြစ်ပြီး ရွာပျက်ဘဝရောက်သွားတာတောင် နှစ်များစွာတိုင်ခဲ့ ပြီဖြစ်ပါတယ်။

ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းလာရင်း၊ သစ်ပင်ကြီးယံတွေ ပေါက်ရောက်ထူပြောလာရင်းကနေ ရွာပျက်ဟာ တစ်စတစ်စနဲ့ တောရိုင်းမြေဖြစ်သွားခဲ့တယ် …

မြေဆီမြေသြဇာကောင်းလို့ သီးနှံဖြစ်ထွန်းနိုင်ပေမယ့် ကမလင်း ကုန်းတောရိုင်းမြေကို ဘယ်သူမှ လယ်မတိုးရဲဘူး။

နာနာဘာဝတွေ၊ ကျတ်တွေ၊ ဥစ္စာစောင့်တွေရှိတယ်ဆိုတဲ့ အစဉ်အလာစကားကြောင့်ပါ။

ဒီလိုနာမည်ကြီးတဲ့ တောရိုင်းမြေကိုမှ ဦးအောင်ညွန့်က လယ်တိုးခဲ့တယ်။



သစ်ပင်ချုံနွယ်တွေခုတ်ထွင်ရှင်းလင်းပြီး ထွန်ယက်ပြီး စပါး စိုက်ပျိုးခဲ့တယ်…

ကိုယ်တိုင်ကိုယ်ကျ ဝင်လာတဲ့အခါကျမှပဲ ကမလင်းကုန်း တောရိုင်းမြေမှာ နာနာဘာဝတွေရှိတယ်ဆိုတာ ဦးအောင်ညွန့်လက် တွေ့သိလိုက်ရတယ်…

လသာတဲ့ညတွေမှာ ရှေးခေတ်နန်းတွင်းသူတွေလို ဝတ်စား ဆင်ယင်ထားတဲ့ ဥစ္စာစောင့်မတွေကို တွေ့ရတယ်…

တစ်ချို့ညတွေကျတော့လဲ ဟိုးအနောက်ဘက် ညောင်ချဉ်ပင် ကြီးနဲ့ အရှေ့ဖျားက မန်ကျီးပင်အိုကြီးကို ကူးချည်သန်းချည် လုပ်နေတဲ့ အရပ်ကဝါးတစ်ပြန်လောက်၊ ကိုယ်လုံးကလည်း အကြီး ကြီး၊ အမွှေးရှည်ကြီးတွေနဲ့ မဲမဲအကောင်ကြီးကို တွေ့ရတတ်တယ်။

ဦးအောင်ညွန့်ကတော့ ရတနာသုံးပါးအားကိုး၊ မေတ္တာသုတ် အားကိုးနဲ့ မကြောက်မလန့်နေတယ် …

နာနာဘာဝတွေကလည်း ဦးအောင်ညွန့်ကို ခြောက်တာလှန့် တာ မလုပ်ကြဘူး။ သူ့လမ်းသူသွား သူတို့အလုပ်သူတို့လုပ်နေ ကြတာပါပဲ။

တစ်နေ့မှာ ဦးအောင်ညွန့်ဟာ လယ်ကွက်ထဲက ကြေးအိုး တစ်လုံးရလာခဲ့တယ် …


www.burmeseclassic.com

www.burmeseclassic.com


ကြေးဘူးက ကရင်ပထီးကြီးတွေ ကွမ်းထည့်၊ ဆေးထည့်တဲ့ဘူးမျိုး၊ ကြိုးတပ်လို့ရအောင် ဘူးရဲ့ထိပ် တိုဘက်သည်ဘက်မှာ ကွင်းကလေးနှစ်ခုလည်း ပါတယ်။

ဘူးမှာ ကပ်နေတဲ့ ကြေးညှိတွေကြောင့် အဖုံးကိုဖွင့်လို့ မရဘူး။

လှုပ်ကြည့်တော့ ကျောက်ခဲထည့်ထားသလို အသံတွေမြည်နေတယ် ...

အိမ်ကိုယူလာပြီးသေချာဆေးကြောတယ်။ ပြီးမှ အဖုံးကို...အောင်ဖွင့်လိုက်တယ် ...

ဘူးထဲမှာ အရောင်တွေတောက်ပနေတဲ့ ကျောက်သုံးလုံး...တွေ့ရတယ်။

အနီရောင်အရည်တွေ မိတ်အံကျသလို ရဲတောက်နေ... ကျောက်ကြီးတစ်လုံး၊ ငှက်ခါးရောင်ကျောက်တစ်လုံးနဲ့ အဖြူ... တောက်နေတဲ့ ကျောက်တစ်လုံးပါ။

ညအိပ်တော့ ဦးအောင်ညွှန့်ဟာ ကျောက်ဘူးကို ခေါင်း... အောက်မှာထားပြီး အိပ်တယ်။

အဲဒီညဟာ ဦးအောင်ညွှန့်နဲ့ ကျောက်ပိုင်ရှင် နာနာ... ပုဂ္ဂိုလ် ပထီးကြီးတို့ စတင်တွေ့ဆုံတဲ့ညပါ။



အဲဒီညမှာ နာနာဘာ၀ပုဂ္ဂိုလ်ဟာ ဦးအောင်ညွှန့်ရဲ့ အိပ်မက်ထဲကို ရောက်လာပြီး စကားစတင် ပြောဆိုခဲ့ပါတယ် ...

(နှစ်)

"ဝယ်ချင်တာဝယ်၊ အလှူလည်းလုပ်ပေး"

နာနာဘာဝပုဂ္ဂိုလ်က ပြောတယ်။

ပြီးတော့ ဦးအောင်ညွှန့်ကို ငှက်ခါးရောင်ကျောက်တစ်လုံး ပေးတယ် ...

အိပ်မက်မက်ရာက နိုးလာတော့ ဦးအောင်ညွှန့် ကျောက်ဘူးကို ကြည့်တယ်။ မရှိတော့ဘူး။

ငှက်ခါးရောင်ကျောက်လေးတစ်လုံးပဲ ခေါင်းအုံးအောက်မှာ ကျန်ခဲ့တယ်။

အံ့သြစရာအဖြစ်ကို ဦးအောင်ညွှန့်ကြုံလိုက်ရတာပါ။

ဒီအဖြစ်ကြုံပြီးနောက်တစ်ရက်မှာ အံ့သြစရာတစ်ခုကို ထပ်ပြီး ကြုံရပြန်ပါတယ် ...

အဲဒါကတော့ ကျောက်ဝယ်သူနှစ်ယောက် ရောက်လာခြင်းပါပဲ။


www.burmeseclassic.com

www.burmeseclassic.com

"အဘိုးကြီးတစ်ယောက်က ဒီမှာ ကျောက်ရောင်းဖို့ရှိတယ်လို့ လာပြောခိုင်းလိုက်လို့ပါ"လို့ပြောတယ်။

ဒီကျောက်ရတဲ့ကိစ္စက ဦးအောင်ညွှန့်နဲ့ နာနာဘာဝပုဂ္ဂိုလ်သာ သိတယ်။

"အော၊ နာနာဘာဝပုဂ္ဂိုလ်စီမံလိုက်တာပဲ"လို့ ဦးအောင်ညွှန့် သိလိုက်တယ်။

ဒါကြောင့် ကျောက်ကို ရောင်းလိုက်တယ်။

ရတဲ့ငွေနှစ်သောင်းနှစ်ထောင်နဲ့ လယ်တွေဝယ်၊ နွားတစ်ယှဉ်ဝယ်၊ စပါးဖိုးဆယ်ဝယ်ရတယ်။ ကညင်ဒိုင်းတစ်ရှာလုံး၊ မျိုးဟင်းဖိတ်ပြီး ဝက်သားနဲ့ ထမင်းကျွေးတယ်။ မိနိုးတိတ်အလှူကြီး လုပ်တယ်။

လူတွေကတော့ ဦးအောင်ညွှန့် ရုတ်တရက်ထပြီး အလှူကြီးလုပ်တာကို အံ့ဩနေကြတယ်။

"ကမလင်းကုန်းတောင်ရိုးမြေထဲက ရွှေအိုးရတာ"လို့ ထင်ကြတယ်။

ဆွေမျိုးသားချင်းအချို့သာ ကျောက်တစ်လုံးရောင်းရတဲ့ငွေနဲ့ လယ်ဝယ်၊ နွားဝယ်၊ အလှူလုပ်တယ်ဆိုတာ သိကြတယ်...။





ဘယ်သူတွေ ဘယ်လိုပဲပြောပြော ဦးအောင်ညွှန့်ကတော့ နာနာဘာဝပုဂ္ဂိုလ်နဲ့ ခင်မင်ရင်းနှီးသွားပြီဖြစ်ပါတယ် ...

မကြာခဏဆိုသလို အိပ်မက်ထဲမှာ လာတွေ့တယ်။ ဦးအောင်ညွှန့်နဲ့ စကားတွေပြောကြတယ်။

အိပ်မက်ထဲမှာ တွေ့ရတဲ့ နာနာဘာဝပုဂ္ဂိုလ်ဟာ ကရင်ဖထီးကြီးပါ။

ခေါင်းမှာ ရောင်စုံချည်တဘက်တစ်ခုပေါင်းထားတယ်။ ကရင်သင်တိုင်းအကျီအရှည်ကြီးကို ဝတ်ထားတယ်။

ကရင်ဖထီးကြီးက သူနေဖို့ အိမ်ဆောက်ပေးဦးပြောလို့ အိမ်နဲ့ခပ်လှမ်းလှမ်းမှာ တဲလေးတစ်လုံးထိုးပေးရတယ် ...

တစ်ခါတစ်ခါ ဝက်သားဟင်းစားချင်တယ်လို့ အိပ်မက်ထဲမှာ လာပြောတယ်။

ဦးအောင်ညွှန့်က ဝက်သားပယ်ချက်ပြီး ဖထီးကြီးရဲ့တဲလေးမှာ တင်ပေးတယ်။

ညကျတော့ အိပ်မက်ထဲမှာ လာပြီးဝက်သားဟင်းတွေကို စားတာတွေ့ရတယ်။

ဒီလိုနဲ့ နာနာဘာဝနဲ့လူသားတစ်ယောက်ရဲ့ ခင်မင်ရင်းနှီးမှုက ရှည်လာခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com



၁၉၉၅ ခုနှစ်ရဲ့ အစမှာတော့ အနီရောင်တောက်ပနေတဲ့ ကျောက်ကြီးကိုရောင်းဖို့ ဖထီးကြီးက ပြောတယ်။

ရောင်းရတဲ့ငွေနဲ့ ဘုန်းကြီးကိုးပါးပင့်ပြီး ဆွမ်းရက်တိုက် ဆွမ်းကျွေးမယ်။ အလှူကြီးလဲလုပ်မယ်။

အလှူပြီးရင်တော့ ပုပ္ပါးသွား၊ တရားအားထုတ်တော့မယ်လို့လည်း ဖထီးကပြောတယ်။

ဒီအကြောင်းကို ဦးအောင်ညွန့်က မြေးတစ်ယောက်ကို ပြောပြတယ်။

မြေးဖြစ်သူက ဝယ်နိုင်မယ့်သူ ရှာပေးမယ့်အကြောင်းနဲ့ အနီရောင်ကျောက်ကို ကြည့်လိုကြောင်းပြောတယ်။

ဦးအောင်ညွန့် ဖထီးကြီးရဲ့ တဲလေးရှေ့မှာသွားပြီး ကျောက်ကိုပြဖို့ တောင်းပန်တယ်။

အဲဒီညကမက်တဲ့အိပ်မက်ထဲမှာ "မနက်ဖြန်ညကျရင်တော့ အနီးမှာ ချပြထားမယ်။ ဒါပေမယ့် ထီးနှစ်ပြန်အကွာကပဲ ကြည့်ရမယ်လို့ ဖထီးကြီးက ပြောတယ်။

နောက်နေ့ ညမှာ ဦးအောင်ညွန့် မိသားစုနဲ့ မြေးဟာ ဖထီးကြီးရဲ့ တဲလေးရှိရာဆီကို ထီးနှစ်ပြန်အကွာကနေ စောင့်မျှော်ကြည့်နေကြပါတော့တယ်။





(သုံး)

ကြက်ဥလေး ပမာဏလောက်ရှိတဲ့ အနီရောင်ကျောက်ကြီးဆီက ဘတ္တိုပါသေးရည်တွေ စိတ်အံ့ကျနေသလိုပဲ။

ကျောက်ကြီးရဲ့ တစ်တောင်လောက်ပတ်ပတ်လည်ဟာ ရဲရဲတောက်နေတယ်။

ပတ်ဝန်းကျင်တစ်ပိုက်မှာလည်း အနီရောင်အလင်းတွေဖြာနေတယ်။

အံ့သြခြင်းတွေနဲ့ ယင်တာက်မိနေကြတုန်းမှာပဲ ကျောက်ကြီး ပျောက်ကွယ်သွားတယ် ...

အဲဒီနောက် တစ်လလောက်အကြာမှာ ဦးအောင်ညွန့်ရဲ့ မြေးဟာ ကျောက်ကုန်သည် တစ်ယောက်နဲ့ အဆက်အသွယ်ရခဲ့တယ် ...

သူပြောပြတာတွေကို ကျောက်ကုန်သည်က ယုံရခက်၊ မယုံရခက်ဖြစ်နေတယ် ...

နောက်ဆုံးမှာတော့ တပည့်တစ်ယောက်ကို ဦးအောင်ညွန့်အိမ်ပို့ထားမယ်။ နာနာဘာဝပုဂ္ဂိုလ်ရဲ့ ပတ္တမြားကြီးနဲ့ ပတ်သက်တဲ့သတင်းတွေစုံစမ်းပြီး ကျောက်ကုန်သည်ဆီ ပြန်ပို့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်လတိတိကြာပြီးတဲ့ အချိန်မှာပဲ ဦးအောင်ညွန့်က မောင်ရှိန် ကိုယခင်နည်းအတိုင်း ပတ္တမြားကြီးကို ပြခဲ့တယ်…

ပတ္တမြားကြီးမြင်ပြီးတာနဲ့ မောင်ရှိန် သူ့ဆရာ ကျောက်ကုန် သည်ဆီ အမြန်သွားတယ်။

ကျောက်ကုန်သည်က မောင်ရှိန်ကို ရာဖြတ်ပညာရှင်ဆီခေါ် သွားတယ်။

အရွယ်အစား၊ အလင်းပြာပုံ၊ အရည်အသွေးတွေ ပြောပြစေ တယ်။

ရာဖြတ်ပညာရှင်ရဲ့ ခန့်မှန်းချက်က ကျပ်သိန်းပေါင်း ငါးသောင်းကျော်တဲ့ …။

တန်ဖိုးသိတာနဲ့ တစ်ပြိုင်တည်းမှာပဲ ကျောက်ကုန်သည်ဟာ နာနာဘာဝပတ္တမြားကြီးကို ရယူနိုင်ဖို့ စပြီးကြံစည်ပါတော့တယ်။

## (လေး)

“တောသူတောင်သားတွေဆိုတာ အလွန်ရိုးသားကြပါတယ်” ရိုးတို့ ဂါတ်တို့ဆိုရင်လည်း ကြောက်ကြလန့်ကြတယ်။ မဟုတ်တာ မပြောရဲဘူး …။





ဒီလိုလူတွေက တရားရုံက တရားသူကြီးရှေ့မှာ ဦးအောင်ညွန့် ဆီမှာ ပတ္တမြားကြီးရှိတာမှန်ကန်ကြောင်း၊ မြင်တွေ့ဖူးကြောင်း ထွက်ဆိုကြတယ်။

ဒီလူတွေပြောတာမှ မယုံရင် ဘယ်သူပြောတာမှ မယုံရတော့ ဘူး။

ဒါကြောင့် ဦးအောင်ညွန့်ဆီမှာ ပတ္တမြားကြီးရှိတယ်ဆိုတာ တျန်တော်ယုံတယ် …

ပြီးတော့ ကျုပ်တပည့်မောင်ရှိန်ကိုယ်တိုင်တွေ့ခဲ့တဲ့ ပတ္တမြား။ ပြောရဦးမယ် …

ဒီပတ္တမြားက တွင်းထွက်ရတနာမဟုတ်ဘူး။

ဆင်ဦးကင်းထဲကရတဲ့ ရတနာတို့ သစ်ပင်ဝါးပင်တွေထဲက ရတဲ့ရတနာတို့ ပုံစံမျိုး။

ဒီလိုရတနာတွေကို အလင်းရတနာလို့ခေါ်တယ် …။

အရောင်စိမ်းစိမ်းတွေရှန်းစိုဖြာလက်ပြီး ကျောက်စိမ်းရောင် တောက်ပနေရင် ကျောက်စိမ်းအလင်းလို့ ခေါ်တယ်။

အပြာလဲ့ရောင် တောက်ပနေရင်တော့ နီလာအလင်း။

အခုရတနာကတော့ အနီသွေးရောင်တွေ ဖြာထွက်တောက် နေတဲ့အတွက် ပတ္တမြားအလင်းလို့ ခေါ်ရမှာဖြစ်တယ် …



www.burmeseclassic.com

www.burmeseclassic.com



ဒီအလင်းရတနာတွေရဲ့ ထူးခြားမှုက သူ့အလိုလို အချိန်အခါနဲ့ ဝေါထွန်းတတ်တယ်။

ဆင်းရဲချမ်းသာ၊ ဘုန်းကံနိမ့်မြင့်မရွေးပဲ ပဋ္ဌာန်းဆက်ရှိသူ အဆင့်ဆင့်သာ ပိုင်ဆိုင်ခွင့်ရှိတတ်ပါတယ် ...

ဒီပတ္တမြားကြီးက တန်ဖိုးကြီးလွန်းတယ်။ နိုင်ငံတော်နဲ့သာ ထိုက်တန်တယ်။

ရအောင်ဖော်ထုတ်ပြီး နိုင်ငံတော်ကို အပ်နိုင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ် ..."

ဒီစကားတွေက ရတနာကုန်သည် ပြောတဲ့ စကားတွေပါ။

ပြီးတော့ သူဟာ ဒီပတ္တမြားကြီးနဲ့ ပဋ္ဌာန်းဆက်ရှိသူဖြစ်လို့ ကျိန်းသေရရှိမယ်လို့လည်း ယူဆထားပါတယ်...

ဒါ့ကြောင့်လည်း ပတ္တမြားကြီးကို နိုင်ငံတော်ကို အပ်နိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့တယ်။

ဒီလိုနဲ့ တပေါင်းလဆန်း (၃) ရက် (၂၀.၂.၁၉၉၆)နေ့မှာ အပြီးသတ်ဝယ်ယူနိုင်ဖို့ ဦးအောင်ညွန့်နဲ့ တချုပ်ချုပ်ခဲ့ကြပါတယ်...





(၆း)

"အခုတော့ အားလုံးခက်နေကြပြီ ...၊

လောကမီးကို မထိန်းသိမ်း၊ မငြိမ်းသတ်ဘဲ ဆန္ဒနောက်ကို လိုက်ပါကြတော့ အားလုံးဒုက္ခရောက်ကုန်ကြတာပေါ့ ...။

ကျုပ်က အသက်အရွယ်ကြီးရင့်နေပြီ။

ဘဝကူးကောင်းအောင် ကောင်းမှုကုသိုလ်တွေလုပ်ချင်တယ်။

ဖျော်ဖြေမှန်းပါးသူတွေကို မြန်မာပြည်အနှံ့ဘုရားဖူးပို့ပေးချင်တယ် ...

ခုတော့ ကျုပ်မျှော်မှန်းထားသမျှ ဘာမှမလုပ်နိုင်တော့ဘူး။

အားလုံးပျက်စီးဆုံးရှုံးရပြီ ...

ပတ္တမြားကြီးက အမှန်တကယ်ရှိပါတယ်။

ဒါပေမယ့် ကျုပ်ပိုင်ဆိုင်တဲ့ ပတ္တမြားမဟုတ်ဘူး။

ကျုပ်နဲ့ခင်မင်ရင်းနှီးတဲ့ နာနာဘာဝပုဂ္ဂိုလ်၊ အိပ်မက်ထဲက ထီးကြီးပိုင်တာပါ။

သူ့ခွင့်ပြုချက်နဲ့ ကျုပ်က ရောင်းပေးရမှာ။ ရောင်းရမယ့် ချောင်းကိုလည်း ဖထီးကြီးကိုယ်တိုင် အိပ်မက်ထဲမှာလာပြီး သတ်မှတ်ပေးတာပါ။

ဒါကို သူတို့က မယုံဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အကြောင်းတစ်ခုခုကြောင့် ထုတ်မပေးတာလို့ ထင်မှတ်နေကြတယ် ...

ဖထီးကြီးသတ်မှတ်ပေးတဲ့ရက်ထက် (၅)ရက်စောပြီး ရတနာ ကုန်သည်နဲ့အဖွဲ့ ရောက်လာကြတယ်။

စစ်သားတွေလည်း ခေါ်လာတယ်။

ပတ္တမြားကြီးထုတ်ပေးဖို့ ကျုပ်ကိုချော့တယ်။

ကျုပ်က အကျိုးအကြောင်းပြောပြတယ်။ နားမဝင်ကြဘူး။

နောက်တော့ ကျုပ်ကို ခြောက်လှန့်တယ် ...

ကျုပ်က ဘာတတ်နိုင်မှာလဲ၊ နာနာဘာဝပိုင်တဲ့ပစ္စည်းကို သူပေးမှရမှာပေါ့။

နောက်ဆုံးတော့ ဖထီးကြီးက ပတ္တမြားကို ပြတဲ့နေရာကို သူတို့အဖွဲ့ တူးကြတယ်။

သုံးတောင်လောက်တူးမိတော့ မီးသွေးခဲတွေပဲ ထွက်လာ တယ် ...

ဖထီးကြီး အရမ်းစိတ်ဆိုးသွားတယ်။

"လူလိမ်လူညာတွေကို ခေါ်လာခဲ့တယ်"လို့ ကျုပ်ကိုဆူတယ်။

သူ့ကိုကတော့ မကြားဘူးတဲ့၊ ကျုပ်ပဲကြားရတယ်။

ပြီးတော့...





ကျုပ်ပါးကို ရိုက်တယ်။

"ဖျန်းခနဲ" "ဖျန်းခနဲ"မြည်ပြီး ကျုပ်ခေါင်းတွေ လည် ထွက်သွားတယ်။

နောက်ဆုံး၊ ကျုပ်ကို တဲပေါ်ကတောင် ကန်ချတယ် ...

ဒီ သူတို့လူတွေအားလုံးရှေ့မှာပဲ ကျုပ်ကို လုပ်နေတာ။

နာနာဘာဝကို မမြင်ရပေမယ့် ကျုပ်ခံနေရတာကိုတော့ သူတို့ အံ့သြနေကြတာပါ။

တစ်ချို့ကလည်း ကျုပ်ကို ဟန်ဆောင်ပြီး အမူအယာလုပ် တယ်လို့ပဲ ထင်မှာပေါ့လေ ...

အဲဒီအချိန်ကစပြီး ဖထီးကြီး ကျုပ်အိပ်မက်ထဲရောက်မလာ တော့ဘူး...

ကျုပ်ကတော့ အားမလျှော့ပါဘူး။

အချိန်ရှိသရွေ့ ဖထီးကြီးရဲ့ တဲလေးဆီသွားပြီး တောင်းပန် နေပါတယ် ...

ဖထီးကြီးအမျက်ပြေပြီး ကျုပ်ရှိရာကို ပြန်လာပါစေလို့ပဲ ဆုတောင်းနေပါတယ် ..."

ဦးအောင်ညွန့်ပြောပြတဲ့ စကားများဖြစ်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com


တစ်ချို့လူတွေဟာ သူတို့ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းဥစ္စာကို စွဲလန်း နေတတ်ပါတယ်။

သေလွန်တဲ့အခါမှာ နာနာဘာဝအဖြစ်နဲ့ သူ့ရဲ့ပစ္စည်းဥစ္စာကို စောင့်ရှောက်နေကြရပါတယ်။

ဒါပေမယ့် အဲဒီစွဲလန်းမှုကြောင့် ဒုက္ခခံစားနေရတာလို့ သိလာ တဲ့အခါ မိမိနဲ့အတိတ်ဘဝက ဆွေမျိုးသားချင်းတော်စပ်ဖူးသူ ပဋ္ဌာန်းဆက်ပါသူကို ပေးစွန့်တယ်။

အလှူအတန်းလုပ်ပြီး သူ့ကို အမျှဝေခိုင်းတယ်။

ဒီလိုနည်းနဲ့ နာနာဘာဝဘဝကနေ ကောင်းရာမွန်ရာ သုဂတိ ဘုံကို ရောက်ဖို့ကြိုးစားကြတယ်။

ဖထီးကြီးဆိုတဲ့ အိပ်မက်ထဲက နာနာဘာဝပုဂ္ဂိုလ်လည်း ဒီလိုအသိအမြင်နဲ့ မြင့်မြတ်ရာဘုံဌာနကို တက်လှမ်းဖို့ ရည်ရွယ် တာဖြစ်ပါမယ်။

အခုအချိန်မှာတော့ ဖထီးကြီး ဘယ်ဆီ ရောက်လို့ ဘယ်မှာ ပေါက်နေလည်း မသိနိုင်တော့ပါဘူး ...

အကယ်၍သာ ...

- သူ့ဘဝရဲ့ကောင်းရာသုဂတိဘုံကိုရောက်ဖို့ ဖထီးကြီးဆောင် ပြီးကြိုးပမ်းဦးမယ်ဆိုရင် ...

- ဦးအောင်ညွန့် (အိမ့်မဟုဝ်) စာဖတ်သူနဲ့၊ ဆက်သွယ် ရင်းနှီးခွင့်ရမယ်ဆိုရင် ...

သိန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ ပတ္တမြားအလင်းရတနာကို လည်းပေးဦးမယ်ဆိုရင်ဖြင့် × × × × × × × × × × × ×

ယခုဖြစ်ရပ်ကို ၁၉၉၆ ခုနှစ်တွင် သုတစွယ်စုံစာအုပ်တိုက် မှထုတ်ဝေသော ဂျာနယ် ၂ စောင်တွင် သတင်းများအဖြစ်လည်း ကောင်း ၂၀၀၃ ဇူလိုင်၊ ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် ဝတ္ထုပုံသဏ္ဌာန်ဖြင့် လည်းကောင်း တစ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# ကျတ်ရှာရောက်ခဲ့သော ကိုရီမြင့်

မိုးအေးပြီးစိုထိုင်းတဲ့ နေ့တစ်နေ့မှာပေါ့။

လူတစ်ယောက်၊ ကျွန်တော့်အိမ်ကို ရောက်လာတယ်။

သူက သူ့နာမည် ကိုရီမြင့်ပါလို့ မိတ်ဆက်တယ်။ ပြီးတော့...

ကျွန်တော့်ကို ဖြစ်ရပ်မှန်ဇာတ်လမ်းတွေရေးတဲ့ စာရေးဆရာ တစ်ယောက်အဖြစ် သိရှိပါကြောင်းနဲ့ ...

ကျွန်တော်ရေးတဲ့ မဂ္ဂဇင်းဝတ္ထုတိုတွေနဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်တွေလည်း ဖတ်ရတဲ့အကြောင်းပြောတယ် ...

ကျွန်တော်က သူ့ကို ဧည့်ခန်းဆက်တီထိုင်ခုံမှာ နေရာပေး ပြီး၊ ရေနွေးကြမ်း၊ လက်ဘက်သုတ်နဲ့ ဧည့်ခံပါတယ်။





"ကျွန်တော် ကူညီပေးနိုင်မယ့် အကြောင်းတစ်စုံတစ်ရာများ ရှိလို့ပါလား ကိုရီမြင့် ..."

ကျွန်တော့်အမေးစကားကြောင့် ကိုရီမြင့်က ပျာပျာသလဲ လက်ကာပြတယ်။

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော်ဆရာ့ဆီက 'အကူအညီ မတောင်းလိုပါဘူး။

ဆရာ့ကို လာတွေ့ရတဲ့အကြောင်းက ကျွန်တော်ကြုံတွေ့ခဲ့ ရတဲ့ အဖြစ်အပျက်လေးတွေကို ပြောပြချင်လို့ပါ။

ကျွန်တော်ပြောပြမယ့်အကြောင်းတွေကို ဆရာစိတ်ဝင်စားမယ် ထင်ပါတယ် ..."

သူ့လိုပဲ လူတစ်ချို့ ကျွန်တော့်ဆီရောက်လာဖူးပါတယ်။

သူတို့ဘဝဇာတ်ကြောင်းတွေ ပြောပြကြတယ်။

အဲဒီလိုအချိန်မျိုးမှာ ကျွန်တော်စိတ်ရှည်ရှည်နဲ့ သည်းခံနား ထောင်ပေးတတ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ တစ်ချို့ဇာတ်လမ်းတွေက ကောင်းမွန် တဲ့ကုန်ကြမ်းတွေဖြစ်နေတတ်လို့ပါ ...

ဒီနေ့လည်း ကိုရီမြင့်ဆိုသူရောက်လာပြီး ကျတ်ရှာကို သူရောက်ခဲ့တဲ့ အကြောင်းပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကြုံတွေ့ခဲ့တဲ့အဖြစ်တွေက ကြောက်စရာထိတ်လန့်ဖွယ်ကောင်းသလို နာနာဘာဝလောကကိုလည်း တစ်ပိုင်းတစ်စမြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။

ကိုရိုမြင့်ပြောပြတဲ့ ဇာတ်လမ်းကို ဝတ္ထုသဏ္ဍာန်ဖွဲ့နွဲ့ခြယ်မှုန်းရင်စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်လို့ ထင်မြင်သွားမှာစိုးတဲ့အတွက် အစီအစဉ်ကျနအောင်အနည်းငယ် ပြင်ဆင်ထားတာကလွဲလို့ သူပြောတဲ့အတိုင်းပဲ တင်ပြလိုက်ပါတယ်။

(နှစ်)

"ကျွန်တော့်မိန်းမ ထူးထူးဆန်းဆန်း သေဆုံးတဲ့ အကြောင်းကပဲစပြီး ပြောပါရစေဆရာ ...

တစ်သက်မမေ့နိုင်တဲ့ ညလေးတစ်ညပါ။

မှတ်မှတ်ရရ၊ အဲဒီညမှာ လမင်းကြီးက ထိန်ထိန်သာနေတယ် ...

သာသာယာယာရှိတဲ့ညလေးမို့ ကျွန်တော်ရယ်၊ ကျွန်တော့်မိန်းမရယ်၊ သမီးလေးရယ်၊ မိတ်ဆွေတစ်ယောက်ဆီ အလည်သွားဖို့ အိမ်ကထွက်ခဲ့ကြတယ်။





ဘယ်လောက်မှ မသွားရသေးဘူး၊ မြဲဝက အထွက်၊ လမ်းပေါ်ရောက်ကာစပဲ ရှိသေးတယ် ..။

"အမလေး ..."

ကျွန်တော့်မိန်းမ မတုတ် အော်သံကြောင့် ကျွန်တော်လန့်သွားတယ်။

"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ ..."

အလန့်တကြားမေးရင်း ကျွန်တော့်ပုခုံးပေါ်က သမီးလေးကို နင်ခွင်ထဲပြောင်းပြီး ချီလိုက်တယ်။

မဟုတ်က ... "ပိုး ... ပိုးထိတာနဲ့တူတယ် ..."လို့ ပြောတယ်။

လက်ထဲမှာ ဓာတ်မီးပါတယ်။ လကလည်း သာနေတယ်။ လမ်းပေါ်မှာလည်း ရှင်းပြီးသန့်နေတယ်။ ဘာဆိုဘာမှ မတွေ့ရဘူး ရှိဘူး။

ဒါပေမယ့် မတုတ်ရဲ့ ခြေဖမိုးမှာတော့ မြွေကွယ်ရာလို အပေါက်လေးနှစ်ပေါက် တွေ့ရတယ်။ သွေးလေးတွေလည်း စို့နေတယ်။

ကျွန်တော်သိလိုက်ပြီ။

ဒါ၊ နတ်မြွေ၊ နတ်မကြိုက်လို့လုပ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့တစ်ပတ်လောက်က မတုတ်အိပ်မက်တစ်ခုမက်တယ်။

အိပ်မက်ထဲမှာ နတ်က ပြောတယ်တဲ့။

"ငါ့ပန်းအိုးမကောင်းတာတောင် လဲမပေးဘူး၊ နင့်တို့တော့ ဒုက္ခရောက်တော့မယ် ..."တဲ့။

ဟုတ်တော့ဟုတ်တယ်။ အိမ်တွင်းပန်းအိုး နှုတ်ခမ်းပဲ့နေတာ ကြာပြီ။

ပန်းအိုးလဲဖို့စိတ်ကူးရှိပေမယ့် ကျွန်တော်တို့နေတဲ့ မလှကျွန်း ရွာမှာက ပန်းအိုးရောင်းသူမရှိဘူးလေ။ ဒါ့ကြောင့် မလဲဖြစ်တာ။

နတ်က အိပ်မက်လာပေးရဲ့ အထိပေါ့။

အိပ်မက်ပေးလို့ လဲသလားဆိုတော့လည်း မလဲဖြစ်ဘူး။ ပေါ့ပေါ့ဆဆနေမိခဲ့တယ်။

ဒါ့ကြောင့် စိတ်ဆိုးပြီးနတ်မြွေလွှတ်ပြီး ကိုက်ခိုင်းတာပါ။

စဉ်းစားကြည့်လေ၊ ရိုးရိုးမြွေဆိုရင် ဘယ်လောက်မြန်အောင် ပြေးပြေး၊ မြွေတွေ့ကိုတွေ့ရမယ်။

မလိုတဲ့သူက အောက်လမ်းဆရာနဲ့ လုပ်တဲ့ တိုက်မြွေဆို ရင်လည်း အကိုက်ခံရတဲ့နေရာမှာ တုတ်ချောင်းဖြစ်ဖြစ်၊ ကြိုးအပိုင်း အစဖြစ်ဖြစ် ကျန်ကိုကျန်တယ်။





နတ်မြွေမို့လို့ ဘာမှမတွေ့လိုက်ရတာပါ။

နောက်ပြီး၊ ထူးဆန်းတာရှိသေးတယ်။

ပွင့်ပြူဆေးရုံမှာ တက်နေတုန်းမတုတ်က

"ကိုရှိမြင့် ကျွန်မအိမ်ကိုပဲ ပြန်ချင်တယ်။ သေရင်လည်း အိမ်မှာပဲ သေချင်တယ်။ နေရရင်လည်း အိမ်မှာပဲ နေချင်တယ်" ဆိုလို့ သူစိတ်ချမ်းသာအောင် ရွှေဘိုရွာက သူ့အမေအိမ်ကို ပြန်ပို့ခဲ့တယ်။

မတုတ်အခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာတယ်။

အိပ်ရာပေါ်မှာ ပက်လက်နေရင်း အသက်ကို မှုန်းမှုန်းကလေးပဲ ရှူနေရတယ်။

ခန္ဓာချုပ်တော့မယ်။ သူ့ဘဝ ဇာတ်သိမ်းတော့မယ်ဆိုတာ ကျွန်တော်တို့အားလုံး သိနေကြတယ်။

ဒါပေမယ့် ဘာမှ မတတ်နိုင်တော့ဘူးလေ။

အသက်ပြော့ပြော့လေးပဲကျန်တော့တဲ့ သူ့ဘေးမှာ ဝိုင်းကြည့်ရင်း မတုတ်သေဆုံးမယ့် အချိန်ကို စောင့်နေကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်တုန်းမှာပဲ အသက်မြော့မြော့ ကျန်တော့တဲ့ လူမ ာ မြင်ရတဲ့တစ်ယောက်ယောက်က ရုတ်တရက်ဆွဲထူလိုက် သလို...

ဇေါက်ခနဲ ထထိုင်တယ် ...

အသံကျယ်ကျယ်ကြီးနဲ့ အူလှိုက်သည်းလှိုက်ဟားတိုက်ရယ် တယ် ...

မတုတ်ရယ်တဲ့ပုံက နှစ်ယောက်ပြိုင်တဲ့ပွဲမှာ အနိုင်ရတဲ့သူ ကျေကျေနပ်နပ်ကြီး ရယ်တဲ့ပုံမျိုး

ပြီးတော့ ကျွန်တော့်ကို လက်ညှိုးဇေါက်ဇေါက်ထိုးပြီးပြော တယ် ...

"ကဲ ... ဗိုက်ကို ပမာမခန့်လုပ်တဲ့ဟာတွေ ဗိုက်အကြောင်း သိပြီလားဟဲ့ ... ကြက်ဥနဲ့ ခဲနဲ့ဆောင့်ရင် ဘယ်သူကွဲမလဲဆိုတာ သိကြပြီလား ..."

ရန်တွေ့ရင်း ဟားတိုက်ရယ်မောရင်းကနေ ...

အိပ်ရာပေါ်ထိုင်နေတဲ့ မတုတ်ကို၊ အာရုံမြင်နေနဲ့ ရင်း ဆောင့်တွန်းလိုက်သလို ဝုန်းခနဲ နောက်လန်လဲကျသွားတယ် ...

မကြာလိုက်ပါဘူး။ မတုတ်တစ်ယောက်အသက် ပျောက်သွား ရရှာပါတယ်။



ကျွန်တော် အရမ်းခံစားရပါတယ်။

အသဲပေါက်မတတ် ဆို့နစ်ခံစားရလွန်းလို့ သတိလစ်ပြီး မေ့လဲကျတဲ့အထိပါပဲ။

ကျွန်တော်သတိပြန်ရတဲ့အခါမှာတော့ ကျွန်တော့်ရင်ထဲမှာ အမုန်းတရားတွေ ပြည့်သိပ်လို့ပေါ့။

ကျွန်တော့်မိန်းမ သေရတာ ဘယ်သူ့ကြောင့်လဲ။

ကျွန်တော့်မိန်းမကို ဘယ်သူသတ်တာလဲ ...

ဒီမေးခွန်းတွေက မီးတောက်ကြီးတွေလို ကျွန်တော့်တစ်ကိုယ် လုံးကို လောင်မြိုက်နေတယ် ...

နောက်ဆုံးမှာတော့ ...

ကျွန်တော် ငှက်ကြီးတောင်ဓားကို ပြေးဆွဲတယ်။

စိတ်လွတ်ကိုယ်လွတ်၊ အရူးတစ်ယောက်လို ပုံစံနဲ့ ...

အိမ်တွင်းစင်ကို ဓားနဲ့ခုတ်ချနေတော့တာပါပဲဆရာ ...

(သုံး)

"မတုတ်ရေ၊ ငါရှာသွားမလို့ ငါနဲ့လိုက်ခဲ့ဦးတော့ ..."

မိန်းမသေတဲ့စိတ်နဲ့ ကျွန်တော်အရူးတစ်ပိုင်းဖြစ်သွားခဲ့တယ်...

www.burmeseclassic.com

www.burmeseclassic.com


အိမ်မှာနေတော့လည်း ကျွန်တော့်မိန်းမအိမ်ထဲမှာပဲ ရှိတယ်လို့ ထင်နေတယ် ...

ကျွန်တော် ဟိုဟိုသည်သည် သွားရင်လည်း စက်ဘီးကယ်ရီယာခုံပေါ်မှာ မိန်းမလိုက်လာနေတယ်လို့ပဲ ထင်နေတယ် ...

အဲ့ကြောင့် ကျွန်တော်အပြင်ထွက်တိုင်း မိန်းမကို အော်ခေါ်ပြီးမှသွားတယ် ...

ပြီးတော့ကျွန်တော့မှာ နေ့၊ ညဆိုတာမရှိတော့ဘူး။

ဆာတဲ့အချိန်ထစားတယ်။ အိပ်ချင်စိတ်ဖြစ်လာရင် အလိုလို အိပ်သွားတယ်။ သွားချင်စိတ်ပေါ်လာရင်လည်း စက်ဘီးဆွဲပြီး ထသွားလိုက်တာပါပဲ။

သမီးလေးက အခါလည်ပဲရှိသေးလို့ ရွှေကိုကယောက္ခမက ခေါ်ထားတယ်။

ကျွန်တော်တစ်ယောက်တည်း မလှကုန်းက အိမ်မှာ အရူးကြီးဖြစ်ကျန်ရစ်တယ် ...

ညဉ့်နက်သန်းခေါင်နိုးလာတဲ့အချိန်မှာ သမီးလေးကို သတိရတယ်။

စက်ဘီးဆွဲပြီး သမီးလေးရှိတဲ့ ရွှေဘိုကိုထွက်လာခဲ့တယ်။

ခရီးက လေးမိုင်ခွဲ၊ ငါးမိုင်လောက်သာဝေးပေမယ့် မညီမညာ မြေသားလမ်းမှာ ကြယ်ရောင်၊ လရောင်ပဲအားကိုးသွားရတဲ့ခရီး။

မလှကုန်းကနေ လေးမိုင်လောက်သွားမိမှ မကျီးကုန်းတို့ ရောက်တော့တို့ဆိုတဲ့ ရွာတွေတွေ့တယ်။ အဲဒီကနေဆည်ရေပေးတဲ့ ငါးနံပတ်မြောင်းဘောင်အတိုင်းသွားရင် ရွှေဘိုရွာကိုရောက်တယ်။ ညမှောင်မှောင်မှာ သုသာန်ဖြတ်ရ၊ မြေဆိုးကုန်းဖြတ်ရတာမို့ အသည်းငယ်သူတစ်ယောက်ထဲသွားဖို့ မလွယ်ဘူး။

ကျွန်တော်ကတော့ အရူးတစ်ပိုင်းဖြစ်နေတဲ့သူဆိုတော့ ကြောက်စိတ်လဲမရှိဘူး။ လန့်စိတ်လဲမရှိဘူး။ သေသွားတဲ့မိန်းမကို အဖော်ခေါ်ပြီး သွားနေတာပါပဲ။

တစ်နေ့မှာတော့ ကျွန်တော့်မိန်းမနဲ့ ပတ်သက်ပြီး စိတ်ထိခိုက်စရာတစ်ခုကြုံရတယ်။

ကျွန်တော့်မိန်းမက သူ့အမေကို ဝင်ပူးတယ်။

"ကိုရှိမြင့်ရယ် ရှင်ကတော့ ကျွန်မကို ချစ်လို့ဘယ်သွားသွား၊ တောက်ရေ ငါနဲ့လိုက်ခဲ့ဟေ့လို့ အမြဲခေါ်ခေါ်နေတာပေါ့နော်။

ဒါပေမယ့် ကျွန်မ ကိုရှိမြင့်နားကပ်လို့မရတော့ဘူး။

စက်ဘီးပေါ်လဲတက်လို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com

နောက်တာပဲ ပြေးပြေးလိုက်နေရတယ်။

သိပ်မောတာပဲ ကိုရိုမြင့်ရယ် ...”တဲ့ ကျွန်တော် စိတ်အောင်မြစ်လိုက်ရတာ ဆရာရယ် ...

ကျွန်တော်ခေါ်ပြီးသွားတိုင်း နေ့နေ့ညည၊ ကျွန်တော့်မိန်းမက ပြေးပြီးလိုက်နေရတယ်တဲ့။ ကျွန်တော် မတုတ်ကို သနားလို့ မဆုံးဘူး။

အဲဒီနေ့ကစပြီးလည်း ကျွန်တော်ဘယ်သွားသွား သူ့ကိုမခေါ်ရက်တော့ပါဘူး ...

မတုတ်ကတော့ ကျွန်တော့်ကိုရော၊ သမီးလေးကိုရော စိတ်ရှလက်ချနဲ့ ဘဝကူးသွားပုံမရပါဘူး။

အမြဲစောင့်ကြည့်နေပုံရပါတယ်။

တစ်နေ့မှာတော့ ကျွန်တော်အပြင်းဖျားတယ်။ အရူးတစ်ယောက်လို နေ့မသိ၊ ညမသိ၊ နေပူမှန်းမသိ၊ မိုးရွာမှန်းမသိ သွားခဲ့လာခဲ့တဲ့ အကြောင်းတွေ၊ စားချိန်အိပ်ချိန်မမှန်တဲ့အကြောင်းတွေ စုံရောပေါ့လေ ...။

ဖုတ်သက်ပဲရှိတော့တဲ့ အသေကောင်လို အိပ်ရာထဲမှာ လဲလျောင်းနေရတယ်။



မျက်နှာပေါ်မှာ၊ ကိုယ်ပေါ်မှာ ပရွက်ဆိတ်တက်ရင်၊ ခြင်ယင်နားရင်တောင် ယူပစ်ဖို့၊ လှုပ်ယမ်းခြောက်ထုတ်ဖို့ လက်ကို မခြောက်နိုင်တဲ့ဘဝ ရောက်သွားတယ်။

ခန္ဓာကိုယ်ကလည်း မျက်တွင်းဟောက်ပက်နဲ့ အရိုးစုသာသာပဲ။

အားလုံးက ကျွန်တော့်ကို မတုတ်နောက်လိုက်ရတော့မယ်လို့ပဲထင်နေကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုပဲ။

သေဆုံးခြင်းက ကျွန်တော်နဲ့ အနီးကပ်ဆုံးနေရာမှာ ရောက်နေပြီ ...

အဲဒီအချိန်မှာပဲ ကျွန်တော်မြောသွားတယ်။

သတိရလို့ ကြည့်လိုက်တော့ ကျွန်တော့်ဘေးမှာ မိန်းမကြီးနှစ်ယောက်ရပ်နေတယ်။

“ငါ့သား၊ မင်းကိုလာခေါ်တာ၊ အမေတို့နဲ့လိုက်ခဲ့ ...”လို့ ခေါ်တယ်။

ကျွန်တော်လည်း မိန်းမကြီးနှစ်ယောက်ခေါ်တဲ့ နောက်ကိုလိုက်သွားမိတယ်။

ဒီလိုနဲ့ ရွာကိုရွာရဲ့ အစွန်က သင်္ချိုင်းကုန်းအဝင်ဝနားရောက်လာတယ် ...

www.burmeseclassic.com

"ဟာ ... သချိုင်းကုန်းကြီးပဲ"လို့ ကျွန်တော်ပြောနေတုန်း ကျွန်တော့်မိန်းမ မတုတ်ပြေးလာတာတွေ့တယ် ...

မတုတ်က မိန်းမကြီးနှစ်ယောက်ကိုတောင်းပန်တယ် ...

"ကိုရီမြင့်ကို မခေါ်ပါနဲ့ဦး၊ ကျွန်မသေပြီးတာတောင် မကြာသေးပါဘူး၊ သမီးလေးရှိပါတယ် ...၊ သမီးလေးငယ်သေးလို့ပါ..."လို့လည်း အသနားခံတယ်။

ဒါပေမယ့် မိန်းမကြီးနှစ်ယောက်က မရဘူး။ ကျွန်တော့်လက်ကိုဆွဲပြီး အတင်းခေါ်တယ်။

ဘယ်လိုမှ တောင်းပန်လို့မရတဲ့အဆုံး မတုတ်ကလည်း ကျွန်တော့်လက်တစ်ဖက် ကိုင်ပြီးဆွဲတယ် ...

ကျွန်တော်ကတော့ ဟိုဘက်သည်ဘက် ဆွဲနေတဲ့ကြားမှာ အသေကောင်လို ဖြစ်နေတယ်။

တစ်ချက်မှာ မတုတ်အတင်းဆောင့်ဆွဲလိုက်တာ အဲဒီမိန်းမကြီးတွေလက်ထဲက ကျွန်တော်လွတ်သွားတယ် ...

အဲဒီအခိုက်အတန့်မှာပဲ ကျွန်တော်သေဖို့ မြောသွားရာကနေ သတိပြန်လည်လာခဲ့တာပါ။

မတုတ်သာ အဲဒီမိန်းမကြီးနှစ်ယောက် လက်ထဲကနေ ကျွန်တော့်ကို မလုနိုင်ခဲ့ရင် ကျွန်တော်သေမှာ အသေအချာပါပဲ။





ဒါကြောင့် မတုတ်က ကျွန်တော့်ပတ်ဝန်းကျင်မှာပဲ ရှိနေပြီး ကျွန်တော်နဲ့သမီးလေးကို စိတ်မချစွာ စောင့်ရှောက်နေတာလို့ ကျွန်တော်ပြောတာပါ ...

ကိုရီမြင့်က သူ့အပြင်ပျံ့၍ မြောသွားစဉ် မိန်းမကြီးနှစ်ယောက်လာခေါ်ကြောင်း ပြောပြပါတယ်။

ဒီလိုပုံစံမျိုး ဆင်ဆင်တူတဲ့ ဇာတ်လမ်းတွေကို ကျွန်တော် အများအပြားဖတ်ဖူးပါတယ်။

အထူးသဖြင့် ဘာသာရေးစာစောင်၊ မဂ္ဂဇင်းများမှာပါ။

သတိမေ့မြောသွားတဲ့အခါမှာ တစ်ချို့က နတ်ပြည်ရောက်ပြီး နတ်သားနတ်သမီးတွေနဲ့ တွေ့တယ်။ နတ်ဘုံနတ်နန်းတွေတွေ့တယ်။

တစ်ချို့က ယမမင်းကြီးဆီရောက်တယ်။ ကြောက်စရာငရဲသားတွေ၊ ထိတ်လန့်စရာခွေးနက်ကြီးတွေ တွေ့တယ်။

တစ်ချို့ကတော့ ပြိတ္တာ တစ္ဆေသရဲဖြစ်နေတဲ့ လူ့ဘဝတုန်းက မိတ်ဆွေဖြစ်ခဲ့ဖူးသူတွေနဲ့ တွေ့ကြပါတယ်။

ဒီနေရာမှာ ကိုရီမြင့် ပြောပြတာနဲ့ စပ်လျဉ်းပြီး အကြောင်းတိုက်ဆိုင်လို့ စာရေးသူနဲ့ခင်တဲ့ ဒေါ်သန်းသန်း(အမည်လွှဲထားပါတယ်)အဖြစ်ကို ပြောပြလိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကညွတ်ကွင်းမြို့၊ ရွာမရပ်ထဲကပါ။

သူလည်း ဖျားနာပြီး မေ့မြောသွားခဲ့ဖူးပါတယ်။

သူကတော့ မရောက်ဖူးသေးတဲ့ ရွာတစ်ရွာကို ရောက်သွားတာပါ။

ရွာလေးက အိမ်ကြီးအိမ်ကောင်းတွေနဲ့ လှလှပပ သပ်သပ်ရပ်ရပ်နဲ့ပါ။

ရွာလည်လမ်းအတိုင်းလျှောက်သွားပြီး ကြည့်နေတုန်း လမ်းတစ်နေရာအရောက်မှာ ဒေါ်နု ... ကိုမျက်နှာချင်းဆိုင်တွေ့လိုက်ရတယ်။

ဒေါ်နု ... ကလွန်ခဲ့တဲ့သုံးလလောက်ကပဲ သေဆုံးပြီးခဲ့သူပါ။

ဒေါ်သန်းသန်းလည်း ဝမ်းသာအားရနဲ့ တစ်ရပ်ကွက်ထဲနေခဲ့တဲ့ ဒေါ်နု ... ကိုနှုတ်ဆက်တယ်။

ဒေါ်နုကလည်း ဝမ်းသာပြီးနှုတ်ဆက်တယ်။ ပြီးတော့ ပွဲလိုက်ပြတယ်။ အစားအသောက်တွေလည်း ကျွေးမွေးတယ်တဲ့။

ဒေါ်သန်းသန်းက ...

"နင်တို့နေတဲ့ ရွာလေးက ပျော်စရာကောင်းလိုက်တာ နုရယ်။ ငါလည်း နေချင်လိုက်တာ" လို့ ပြောတော့ ဒေါ်နုက —



"နေဦး သန်းသန်းရေ၊ အခုနေလို့မရသေးဘူး၊ နောက်တစ်လတိတိမှလာခဲ့၊ အိမ်ဆောက်ပေးထားမယ်လို့ပြောတယ် ...။

အဲဒီအချိန်မှာပဲ မသန်းသန်းမြောရာက ပြန်လည်လာတယ်။

မိသားစုကို ပြောနေတုန်းက တွေ့ကြုံရတဲ့ အဖြစ်ကို ပြောပြတယ် ...။

အားလုံးစိုးရိမ်ထိတ်လန့်သွားကြတယ်။

"နောက်တစ်လတိတိမှလာခဲ့" ဆိုတဲ့ စကားဟာ ဒေါ်သန်းသန်းအတွက် သေမင်းရဲ့ ရက်ချိန်းဖြစ်နေမလားလို့လည်း တွေးပူနေကြတယ်။

ဒေါ်သန်းသန်းကလည်း အဲဒီနေ့ကစပြီး ကျန်းမာလာလိုက်တာ ဆင်ခေါ်မြည် ပြန်ဖြစ်သွားတယ်။

ဒီလိုနဲ့ တစ်လတိတိပြည့်တဲ့နေ့ကို ရောက်လာတယ်။

ဒေါ်သန်းသန်းအတွက် စိတ်ပူကြပေမယ့် ကျန်းမာနေကောင်းနေတာကြောင့် မဖြစ်နိုင်ဘူးလို့ တွေးကြတယ်။

သွေးလေချောက်ခြားပြီး မြင်ချင်ရာမြင်၊ ပြောချင်ရာ ပြောတာဖြစ်မယ်လို့လည်း ထင်ကြတယ်။

ဒါပေမယ့် သေမင်းရဲ့ မရှောင်ရက်ချိန်းက ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတယ် ...

www.burmeseclassic.com

www.burmeseclassic.com



သန်သန်မာမာကြီးနဲ့ ကျန်းမာရေးကောင်းနေတဲ့ကြားက ဖေသန်းသန်းတစ်ယောက် ရုတ်တရက်လဲကျ အသက်ပါသွားတယ်။

ထူးဆန်းတဲ့တိုက်ဆိုင်မှုလား၊

မရဏဇောကြောင့် လားရာဂတိနိမိတ်ထင်တာလား ...

ကာယကံရှင်တွေကိုယ်တိုင်သာ သိနိုင်ကြမှာ ဖြစ်ပါတယ်...

(လေး)

တစ်ညမှာ ကျွန်တော်ရွှေဘိုရွာကနေ မလ္လကုန်းရွာကို ပြန်လာခဲ့တယ်။

သမီးလေးကို ထားခဲ့ရလို့ ကျွန်တော့်ရင်တွေ နာကျင်နေတယ်။

ပျော်ရွှင်မှုတွေဆိတ်သုဉ်းပြီး သတိရလွမ်းဆွတ်ခြင်းတွေ အသစ်ပြန်ဖြစ်လာမယ့် အိမ်ရှိရာကို သွားနေရတဲ့အတွက်လည်း ဆို့နင့်ကြေကွဲရတယ် ...

ဘာပဲဖြစ်ဖြစ်၊ လူမသိ၊ သူမသိ၊ တစ်ယောက်ထဲငိုနိုင်တဲ့နေရာ ...

တစ်ယောက်ထဲ လွမ်းနိုင်တဲ့နေရာ ...





တစ်ယောက်ထဲ စကားတွေပြောနိုင်တဲ့နေရာမို့ ကျွန်တော် လာခဲ့ရခြင်းပါ ...

အချိန်က ညဆယ်နာရီလောက်ရှိပါပြီ။

တစ်လောကလုံးမှောင်မဲနေပေမယ့် ကြယ်ရောင် လရောင် လင်းမှုံမှုံတော့ရှိသေးတယ် ...။

အဲဒီအလင်းရောင်အားကိုးနဲ့ပဲ စက်ဘီးနင်းပြီး ကျွန်တော် ခဲ့တယ် ...

ရောက်တော့ရွာ သုသာန်နား အရောက်မှာ ကျွန်တော်နဲ့ နာချင်းဆိုင်ဘက်က တစ်စုံတစ်ယောက်လာနေတာကို ရတယ် ...။

ကျွန်တော်စက်ဘီးပေါ်က ဆင်းပြီး လမ်းဘေးကပ်ရပ်လိုက် ယ် ...

ကျွန်တော်အံ့ဩသွားတယ်။

ညမှောင်မဲမဲ၊ လူသူပြတ်တဲ့ သုသာန်အနီးမှာ မိန်းကလေး ယောက်တည်း ဘာကြောင့် သွားနေရတာလဲ ...

န်းကလေး ကျွန်တော့်အနီးက ကပ်ပြီးဖြတ်ကျော်အသွား ကျွန်တော့်တစ်ကိုယ်လုံး တုံလှုပ်ချောက်ချားသွားရပါတယ်။

"တုတ် ..."

www.burmeseclassic.com



ဟုတ်တယ်။ အကျႌအနီရောင်၊ လက်ရှည်၊ လုံချည်အနီရောင်နဲ့ မိန်းကလေးဟာ ကျွန်တော့်မိန်းမ မတုတ်ပါ။

လွန်ခဲ့တဲ့ လအနည်းငယ်ကမှ သေဆုံးသွားတဲ့ မတုတ် အစစ်ပါ။

မတုတ်က ကျွန်တော့်ကို လှည့်ကြည့်တယ်။ ပြီးတော့ လိုက်လာခဲ့ပါဆိုတဲ့ အမူအယာမျိုးလုပ်ပြီး ရှေ့ကသွားတယ်။

သူသွားတဲ့ ပုံစံက လမ်းလျှောက်ပြီးသွားတဲ့ ပုံစံမျိုးမဟုတ်ဘူး ...။

မြေကြီးနဲ့ခြေထောက်မထိဘဲ လေထဲမှာ လွင့်မြော သွားတာလည်း မဟုတ်ဘူး၊ တစ်မျိုးပဲ။

သွားတော့သွားနေတာပဲ။

မတုတ်ကို မီဖို့ ကျွန်တော်အပြေးလေးလိုက်တယ် —

ဒါပေမယ့် အမြဲတမ်း ကျွန်တော့်ရှေ့ဝါးတစ်ရိုက်လောက် အကွာမှာပဲ သူလမ်းလျှောက်နေတယ်။

သူ့ကို ကျွန်တော်မမီဘူး ...။

မတုတ်၊ ရှောက်တော သုသာန်ထဲဝင်သွားတယ်။

လူသေမြှုပ်တဲ့ မြေပုံတွေ၊ အုတ်ဂူတွေကိုရှောင်ပြီး လျှောက်သွားနေတယ်။





ကျွန်တော်ကလည်း သူ့နောက်ဝါးတစ်ရိုက်အကွာကနေ လိုက်နေတုန်းပဲ။

အမှန်ပြောရရင် ညဉ့်နက်သန်းခေါင် လူသွားလမ်းပေါ်မှာ ဘယ်လောက်ဝေးဝေး ကျွန်တော်သွားရဲတယ်။

အလင်းရောင်မရှိမှောင်နဲ့မည်းမည်းမှာ သုသာန်ထဲဝင်ရတာကိုတော့ ကျွန်တော်စိတ်မရဲဘူး။

ဒါပေမယ့် အဲဒီအချိန်က ဘာကြောင့်လည်းမသိဘူး။ ကျွန်တော့်မှာကြောက်တဲ့လန့်တဲ့စိတ်လုံးဝ ရှိမနေဘူး ...။

တစ်နေရာရောက်တော့ လောလောလတ်လတ်လူသေကောင်မြှုပ်ထားတဲ့မြေပုံမို့မို့ပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ အဖွားကြီးတစ်ယောက်ကိုတွေ့တယ်။

မျက်နှာကလည်း ရုပ်ပျက်ဆင်းပျက်ကြီးနဲ့၊ ဆေးလိပ်သောက်နေပုံရတယ်။ ရဲခနဲ၊ ရဲခနဲ ဆေးလိပ်မီးတွေ့ရတယ်။ တစ်ခါတစ်ခါမီးပွားတွေတောင်လွင့်လို့ ...

အဲဒီအဖွားကြီးနောက်ရောက်တော့ မတုတ်ကရပ်ပြီး ကျွန်တော့်ကိုကြည့်တယ်။

မကြောက်ပါနဲ့၊ ဘာမှမဖြစ်ဘူး ဆိုတဲ့ ပုံစံမျိုးပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို ကျွန်တော့်နားနဲ့ မကြားရဘူး။ ဒါပေမယ့် ကျွန်တော်နားလည်တယ် ...။

အဖွားကြီးကိုကျော်သွားပြီး ခဏကြာတော့ ကျွန်တော်တို့ နှစ်ယောက်လူသွားလမ်းတစ်ခုပေါ်မှာ သွားနေကြတယ် ...

တစ်နေရာရောက်တော့ လမ်းရဲ့အောက်ဘက်က ကလေးငယ် လေးငိုသံကြားရတယ်။

တစ်ယောက်ယောက်၊ ကလေးလာပစ်ထားတာလို့ ကျွန်တော့်စိတ်ထဲမှာ ထင်မိတယ်။

မတုတ်ကြည့်လိုက်တော့လည်း တော်တော်ခပ်ဝေးဝေးကို ရောက်နေပြီ ...

ကလေးကို ဆင်းကြည့်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။

ကလေးငိုသံကြားတဲ့ဆီ၊ လင်ပေါ်ကနေ အမှောင်ထဲဆင်းလာတယ်။

ကျွန်တော်အောက်ရောက်တော့ ကလေးငိုသံတိတ်သွားတယ်။

ကျွန်တော်ရပ်ပြီးနားစွင့် နေတုန်းမှာပဲ လမ်းပေါ်ကနေ ကလေး ငိုသံထွက်လာတယ် ...

ကျွန်တော်လမ်းပေါ်ကို ပြေးတက်ခဲ့တယ်။





ကျွန်တော်လမ်းပေါ်ရောက်တော့ ကလေးငိုသံက လမ်းရဲ့ အောက်ဘက်ကကြားရပြန်တယ်။

“ဒါ ... ကို သရဲခြောက်နေတာပဲဖြစ်မယ်”လို့ ကျွန်တော် တွေးမိလိုက်တယ်။

အဲဒီအချိန်မှာပဲ ခွေးနက်ကြီးတစ်ကောင် ကျွန်တော့်ရှေ့ပြေး လာတယ် ...။

အစွယ်ကြီးတွေဖြဲပြီး၊ ဝမ်းခေါင်းသံကြီးနဲ့ ကျွန်တော့်ကို ခန့်ပီနေတယ် ...

မကြာပါဘူး “ဘုတ်” ခနဲအသံနဲ့အတူ ခွေးနက်ကြီးကို တစ်လုံးလာမှန်တယ်။

ကျွန်တော်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ မတုတ်ရပ်နေ တာတွေ့တယ်။

မတုတ်ရောက်လာလို့ ထင်ပါရဲ့ ခွေးနက်ကြီး လမ်းအောက် ဘက်ကို ပြေးဆင်းသွားပြီး ပျောက်ကွယ်သွားတယ်။

ဒီတော့မှ ကျွန်တော်တို့ ဆက်လျှောက်လာကြတယ် ...

တော်တော်ကြာကြာ လျှောက်သွားမိတော့ မန်ကျီးပင်ကြီး အောက်ဆိုင်းနေတဲ့ တောအုပ်လေးကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မတုတ်ကပဲ ဦးဆောင်ပြီး တောအုပ်ထဲကို ဝင်ခဲ့ကြတယ် ...။

တောအုပ်လေးရဲ့ အလယ်မှာ ကိုးတောင်ပြည့် စေတီလေး တစ်ဆူကို တွေ့ရတယ်။

ရှစ်မျက်နှာဘုရားဖြစ်ပြီး ခါးလောက်အမြင့်ရှိတဲ့ အုတ်တံတိုင်း လေးဘက်လေးတန်ကာရံထားတယ်။

အုတ်တံတိုင်းအတွင်းဘက်ဝင်ပြီး ကျွန်တော်ဘုရားကို ဖူးတယ်၊ ဝတ်ပြုတယ်။

မတုတ်ကို ကြည့်လိုက်တော့ အုတ်တံတိုင်း အပြင်ဘက်ကနေ ပုဆစ်ကျုံ့ကျုံ့ထိုင် ဘုရားရှိခိုးနေတာ တွေ့တယ် ...

ခဏနေတော့ မတုတ်က အပြင်ထွက်ခဲ့ဆိုတဲ့ ပုံစံမျိုးနဲ့ လှမ်းခေါ်လို့ ဘုရားအုတ်တံတိုင်းအပြင်ကို ထွက်ခဲ့တယ် ...။

စေတီလေးရဲ့ တောင်ဘက်မန်ကျည်းပင်ကြီးအောက်မှာ ရေတွင်း တစ်တွင်းကိုတွေ့ရတယ်။

ရေတွင်းထဲကို လာကြည့်ဖို့ မတုတ်ပြောလို့ ကျွန်တော် သွားကြည့်မိတယ် ...။





ရေတွင်းဆိုပေမယ့် တွင်းထဲမှာ ရေမရှိဘူး။ လင်းလက်ပြီး ဝင်းမှည့်တောက်ပြောင်နေတဲ့ ရွှေထည်ပစ္စည်းတွေပဲ တွင်းနဲ့ အပြည့် တွေ့ရတယ်။

မှတ်မိသလောက်ဆိုရင် ရွှေမောင်းကြီးတွေအရွယ်စုံ၊ ရွှေနဲ့ ချုပ်ထားတဲ့ ကြေးစည်ကြီးတွေ၊ ရွှေလင်ပန်းတွေ၊ ရွှေချောင်းတွေ ရွှေမန်ကျီးတောင့်တွေ တွေ့ရပါတယ်။

ရေတွင်းနဲ့အပြည့်မို့ လက်နဲ့လှမ်းယူရင်တောင် မီပါတယ်။

ထူးခြားတာက ကျွန်တော့်မှာ ယူချင်တပ်မက်တဲ့လောဘစိတ် လုံးဝမရှိတာပါပဲ။

တအံ့တသြပုံစံမျိုးနဲ့ ကျွန်တော်ကြည့်နေမိခဲ့ခြင်းသာ ဖြစ်ပါတယ်။

အမှန်တော့ ရေတွင်းလေးဟာ ရတနာသိုက်တစ်ခုဖြစ်ပါလိမ့်မယ် ...

ဘုရားစေတီအနီးမှာရှိတာမို့ ဘုရားသိုက်ဖြစ်ဖို့ များပါတယ်။

ဘဝသစ်ကို ကူးပြောင်းရောက်ရှိသွားတဲ့ မတုတ်အနေနဲ့... သူနေထိုင်ရတဲ့ နေရာဌာနသစ်အကြောင်း ကျွန်တော်သိအောင် ပြတာလို့ ကျွန်တော်ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သတိရပြီး ကြည့်လိုက်တော့ မတုတ်ကို မတွေ့ရ တော့ဘူး။

ကိုးတောင်ပြည့် စေတီလေးလည်း မရှိတော့ဘူး။

ရွှေထည်တွေအပြည့်နဲ့ ရေတွင်းလေးလည်း မရှိတော့ပါဘူး...

အရှေ့ဘက်ကောင်းကင်မှာ ရောင်နီနဲနဲပျို့နေပြီ။ အာရုဏ် လာတော့မယ့်သဘော။

အမှောင်ကတော့ မထူမပါး ကျန်နေတုန်းပါပဲ။

ကျွန်တော်ဘယ်နေရာ ရောက်နေတာလဲလို့ ပြန်စစ်ကြည့် တော့ မလှကုန်းရွာအနီးက မန်ကျည်းပင်နှစ်ပင်အနီးရောက်နေတာ သိရပါတယ်။

ကျွန်တော်တွေ့ခဲ့၊ မြင်ခဲ့၊ ကြားခဲ့၊ သိခဲ့သမျှ အားလုံးတစ်ခု မကျန်မှတ်မိနေပါတယ်။

ထူးခြားတာတွေက ...

ကျွန်တော်ဟာ အာစေးအထည့်ခံထားရတဲ့အတိုင်း စကား တစ်ခွန်းမှ မပြောခဲ့တာနဲ့ ...

မတုတ်အသံမထွက်ဘဲ ပြောတဲ့စကားတွေကို ကျွန်တော် ကောင်းကောင်းနားလည်နေခြင်းပါ။





ပြီးတော့ ညအချိန်ကာလဖြစ်ပေမယ့် နေ့လည်အနေ့ခင်းလို ကျွန်တော်မြင်တွေ့နေရခြင်းပါပဲ။

ကျွန်တော်ရဲရဲဝံ့ဝံ့ သစ္စာဆိုပြီး ပြောရဲတာကတော့ ...

အဲဒီညက ကျွန်တော်ကြုံတွေ့ခဲ့တဲ့ အဖြစ်တွေဟာ ...

ကျွန်တော် ကိုယ်စိတ်နှစ်ပါး မကျန်းမမာနဲ့ သွေးလေချောက် ချားပြီး ထင်ရာမြင်ရာ ပြောတဲ့စကားမျိုး...

သတိလစ်မေ့မြောရာကနေ အိပ်မက်မက်သလို မြင်တွေ့ရတဲ့ အဖြစ်မျိုးမဟုတ်ပဲ ...

အသက်ရှင်နေတဲ့ လူကိုယ်တိုင်၊ ကျမ်းမာတဲ့ ကိုယ်စိတ်နှစ် ပါးနဲ့ မြင်ခဲ့တွေ့ခဲ့ရတာဆိုတဲ့အကြောင်း သစ္စာဆိုပြီးကို ပြောရဲ ပါတယ်ဆရာ ...။

(ပြီး)

ကိုရီမြင့်ကတော့ သူ့စကားကို နိဂုံးချုပ်လိုက်ပြီဖြစ်ပါတယ်...

ကွယ်လွန်ခဲ့ပြီဖြစ်သော သူ၏ မိန်းမမတုတ်က

ဘဝသစ်မှာ သူမနေထိုင်ရသော နေရာဌာနသစ်အကြောင်း သူသိအောင်ပြခြင်းဟု ကိုရီမြင့်တစ်ယောက် ထင်မြင်ယူဆလျက်ရှိ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည်လည်း ကိုရီမြင့်နည်းတူပင် ထင်မြင်မိပါတယ်။

ဒါပေမယ့် ...

အဲဒီနေရာဟာ ကျွတ်ပြီတ္တာတို့နေထိုင်ရာဘုံလား ...

အသူရကာယ်ဘုံသားတို့၏ နေရာဌာနလား ...

သို့တည်းမဟုတ် ...

ဘုရားသိုက်ကို စောင့်ရှောက်ရသော ဥစ္စာစောင့်တို့၏ ဘုံဌာနလားဆိုသည်ကိုတော့ ...

ကျွန်တော်ဝေခွဲမရရှိနေဆဲပင် ဖြစ်ပါတယ်။ ဘယ်လိုပင်ဖြစ်စေ ...

ကျွန်တော်ကတော့ ဤစာမူခေါင်းစဉ်ကို "ကျွတ်ရှာရောက်ခဲ့သော ကိုရီမြင့်" ဟု အမည်ပေးလိုက်ပါတော့တယ်။

+ + +



# တစ္ဆေခြောက်ခံရသူများ

## (တစ်)

စာဖတ်သူကို ကျွန်တော်မေးချင်ပါတယ်။

- တစ္ဆေခြောက်ခံရဖူးလား ...

- တစ္ဆေသရဲဆိုတာ ဘယ်လိုအရာမျိုးလဲ .... ဟူ၍ဖြစ်ပါတယ်။

အထက်ကမေးခွန်းနှစ်ခုကိုပဲ မိတ်ဆွေတွေနဲ့ဆုံလို့ စကားအလျှဉ်းသင့်တဲ့အခါ ကျွန်တော်မေးကြည့်တတ်ပါတယ်။

အချို့က အသက်အရွယ်ကြီးရင့်သည့်တိုင်အောင် တစ်ကြိမ်တစ်ခါမျှ တစ္ဆေသရဲခြောက်တာ မခံရဘူးကြောင်း ပြောပြပါတယ်။

ဒါပေမယ့် အကြောင်းခြင်းရာ ကွဲပြားခြားနားစွာနဲ့ တစ္ဆေခြောက်ခံရဖူးကြောင်း ပြောပြသူတွေလည်း အများအပြားရှိတာ တွေ့ရပါတယ် ...

ကျွန်တော်ကိုယ်တိုင်လည်း တစ္ဆေခြောက်တာ ခံရဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ခိုက်ချောက်တဲ့သရဲ" ဇာတ်လမ်းက စာရေးသူတို့နယ်ထိန်း အဖွဲ့ သရဲခြောက်ခံရတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းပါ။

အဖွဲ့မှာပါဝင်တဲ့ ရဲတပ်ကြပ်ကြီး ဦးသန်းဆောင်(ယခုတာဝန်ထမ်းဆောင်ဆဲ ဘွင်းမြို့၊ ဈေးတန်းဟောင်းရပ်)၊ စာရေးသူနှင့် ခင်ကြီးရွာက ကောင်စီအတွင်းရေးမှူး မိသားစုတွေ ယနေ့တိုင် ရှိနေကြဆဲပါ။

တစ္ဆေသရဲဆိုတာ အစွဲစိတ်ကြီးမားစွာနဲ့ သေဆုံးခဲ့သူတွေ ပေတဂတိနဲ့ ပြိတ္တာဘဝရောက်မယ် ...

အကြောင်းတိုက်ဆိုင်တဲ့အခါမှာ သူတို့ရှိကြောင်းပြတယ်၊ ခြောက်လှန့်တယ်...

တစ်ခါတစ်ရံတော့လည်း ဥပစ္ဆေဒကကံကြောင့် အသေဆိုးနဲ့ သေကြရသူတွေဟာ အခင်းဖြစ်နေရာ (ကားတိုက်ခံရတဲ့နေရာ၊ ကားမှောက်တဲ့နေရာ၊ အသတ်ခံရတဲ့နေရာ...) မျိုးတွေမှာ အစွဲစိတ်နဲ့တည်မှီနေကြတယ် ...

အဲဒီနေရာရောက်လာသူတွေကို သူတို့ရှိကြောင်းပြတယ်...

အဲဒါကိုပဲ သရဲခြောက်တယ်လို့ ပြောကြတာဖြစ်ပါတယ်...

မမြင်အပ်တဲ့သတ္တဝါတစ်မျိုးပေမယ့် အကြောင်းတိုက်ဆိုင်တဲ့ အခါမျိုးကျတော့လည်း ရုပ်ကိုမြင်ရတယ်လို့ ရုပ်ပြပြီး ခြောက်လှန့်ခံရသူအချို့က ပြောပြပြန်ပါတယ်။





မြန်မာ့ရာဇဝင်မှာ ထင်ရှားတဲ့မွန်သူရဲကောင်းသမိန်ဗရမ်းအနိစ္စ ရောက်ရတာလည်း တစ္ဆေတစ်ကောင်ကြောင့်ပါ။

စိတ်ဝင်စားဖို့ကောင်းတဲ့အတွက် ဗဟုသုတအလို့ငှာ လေ့လာနိုင်ဖို့ တင်ပြလိုက်ပါတယ်။

(နှစ်)

သမိန်ဗရမ်းဟာ ဟံသာဝတီပြည့်ရှင် ဘုရင်ရာဇာဓိရာဇ်ရဲ့ မွန်သူရဲကောင်းတစ်ဦးပါ။

အင်းဝဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ရဲ့ တိုက်ပွဲတစ်ပွဲမှာ အင်းဝဘုရင်ရဲ့ သားတော်မင်းရဲကျော်စွာက သမိန်ဗရမ်းကို လက်ရ ဖမ်းမိခဲ့ပါတယ်။

သမိန်ဗရမ်းကို အင်းဝမှာ အချုပ်အနှောင်နဲ့ ထားရှိပါတယ်။

တစ်နေ့မှာ အင်းဝကို တရုတ်စစ်တပ်ကြီးချီလာပါတယ်။

တရုတ်ဗိုလ်ချုပ်က တရုတ်လက်အောက်ခံအဖြစ်နဲ့လာရောက် ဖို့ အင်းဝဘုရင်ဆီကို ရာဇသံပို့ပါတယ် ...။

ရာဇသံထဲမှာ မြင်းစီးသူရဲကောင်းတစ်ဦးချင်း စီးချင်းထိုးဖို့နဲ့ အနိုင်ရသူရဲကောင်းက နိုင်လျှင် အင်းဝကိုအသာတကြည်အပ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အင်းဝသူ့ရဲ့ကောင်းကနိုင်လျှင် တရုတ်တို့ ဆုတ်ခွာပေးမယ်လို့ ပါရှိပါတယ်။

တရုတ်တို့ဘက်က သူ့ရဲ့ကောင်း ကာမဏိဟာ သူ့မတူအောင် လက်ရေးကောင်းတယ်။ ဓားခုတ်၊ လှံထိုး၊ မြင်းစီးတိုက်ခိုက်ရာမှာ ပြိုင်ဘက်ကင်းတယ်၊ လူမဟုတ်၊ နတ်ဒေဝါနဲ့တူတယ်လို့ တောင် ပြောကြတယ်တဲ့။

ဒါပေမယ့် အဲဒီတရုတ်သူ့ရဲ့ကောင်းကို သမိန်ဗရမ်းက အနိုင် ယူနိုင်ခဲ့ပါတယ် ...

အင်းဝဘုရင်မင်းခေါင်က သမိန်ဗရမ်းကို သမီးတော်နဲ့ ထိမ်း မြားပေးပြီး အိမ်ရှေ့အရာလည်းပေးခဲ့ပါတယ်။

သမိန်ဗရမ်းဟာ သားတော်တစ်ပါးထွန်းကားပြီး၊ သားတော် လေးတစ်နှစ်သားအရွယ်မှာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ထံပြန် ပြီးခိုလှုံပါတယ်။

ရာဇဓိရာဇ်က သမိန်ဗရမ်းကို ဒုန်ဝန်းမြို့စားအဖြစ် သူကောင်း ပြုခဲ့ပါတယ်။

သမိန်ဗရမ်းရဲ့ ဇာတ်သိမ်းခန်းကို ဆေါက်တာနိုင်ပန်းလှ ဘာသာ ပြန်တဲ့ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှာ ပါရှိတဲ့အတိုင်း တင်ပြ လိုက်ပါတယ်။





(ဆုံး)

ဒုန်ဝန်းစား သမိန်ဗရမ်းသည် ဟံသာဝတီရွှေနန်းတွင် စံစား သောသုဒ္ဓေါ်မှုရာဇာဓိရာဇ်ထံ နေ့စဉ်မှန်မှန်ပင် အခစားရောက်သည်။

ဒုန်ဝန်းမှ နံနက်မိုးသောက်ယာမ်တွင် ထွက်၍ဟံသာဝတီသို့ မြင်းဖြင့်လာသည်။

ညချမ်းချိန်တွင် ဟံသာဝတီမှခွာ၍ ဒုန်ဝန်းသို့မြင်းကို ဒုန်း စိုင်းကာပြန်မြဲဖြစ်သည်။

ဤကား သမိန်ဗရမ်း၏ နေ့စဉ်အလုပ်ဖြစ်သည်။

တစ်နေ့သ၌ ဣကာယက်မရွာသို့ ဓားပြဝင်၏။ ရွာသားများ သည် ဓားပြဗိုလ်အား ဖမ်းမိ၍ နိပ်စက်ညှဉ်းပန်းကြသည်။

ဓားပြ၏ ရင်ကို ခွဲလိုက်ကြသည်။

အလောင်းကောင်ကို တံကျင်ဖြင့်ခံ၍ပြီး ရွာပြင်ဘက်ရှိ တော လမ်းခရီးတွင် ချိတ်ဆွဲထားကြသည်။

လူသူများအားမြင်စေလိုသဖြင့် ယင်းသို့ထားခြင်း ဖြစ်သည်။

သမိန်ဗရမ်းသည် ဟံသာဝတီတွင် ညီလာခံတက်ပြီးအပြန် ခရီးတွင် ညချမ်းဆည်းဆာနေဝင်ရီတရောအချိန်၌ ဣကာယက်မရွာသို့ ဆိုက်ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုဘယဂါမရွာအနီးသို့ရောက်၍ တောလမ်းကိုဖြတ်သန်းသွားစဉ် သမိန်ဗရမ်း၏နားတွင်

"ဟယ် ... သမိန်ဗရမ်း၊ နင့်မြင်းကိုငါလည်းစီးချင်လို့ ငါ့ကိုလည်းတင်သွားပါ" ဟူသော ထူးဆန်းအံ့သြဖွယ်ဖြစ်သည့် စကားသံကို နားတွင်စူးရှစွာကြားရလျှင် သမိန်ဗရမ်းသည် ကြက်သီးမွေးညှင်းဖြန်းဖြန်းထလေ၏။

"သည်တောထဲမှာ ငါ့နာမည်ကိုတပ်ပြီး ဘယ်သူတစ်ဦးတစ်ယောက်က မထီလေးစားခေါ်လိုက်ပါသနည်း ..."

ဟု စိတ်တွင် ဇဝေဇဝါဖြစ်၍ မြင်းဇက်ကြိုးကို တုံ့လျက် ပတ်ပတ်လည်ကြည့်ရှုလေ၏။

သို့စဉ် တံကျင်ဖြင့် သီထားသော ဓားပြအလောင်းကောင်ကိုမြင်သော် မိမိအား တစ္ဆေခြောက်လှန့်ကြောင်းကို သိရသဖြင့် ဝို၍ ဒေါသထွက်၏။

"ဟယ် ... ဓားပြဆိုး၊ နင့်ရင်ကို သူတို့ခွဲလိုက်လို့ နင်သေနေပြီ။ ဘာကြောင့် နင်မသွားသေးဘဲ ငါ့ကို ခြောက်လှန့်ရသနည်း ..."

ဟု နှုတ်ကလည်း အော်ဟစ်၏။





လက်ကလည်း ဓားရှည်ကိုဆွဲထုတ်လျက် ဓားပြခေါင်းကို ထစ်ခနဲ ခုတ်ဖြတ်လိုက်သည်။

မြေသို့မခမီ ဓားပြခေါင်းမှ ဆံရှည်ကိုဆွဲ၍ မြင်းဇက်နံဘေးမှာချိတ်ကာ တစ်ဟုန်ထိုးထွက်ခွာသွားလေ၏။

မြင်းကို ဒုန်းစိုင်းနှင်သောအခါ ခေါင်းဖြတ်သည် ရှေ့နောက်လူးလာခတ်၍ လှုပ်ရှားတော့သည်။

သို့လိုလူးလှိမ့်ရာမှ မကြာမီပင် သမိန်ဗရမ်း၏ ဒူးခေါင်းကို မိမိစွာ ကိုက်လျက်သားဖြစ်သွားလေသည်။

သမိန်ဗရမ်းသည် ဓားပြခေါင်းကိုအမျိုးမျိုးဆွဲဖြုတ်သော်လည်း ရပေ။

ဒူးခေါင်းကို ကိုက်မြဲကိုက်ထားသည်။

သမိန်ဗရမ်းလည်း စိတ်လက်မရှည်တော့၍ ဓားနှောင့်ဖြင့် အားရိုက်ချလိုက်ရာ ခေါင်းပြတ်မှာ မြေသို့ကျသွားလေ၏။

သို့သော် ဒူးခေါင်းတွင်သွားသုံးချောင်းစူးဝင်နေသည်။

သို့ဖြစ်၍ ဒုန်ဝန်းသို့ရောက်လျှင်ရောက်ချင်း ဆရာသမားများအား ချက်ချင်းခေါ်သည်။

သမားတော်များလည်း ကြိုးစားပမ်းစား ကုသကြသော်လည်း မှာအဆိပ်အတောက်ဖြစ်သဖြင့် မသက်သာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မြောက်သည်တွင် ဝေဒနာပြင်းထန်လာသောကြောင့် သမိန်ဗရမ်းအနိစ္စရောက်ရလေ၏။

(လေး)

မနုနုဆိုတဲ့ အမျိုးသမီး သရဲခြောက်ခံရတဲ့ အဖြစ်ကလည်း တစ်မျိုးတစ်ဖုံပါပဲ။

သူက ပွင့်ဖြူမြို့နယ်ထဲက ရွာလေးတစ်ရွာမှာနေသူဖြစ်ပါတယ်။

တစ်နေ့မှာ သူ့အစ်မနေတဲ့ မကျိုးကုန်းကို စက်ဘီးစီး ထွက်လာခဲ့ပါတယ်။

မနုနုနေတဲ့ရွာနဲ့ သူ့အစ်မနေတဲ့ မကျိုးကုန်းက သုံး မိုင်လောက်ကွာဝေးပါတယ်။

ဒါပေမယ့် ကားလမ်းအတိုင်းသွားရတာမို့ သက်သော သက်သာသွားရတဲ့ခရီးပါ။

ခရီးတစ်ဝက်ကျော်တဲ့အခါမှာ လူသွားလူလာပြတ်တဲ့ တစ်ခုကိုရောက်လာပါတယ်။

စက်ဘီးကိုအားစိုက်နင်းလာတဲ့ မနုနုဟာ ရှေ့ခပ်လှမ်းလှမ်း သွားနေတဲ့ အမျိုးသမီးတစ်ယောက်ကို ခပ်ဝါးဝါးမြင်လိုက်ရပါတယ်။





အမျိုးသမီးက မနုနုသွားမယ့်ဘက်ကိုပဲ ဦးတည်ပြီး ခြေကျင် သွားနေတာပါ။

အနီးရောက်တော့မှ အမျိုးသမီးတစ်ယောက်ထဲမဟုတ်ပဲ ဘယ်ဘက်လက်က ကလေးတစ်ယောက်ကို ဆွဲထားပြီး ညာ လက်ကနို့စို့အရွယ် ကလေးတစ်ယောက်ကို ချီထားတာတွေ့ရ ပါတယ်။

ခြေကျင်သွားနေရှာတဲ့ သားအမိသုံးယောက်ကို သနားကြင် နာစိတ်နဲ့ စက်ဘီးပေါ်တင်ခေါ်ချင်ပေမယ့် မဖြစ်နိုင်တာကြောင့် သားအမိသုံးယောက်ကိုကျော်တက်လာခဲ့ပါတယ်။

ခဏနေတော့ လက်ပံပင်ကွေ့နားရောက်လာတယ်။

ရှေ့ခပ်စေးစေးမှာ သူ့ကို ကျောခိုင်းပြီးခြေကျင်လျှောက်နေ တဲ့ သားအမိသုံးယောက်ကို တွေ့ရပြန်တယ်...။

မနုနုထိတ်ခနဲဖြစ်သွားတယ်။ ကြက်သီးမွေးညှင်းလည်း ထသွားတယ်...။

မိန်းမက ကလေးတစ်ယောက်ကို ဘယ်လက်ကဆွဲလာပြီး ကလေးငယ်လေးကိုတော့ ညာလက်နဲ့ ပွေ့ပိုက်ထားတယ်။

စောစောက တွေ့ခဲ့တဲ့၊ မနုနုကျော်လာခဲ့တဲ့ မိသားစုပါပဲ။

"ဒီနောက်ထပ် မိသားစု သုံးယောက်ပဲဖြစ်ရမယ်..."



www.burmeseclassic.com

www.burmeseclassic.com



မနုနုစိတ်ထဲက အတင်းတွေးလိုက်တယ်။ ပြီးတော့ စက်ဘီးကို တရကြမ်းနင်းပြီး ကျော်လာခဲ့ပြန်ပါတယ်။

ဒီလိုနဲ့ ရွှေမှာမကျီးဟုန်းရွာလေးကို ခပ်အုပ်အုပ်လှမ်းမြင်နေရပြီ ...။

အဲဒီအချိန်မှာပဲ မိသားစုသုံးယောက်ကို ထပ်တွေ့ရပြန်ပါတယ် ...။

အချိန်ကလည်း ညနေသုံးနာရီလောက်ပဲရှိပါသေးတယ် ... နေဝင်ရီတရောအချိန်မဟုတ်ပါဘူး၊ ဒါပေမယ့် တောရိပ်တောင်ရိပ်ရှိလို့ အနည်းငယ်အေးစိမ့်စိမ့်ဖြစ်နေတယ်။

လမ်းရဲ့တစ်ဖက်တစ်ချက်က သစ်ပင်ကြီးတွေကလည်း ကိုင်းချင်းယှက်ပြီး အုပ်ဆိုင်းနေတယ်။

ဒီနေရာမှာထပ်တွေ့လိုက်ရခြင်းပါ ...

ပုံစံကလည်း အရင်အတိုင်းပဲ၊ ဂလေးတစ်ယောက်လက်ဆွဲ၊ တစ်ယောက်ကို ပွေ့ချီလို့ ...

မနုနုကို ကျောပေးလို့ ခြေကျင်လျှောက်နေတယ် ...

ဒီတစ်ကြိမ်တော့ မနုနုအရဲစွန့်လိုက်တယ် ...

သားအမိသုံးယောက်ကို ဘေးကနေဖြတ်ပြီး ကျော်ခိုက်မှာ ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ် ...





မနုနုအကြည့်လိုက်မှာပဲ အမျိုးသမီးကလည်း မနုနုကို ပြုံးပြလိုက်တာတွေ့ရတယ်။

ဒါပေမယ့် အမျိုးသမီးရဲ့ မျက်နှာမှာ သွေးတွေမြင်မကောင်းအောင်ပေကျံနေတယ် ...

လက်ဆွဲထားတဲ့ကလေးရဲ့ မျက်နှာတစ်ခြမ်းမှာလည်း သွေးတွေချည်းပဲ။

မနုနု လန့်အော်လိုက်တယ် ...

ဒါပေမယ့် အသံကထွက်မလာဘူး...

အဲဒီနောက်မှာတော့ မကျီးကုန်းက အစ်မရဲ့အိမ်ကို ဘယ်လိုရောက်လို့ ရောက်သွားမှန်းတောင် မသိလိုက်ရပါဘူး...

မနုနု စက်ဘီးအပြင်းစီးပြီး ခြံထဲဝင်လာတယ်။

ခြံထဲရောက်တော့ စက်ဘီးရော၊ လူရောလဲကျသွားတယ်။

မနုနုတစ်ကိုယ်လုံးလည်း တုန်လှုပ်ပြီး ချွေးတွေလည်း အရမ်းရွှဲနစ်နေတယ်။ မေးမရခေါ်မရလည်း ဖြစ်နေတယ်။

ရွာက ပယောဂဆရာနဲ့ပြပြီး ရေမန်းတိုက်တော့မှ သတိပြန်ရလာတယ် ...။

ဘာဖြစ်တာလဲလို့ မေးကြည့်တော့ မနုနုက သားအမိသုံးယောက်နဲ့ လမ်းမှာ တွေ့ခဲ့ရတဲ့အကြောင်းစုံကို ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ မနုနုကို နေ့ခင်းကြောင်တောင်သရဲခြောက်ခံရတယ်ဆိုတာကို အားလုံးလက်ခံလိုက်ကြတယ် ...။

လွန်ခဲ့တဲ့ တစ်လလောက်က အဲဒီလမ်းပေါ်မှာ ကားတိမ်းမှောက်မှုတစ်ခုဖြစ်တယ်။ သေတဲ့အထဲမှာ မကျိုးကျွန်းရွာက သားအမိသုံးယောက်ပါသွားတယ်တဲ့ ...

အဲဒီသားအမိသုံးယောက်မကျိုးကုန်းရွာဆီ ခြေကျင်လျှောက်ပြန်လာနေကြတာကို မကြာခဏဆိုသလို တွေ့ရလို့ တော်တော်နာမည်ကြီးနေခဲ့တယ် ...

မနုနုကလည်း အဲဒီမိသားစုသုံးယောက်ကို ကံအားလျော်စွာတွေ့ခဲ့တာဖြစ်မယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။

(၅း)

မသက်ဆိုတဲ့ မိန်းကလေးသရဲခြောက်ခံရတဲ့နေရာက သူအလုပ်လုပ်တဲ့စက်ရုံမှာပါ။

သူက လှော်ကားတာဆုံမှာနေပြီး ရွှေပြည်သာစက်မှုဇုန်ထဲကအချိုရည်စက်ရုံတစ်ခုမှာ အလုပ်လုပ်သူဖြစ်ပါတယ်။

တစ်နေ့မှာ မသက်ရဲ့အလုပ်ဆိုင်းအချိန်ပိုဆင်းရတယ်။



ည (၇) နာရီလောက်မှာ မသက်သန့်စင်ခန်းသွားချင်လာတယ် ...

သန့်စင်ခန်းက သူလုပ်နေတဲ့အလုပ်ရုံနဲ့ တစ်ဆက်တည်းရှိတယ်။ အဲဒီမယ့် နံရံခြားနေတယ်။

လျှပ်စစ်မီးထိန်ထိန်လင်းနေတဲ့အတွက် ကြောက်စရာတော့မရှိဘူး ...

အခြားသူတွေအလုပ်လုပ်နေကြတာကြောင့် မသက်သန့်စင်ခန်းကို တစ်ယောက်တည်းထွက်လာခဲ့တယ်။

စက်ရုံထောင့်မှာ အခြားအလုပ်သမတစ်ယောက်ယောက်နဲ့တွေ့လို့ အဖော်ဖြစ်သွားတယ်။

သန့်စင်ခန်းမှာ အိမ်သာက တစ်လုံးထဲရှိတဲ့အတွက် မသက်ကအရင်ဝင်တယ်။ အဖော်ကအပြင်ကစောင့်ပေးတယ်။

မသက်ထွက်လာတော့ အဖော်ပါလာတဲ့ ကောင်မလေးဝင်သွားတယ်။

မသက် အိမ်သာတံခါးကို ကျောနဲ့မှီပြီးစောင့်ပေးတယ် ...။

အထဲဝင်သွားတဲ့ကောင်မလေး တော်တော်နဲ့ထွက်မလာဘူး...

မသက်စိတ်မရှည်တော့ဘူး။

www.burmeseclassic.com



တံခါးခေါက်ပြီး အချက်ပေးတယ်။

ဒါလဲထွက်မလာဘူး၊ တော်တော်ကြာသွားပြန်တယ်။

ကြာလွန်းမကကြာတော့ မသက်စိတ်ညစ်လာတယ်။ အထဲကလည်း ဘာသံမှ ပြန်မပေးလို့ စိတ်ဆိုးမိတယ်။ မသက် အိမ်သာတံခါးကို ဆွဲဖွင့်လိုက်တယ်။

ဒါပေမယ့် အိမ်သာထဲမှာ ဘယ်သူမှမရှိဘူး၊ မသက်လန့်သွားတယ်။ အဲဒီနေရာမှာပဲ သတိလစ်လဲကျသွားတယ်။

တကယ်တော့ မသက်၊ အချိုရည်စက်ရုံမှာ အလုပ်ဝင်တာ မကြာသေးပါဘူး ...။

ဒါ့ကြောင့် တစ်ယောက်တည်းသန့်စင်ခန်းသွားမိတာပါ။

အလုပ်လုပ်တာကြာနေတဲ့သူတွေ အကြောင်းသိတွေဆိုရင် သန့်စင်ခန်းကို တစ်ယောက်တည်း ဘယ်တော့မှ မသွားဘူး။

အနည်းဆုံး သုံးလေးယောက်စုပြီးမှ သွားကြတယ်။

ဆုံးသွားခဲ့တဲ့ စက်ရုံအလုပ်သမားလေးတစ်ယောက်၊

စက်ရုံကို စွဲလန်းတဲ့စိတ်နဲ့ ...

ဒီနေရာမှာ ခဏခဏသရဲခြောက်တတ်တယ်ဆိုတာ သိနေကြလို့ပါပဲ ...





## (ခြောက်)

မိတ်ဆွေအမျိုးသမီးတစ်ယောက်ကလည်း ပွင့်ဖြူစက်မှု(၁)၊ လုပ်ငန်းခွင်မှာ ခင်ပွန်းသည်နဲ့အတူလိုက်နေစဉ်က သရဲခြောက်ခံခဲ့ရပုံကို ဒီလိုပြောပြခဲ့ပါတယ်။

"စက်မှု (၁)၊ လုပ်ငန်းခွင်မှာ ရုံးအဆောက်အဦးရှိတယ်၊ ဝန်ထမ်းလိုင်းရှိတယ်။ အလုပ်သမားလိုင်းရှိတယ်။

ကျွန်မတို့က ဝန်ထမ်းလိုင်း၊ လုံးချင်းအိမ်မှာ နေရတယ်။

ကျွန်မနေတဲ့အိမ်က ကုက္ကိုပင်ကြီးတစ်ပင်ရဲ့အောက်မှာ ဆောက်ထားတာပါ။

သရဲခြောက်တာဆိုပေမယ့် ကြောက်အောင်လန့်အောင် ခြောက်တဲ့ပုံစံမျိုးမဟုတ်ပါဘူး။

ဒီအိမ်မှာကျွန်မတို့နေသလို သူလဲ နေတယ်ဆိုတဲ့သဘော ပြရုံလောက်ပါ ...။

ညညမှာ ကျွန်မအိပ်နေတုန်း ရုတ်တရက်ဖျတ်ခနဲ၊ ဖျတ်ခနဲ နိုးလာတတ်ပါတယ်။

အဲဒီအခါတိုင်းမှာ မွေးခါစကလေးငယ်လေးကို အနှီးနဲ့ ထုပ်ပြီးပိုက်ထားတဲ့ မိန်းမတစ်ယောက်ကို အမြဲတွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဌာန်က မီးနေသည်ပုံစံပါ။ တစ်ကိုယ်လုံးလဲဝါထိန်လို့ ဆနွင်းတွေလိမ်းထားပါတယ်။

အစပထမတော့ အိပ်မက်မက်တာလိုလို့ တကယ်တွေ့လိုက်တာလိုလို ဖြစ်နေပါတယ်။

ခဏခဏတွေ့လာတော့မှ အိပ်မက်ထဲမှာ တွေ့တာမဟုတ်ဘဲ တကယ်မြင်နေရတယ်ဆိုတာ သိလာပါတယ်။

ဧည့်ခန်းထဲမှာ၊ ဘုရားခန်းမှာ၊ ခြေရင်းဘက်မှာ၊ ခေါင်းရင်းဘက်မှာ တွေ့တတ်ပါတယ်။

မြင်ပြီးဖျတ်ခနဲ ပျောက်သွားတာပါပဲ။

တွေ့စက လန့်ပေမယ့် ကိုယ့်ကိုအန္တရာယ်မပြုတာရယ်၊ ထိတ်လန့်အောင်မလုပ်တာရယ်ကြောင့် ကြောက်စိတ်တော့ သိပ်မဖြစ်မိပါဘူး။

တစ်ရက်မှာတော့၊ သူ့အတွက်အမျှအတန်းဝေပြီး၊ ဒီအိမ်မှာ ကျွန်မတို့ နေနေပြီ၊

ဘဝခြားနေလို့ အတူနေဖို့မဖြစ်တာကြောင့် ဒီအိမ်က ထွက်သွားပေးပါလို့ ကောင်းကောင်းမွန်မွန်ပဲ ပြောပြတောင်းပန်ခဲ့ပါတယ်။





နောက်နေ့မနက်လင်းအားကြီးချိန်မှာ ကလေးလေးကို ရှိလျက်ပဲ။

အိမ်ရှေ့လှေကားက ဆင်းသွားတာမြင်ရပါတယ်။

အဲဒါ သူ့ကို နောက်ဆုံးတွေ့လိုက်တာပါပဲ။

ကျွန်မ တောင်းပန်တာနဲ့ အိမ်ပေါ်က ဆင်းသွားရှာတာနဲ့ တူပါတယ်။

အဲဒီနေ့ညကစပြီး ဘယ်တော့မှ သူတို့သားအမိနှစ်ယောက်ကို တွေ့ရတော့ပါဘူး"

(ခုနစ်)

ကျွန်တော်စာဖတ်သူကို မေးကြည့်ချင်ပါတယ်။

မိတ်ဆွေ၊ တစ္ဆေခြောက်ခံရဘူးလားလို့ပါ။ အမှန်တကယ်၊ တစ္ဆေခြောက်ခံရဖူးတယ်ဆိုရင်တော့ ...

မိတ်ဆွေရဲ့ တစ္ဆေဇာတ်လမ်းလေးကို ကျွန်တော်သိချင်၊ ကြားချင်ပါတယ်၊

ကျွန်တော့်ကို ပြောပြပါဦးလားမိတ်ဆွေ။

\+ + +



www.burmeseclassic.com

www.burmeseclassic.com

# သရဲကြီးဆောတော

"သရဲကြီးဆောတောအကြောင်းက ကျွန်မရဲ့အဘိုး ကာလသားအရွယ်က ကြုံခဲ့ရတဲ့ အဖြစ်အပျက်ပါ။

မကြာခဏဆိုသလို ပြောပြတတ်လို့ ကျွန်မမှတ်မိနေတာပါ။

ဆရာက ဖြစ်ရပ်မှန်တစ္ဆေအကြောင်းတွေ ရေးမယ်ဆိုတော့ အဆင်ပြေသွားတာပေါ့။

ဒီလို ဆရာရဲ့ ... သရဲကြီးဆောတောဆိုတာ ..."

လွန်ခဲ့တဲ့ ရက်အနည်းငယ်က အင်းစိန်၊ ရွာမအရှေ့ရှိ စာရေးဆရာမလှသရဖူ(အင်းစိန်)ရဲ့အိမ်ကို ကျွန်တော်ရောက်သွားတယ်။

ကောလဟင်ပိ၌ ကျွန်တော်က တစ္ဆေဖြစ်ရပ်မှန်စာတစ်လုံးရေးရည်း တစ်အုပ်သပ်သပ်ရေးနေကြောင်း ပြောပြတယ်။





ဒီကြောင့် ဆရာမက သရဲကြီးဆောတောအကြောင်းကို ပြောပြပါတယ်။ ဆရာမ ပြောပြတဲ့သရဲကြီးဆောတောအကြောင်းက ကြောက်စရာကောင်းတာထက် သနားစရာ ပိုကောင်းနေတာတွေ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် သရဲတစ္ဆေနဲ့လူသားတွေရဲ့ တွေ့ဆုံမှုတာ ကြောက်အောင် လန့်အောင် ခြောက်လှန့်ရုံမျှမဟုတ်ဘဲ ...

ဒီလိုရင်းနှီးခင်မင်တဲ့ အနေအထားလည်းရှိတာမို့

နာနာဘာဝတို့ရဲ့ သဘောသဘာဝကို သိရှိနိုင်ဖို့ သရဲကြီးဆောတောအကြောင်းကို ဆရာမလှသရဖူ(အင်းစိန်) ပြောပြတဲ့အတိုင်းတင်ပြလိုက်ပါတယ် ...

(တစ်)

"အောက်အီအီးအွတ် ..."

ကြက်တွန်သံကြားတာနဲ့ ကျင့်သားရနေတဲ့ မျက်စိတွေက အလိုလိုပွင့်သွားတယ်။

ဒေါ်မှုန် အိပ်ရာက လူးလဲထလိုက်တယ်။

တစ်ဆက်တည်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



“သားလေးနီတွတ်ရေ ထတော့၊ အမေတို့ အကြော်ကြော်ဖို့ နောက်ကျနေတော့မယ်”လို့ နှိုးတယ်။

မျက်လုံး ဖျတ်ခနဲပွင့်၊ လူးလဲထ၊ နီတွတ်ကိုနှိုး ဒီအလုပ်တွေက ဒေါ်မှုန် နိုးနိုးချင်း ပြုနေကျအလုပ်တွေ။

ဒေါ်မှုန် မျက်နှာကို ကပျာကသီ သစ်လိုက်တယ်။

ပြီးတော့ ခေါင်းခုလုပ်တဲ့ ပုဆိုးဟောင်းနဲ့မျက်နှာကို သုတ်လိုက်တယ် ...

ပြီးတာနဲ့ ...

ညကတည်းက အဆင်သင့်လုပ်ထားတဲ့ အကြော်ကြော်ဖို့ ပစ္စည်းပစ္စယတွေထည့်ထားတဲ့ တောင်းကိုရွက်လိုက်တယ် ...

အဲဒီအချိန်မှာ နီတွတ်ကလည်း မျက်နှာသစ်ပြီးနေပြီ။ မနေ့တိုင်း သူယူနေကျ ရေပုန်းတို့၊ ရေနွေးအိုးတို့ကို ဆွဲထားပြီ

တောင်းရွက်ပြီး ဒေါ်မှုန်ထွက်တာနဲ့ နီတွတ်လည်း နောက်က နေလိုက်ပါသွားတယ်။

တကယ်တော့ ဒေါ်မှုန်အကြော်ကြော်ရတာ သိပ်မကြာသေးပါဘူး။

မနှစ်က သူ့ယောကျ်ား သာအေး ပိုးထိပြီးဆုံးသွား သားလေးကို အဖော်ပြုပြီး အကြော်ရောင်းရတာ။





နီတွတ်ခများလည်း သေတာရှင်တာလောက် ဖတ်တတ်သေး၊ အသက်ရှစ်နှစ်နဲ့ ဘဝကျောင်းတက်နေရတယ်။ အမေကို ကူညီနေရှာတယ်။

တကယ်တော့ ဒေါ်မှုန် ဒီနေ့အချိန်မှားပြီးထမိတာပါ။

အရင်နေ့ကတွေဆို ကြက်တွန်သံကြားလို့ အိပ်ရာကနိုးတာနဲ့ ကောင်းကင်ကိုမော့ကြည့်တယ်။

ခုနစ်စင်ကြယ်ဘယ်ရောက်နေလဲ၊ မောင်ရင်ဆိုင်းထမ်းဘယ်မှာလဲရှာတယ်။ တွေ့ရင် အချိန်ကိုမှန်းတယ်။

ဒီနေ့တော့ မိုးအုံ့နေတယ်။ လကလည်းမိုက်တယ်။

ကောင်းကင်ပြင်ကျယ်ကြီးထဲမှာ ကြယ်တစ်လုံးမှမတွေ့ရဘူး။

ညဥ့်နှစ်နာရီလောက်တွန်တဲ့ကြက်သံကို လင်းကြက်တွန်သံအောက်မေ့ပြီး ထလာကြတာ။

ထလာပြီးကာမှ အရုဏ်းစောနေသေးတယ်ဆိုတာ ဒေါ်မှုန်သတိပြုမိလိုက်တယ် ...

တစ်ရွာလုံးငြိမ်ဆိတ်နေတုန်း။

အမှောင်ထုအောက်မှာ အိပ်မောကျနေကြတုန်း ...

အရင် သူထနေကျအချိန်မှာဆို ဟိုအိမ်သည်အိမ် မီးတစ်လက်လက်နဲ့ ဆွမ်းချက်ဖို့ပြင်ဆင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မှုန် သားလေးကို သနားသွားမိတယ်။

"သား၊ အိပ်ရေးမဝသေးဘူးမဟုတ်လား၊ အကြော်တဲရောက်မှ အမေ့အနားမှာ တစ်ရေးလောက်အိပ်လိုက်ဦးနော် ..."

"ဟုတ်ကဲ့ အမေ ..."

သားအမိနှစ်ယောက် မီးအုပ်လေးဆွဲပြီး သွားနေကြတယ်...

ကွမ်းတစ်ရာညက်လောက်ကြာတော့ အကြော်တဲကိုရောက်တယ်။

မုဆိုးမဆောက်တဲ့ အကြော်တဲ၊ ခနော်ခနဲ့ပေမယ့် နေရာကနေရာကောင်း။။

သူတို့ သစ်ဖြူပင်ရှာနဲ့၊ တောင်ဇေးထောက်ရှာလမ်းဆုံ၊ ကုက္ကိုပင်ကြီးအောက်မှာ ဒေါ်မှုန်၊ တောင်းကိုချပြီးတာနဲ့ မီးအရင်မွေးတယ်။

တောင်းတဲကဒယ်ပိုင်း၊ ဆန်ခါ၊ မုံ့နှစ်ဇလုံ စတဲ့ပစ္စည်းပစ္စယတွေကို နေရာတကျထားတယ်။

နီတွတ်ကလည်း သူလုပ်နိုင်တာတွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ သွက်သွက်လက်လက်ဝိုင်းကူပေးတယ်။ မလှမ်းမကမ်းရေတွင်းကနေ ရေခပ်ပေးတယ်။





ဒေါ်မှုန်အကြော်စကြော်တော့မှ၊ သူ့အမေဘေးမှာကပ်ပြီး နီတွတ်အိပ်သွားတယ်။

ဒေါ်မှုန်ကတော့ ပြုံပြုံဝတ္တရားအတိုင်းအကြော်တွေ ဒယ်အိုးထဲထည့်ကြော်လိုက်၊ ဝါးတုတ်ချွန်လေးနဲ့ အပေါ်အောက်လှန်လိုက်၊ ကျက်ပြီဖြစ်တဲ့ အကြော်တွေကိုခပ်ပြီး ဆန်ခါထဲထည့်လိုက်နဲ့ အလုပ်ကို ဇယ်ဆက်သလိုလုပ်နေတယ် ...

မုန့်နှစ်တစ်ဝက်လောက်ကုန်တော့ ဒေါ်မှုန်ခါးဆန့်ပြီးအညောင်းဖြေလိုက်တယ်။ မျက်လုံးကလည်း အကြော်ထည့်တဲ့ဆန်ခါဆီရောက်သွားတယ်။

ဒေါ်မှုန် ရင်တွေပန်းတွေတုန်ပြီး ထိတ်ခနဲဖြစ်သွားတယ် ...

ဆန်ခါထဲမှာ အကြော်တွေ တစ်ခုမှ မရှိတော့ဘူး ...

"ဘုရား ... ဘုရား ... ငါ့အကြော်တွေ ဘယ်ရောက်ကုန်တာလဲ ..."

မုန့်နှစ်တွေလည်း တစ်ဝက်လောက်ပဲကျန်တော့တယ်။

ကြော်နေလိုက်ရတာလည်း ခါးတောင်ညောင်းနေပြီ ...

မုန့်တွေအများကြီးဖြစ်နေရဲ့မှာ ခုတော့ဆန်ခါထဲမှာ တစ်ခုမှမရှိတော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေများ ယူစားလဲမသိဘူး၊ ဒါတော့ အရင်းပြုတ်ပါပြီ...”

ခေါ်မှုန် အကြော်တောင် ဆက်မကြော်နိုင်တော့ဘူး။

ပြောလဲပြော၊ ငိုလဲငိုနဲ့။

တော်တော်လေးကိုပြီးမှ တဟင့်ဟင့်ရှိုက်ရင်းနဲ့ စိတ်မပါ လက်မပါ အကြော်ဆက်ကြော်နေရတယ် ...

အဲဒီအချိန်မှာ နိတွတ်နိုးလာတယ် ...

“အမေဘာလို့ ငိုနေတာလဲ ...”

“အကြော်တွေ ဘယ်သူ့ယူစားမှန်းမသိဘူး သားရယ်၊ တစ်ခုမှ မကျန်တော့ဘူး ...

အရင်းပြုတ်ရင် နောက်နေ့ဈေးမရောင်းနိုင်တော့ဘူး ...

အမေတို့သားအမိတော့ ငတ်ပြီနဲ့တူပါတယ် သားရယ် ...”

ခေါ်မှုန်ကသားကို ပြောပြရင်း၊ ဝမ်းနည်းလာတာနဲ့ ထပ်ပြီး ငိုမိပြန်ပါတယ် ...။

တကယ်တော့ ခေါ်မှုန်အကြော်တဲဆောက်ထားတဲ့ ကုက္ကိုပင်ကြီးမှာ သရဲကြီးတစ်ကောင်ရှိပါတယ်။

ပုံမှန်အားဖြင့်ဆိုလျှင် တစ္ဆေ၊ သရဲတို့၏ အစာရှာချိန်က ညဘက်ပါ။



အရုဏ်လာတာနှင့် ကိုယ့်ဘုံ၊ ကိုယ့်ဌာနပြန်ကြတယ်။

ဒီနေ့၊ ခေါ်မှုန်အချိန်မှားထလာတယ်။ အကြော်ကြော်တယ်။

အဲဒီအချိန်က သရဲတစ္ဆေအစာရှာချိန်၊ သူတို့က ဘယ်လောက်စားရစားရ မဝတဲ့သတ္တဝါတွေ၊ ဆာလောင်မွတ်သိပ်ခြင်းဒုက္ခကို အမြဲခံစားနေရသူ မဟုတ်လား။

ခေါ်မှုန်ရဲ့အကြော်နံ့လေးကလည်း မွှေးတော့မနေနိုင်ဘူးနဲ့တူရဲ့...

ခေါ်မှုန်ငိုနေတုန်းမှာပဲ အသံသြသြကြီးနဲ့ ပြောသံကိုကြားလိုက်ရတယ်။

ခေါ်မှုန် လန့်သွားတယ်။ ငိုနေတာတောင် ရပ်သွားတယ်။

“ငါစားလို့တာတာပါ။ အကြော်ဖိုး ပြန်ပေးပါမယ်။ မငိုပါနဲ့...”

အသံချည်းပဲ ကြားရတယ်။ ဘယ်သူဘယ်ဝါ မမြင်ရဘူး။

နိတွတ်တောင်လန့်ပြီး သူ့အမေရင်ခွင်ထဲရောက်သွားတယ်...

“လူလား ... သရဲလား ... ဘယ်ကပြောနေတာလဲ ...”

ခေါ်မှုန် အရဲစွန့်မေးလိုက်တယ်။ ပြီးတော့

“ကျုပ်တို့က ဆင်းရဲလို့ အကြော်ရောင်းစားနေရတာပါ။ အရင်းအနှီးပိုက်ဆံကလည်း သူများဆီက နေ့ပြန်တိုးယူရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရင်းပြန်မဆပ်နိုင်ရင် ကျုပ်တို့ကို ချေးမှာမဟုတ်တော့ဘူး၊ နေ့ပြန်တိုးမချေးလို့ အကြော်မကြော်ရရင် ကျုပ်တို့သားအမိဒုက္ခရောက်ရမှာပါတော် ...”

“ငါက ဒီအပင်မှာနေတယ်။ ငါ့နာမည်သောတောလို့ခေါ်တယ်။

ငါ့ရုပ်ကို ပြရင်နင်တို့သားအမိ အရမ်းကြောက်သွားမှာစိုးလို့ အသံနဲ့ပဲပြောမယ်။

အကြော်ပိုးပေးပါမယ် ... ရော့၊ ရော့”

အကြော်ဗန်းထဲကို ငွေ ၁၅ ကျပ်ကျလာတယ်။

ဒေါ်မှုန် မျက်လုံးပြူးသွားတယ်။ သူကြော်တဲ့အကြော်တွေက အလွန်ဆုံးရှိမှ အခုငါးဆယ်။

တစ်ခုကိုဆယ်ပြားဆိုတော့ ငါးကျပ်ပဲကျသင့်မယ်။ ဒါကြောင့်

“ကိုသောတောရယ်၊ ပေးတဲ့ပိုက်ဆံက များလွန်းနေပါတယ်။ ကျုပ်တို့က သမာအာဇီဝနဲ့ရှာစားနေကြတာပါ။ မတရားမလိုချင်ပါဘူး။

ငါးကျပ်ပဲပေးပြီး ပိုတဲ့ပိုက်ဆံပြန်ယူ၂ါ”

ဒီတော့ အသံရှင်သောတောက၊

“ပိုတဲ့ပိုက်ဆံ၊ နင်တို့ရင်နှီးစားပေါ့၊ ငါနဲ့နင်တို့သားအမိနဲ့ မိတ်ဆွေဖြစ်သွားပြီပေါ့ ...”

[redacted]



“အေးပါတော်၊ ဒီလိုဆိုရင် နောက်နေ့တွေမှာ ကိုသောတောကို အကြော်တစ်ပန်းကန်ကျွေးပါ့မယ် ... ဆေးလိပ်တစ်လိပ်လည်း တိုက်ပါ့မယ်”

“အေး၊ အေး ငါလည်း နင်တို့အကြော်ရောင်းကောင်းအောင် ချေးခေါ်ပေးမယ် ...”

ဒေါ်မှုန်က ပြောင်းဖူးဖက်ဆေးလိပ်ကြီးတစ်လိပ်ကို မီးညှိပြီး သစ်ပင်တွေကြားတင်ပေးတယ်။

သရဲကြီးသောတောကလည်း သူ့ရှိမှန်းသိအောင် သစ်ပင်ခွကြားမှာ ဆေးလိပ်မီးကို ရဲခနဲ၊ ရဲခနဲဖွာပြတယ် ...

အဲဒီနေ့က ဒေါ်မှုန်တို့ သားအမိအကြော်ရောင်းလို့ကောင်းလိုက်ပုံများ လက်ကိုမလည်ဘူး။

ပိုက်ဆံတွေလည်း ခါတိုင်းထက် ပိုရတယ်။

ဒေါ်မှုန်ဝမ်းသာပြီး ပျော်နေတယ်။ အဲဒီအပျော်က သူ့သားနီတွတ်ဆီကူးသွားတယ်။ နီတွတ်လည်း ပျော်ပျော်ပါးပါး သွက်သွက်လက်လက်နဲ့ အကြော်ပွဲတွေချပေး၊ ပန်းကန်တွေလိုက်သိမ်းလုပ်ပေးတယ်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ခါတိုင်းထက်စောပြီး အကြော်တွေကုန်သွားလို့ ဒေါ်မှုန်တို့သားအမိ ပြန်ကြတယ်။

မပြန်မီမှာ –

"ကိုဆောတောရေ၊ ကျုပ်တို့ပြန်တော့မယ်"လို့ နှုတ်ဆက်ပြီး ...

အကြော်တစ်ပန်းကန်နဲ့ ဆေးလိပ်တစ်လိပ်သစ်ပင်ခွဆုံပေါ် တင်ပေးခဲ့ကြတယ် ...။

BURMESE CLASSIC .com

(နှစ်)

သရဲကြီးဆောတောနဲ့ မိတ်ဆွေဖြစ်ပြီး နောက်ပိုင်း ဒေါ်မှုန်တို့ သားအမိ ရောင်းပန်းဝယ်ပန်းတွေ ကောင်းလာတယ်။

စားဝတ်နေရေးတွေလည်း ပြေလည်လာတယ်။

နေ့ပြန်တိုးမချေးရတော့တဲ့အပြင် ငွေလေး ရွှေလေးတွေတောင် အနည်းအကျဉ်း စုမိဆောင်းမိလာတယ်။

နီတွတ်ကိုလည်း ကျောင်းပြန်ထားနိုင်တယ်။

ဒီလိုအဆင်ပြေလာတာ ဆောတောကြောင့်ဆိုတာ ဒေါ်မှုန် သိပါတယ်။ ကျေးဇူးလဲတင်တယ်။





ဒါကြောင့် မကြာခဏဆိုသလို ရွာဦးဘုန်းတော်ကြီးကျောင်းကို ဆွမ်းကပ်တယ်။ အလှူအတန်းလုပ်တယ်။

ဆောတောကြီးအတွက်ရည်စူးပြီး အမျှအတန်းပေးဝေတယ်။ ဆောတောကြီးကို သာဓုခေါ်နိုင်းတယ် ...

နီတွတ်က ကျောင်းကသူငယ်ချင်းတွေကို သူ့မိတ်ဆွေသရဲကြီးဆောတောအကြောင်း ပြောပြတယ်။

သူငယ်ချင်းတွေခေါ်လာပြီး ဆောတောကြီးနဲ့ စကားပြောတယ်။

ဒီလိုနဲ့ ဆောတောကြီးအကြောင်း တစ်ရွာလုံးသိသွားတယ်။

ဆောတောကြီးနေတဲ့ ကုက္ကိုပင်ပေါ်ကို စားစရာသောက်စရာတွေထားကြတယ်။

အကူအညီလိုအပ်တဲ့သူတွေလည်း လာပြီးအကူအညီတောင်းကြတယ်။

အရောင်းအဝယ်သမားတွေက ရောင်းပန်းဝယ်ပန်းလှဖို့-

ကာလသားတွေက သမီးရည်းစား ချိန်းတွေ့တဲ့နေရာ၊ နိုးပြေးတဲ့နေရာမျိုးမှာ စောင့်ရှောက်ဖို့ ရပ်မိရပ်ဖလူကြီးတွေက ရပ်ရွာကို သူခိုး၊ ဓားပြရန်က ကာကွယ်စောင့်ရှောက်ဖို့ အကူအညီတောင်းကြတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဆောတောကြီးကတော့ အကူအညီတောင်းသမျှကို တစ်စုံမှ မကျန်အောင် ကူညီပေးတယ်။

လိုအပ်ရင် အသံပေးပြီး ပြောတယ်။ သတိပေးတယ်။

ရွာကို သူခိုး၊ ဓားပြဝင်ရင်လည်း ကြောက်အောင်လန့်အောင် ခြောက်လှန့်ပြီး ဖမ်းဆီးပေးတယ်။

ဒီလိုနဲ့ ဆောတောကြီးဟာ ရပ်ရေးရွာရေးကိစ္စမှန်သမျှမှာ မပါမဖြစ် ဖြစ်လာတယ်။

အစစအရာရာ အကူအညီပေးတတ်လို့၊ သရဲပေမယ့် ဆောတောကြီးကို ဘယ်သူမှ မကြောက်ကြဘူး။

ကလေးလူကြီး၊ ယောကျ်ားမိန်းမ၊ တစ်ရွာလုံးက ချစ်ကြခင်ကြတယ်...

အလှူအတန်းလုပ်ကြ၊ အမှုတော်ကြတိုင်း ရွာဦးကျောင်းဆရာတော်ကတောင် "ဆောတောကြီးနဲ့တကွ"လို့ ထည့်ဆိုပြီးမှ သုံးဆယ့်တစ်ဘုံသားအားလုံးကို အမျှဝေတယ် ...။

ဒီလိုနဲ့ သစ်ပြုပ်ရွာလေးနဲ့ သရဲကြီးဆောတောရဲ့ ခင်မင်မှုတာနှစ်တွေကြာလာခဲ့တယ်။

အေးမှန်တောင် အကြော်မရောင်းတာကြာပြီး အိမ်ဆိုင်လေးဖွင့်ပြီး အိမ်မှာပဲနေတယ်။





ဒါပေမယ့် ဆောတောကြီးအတွက်တော့ နေ့စဉ်မပျက် စားစရာ သောက်စရာ ပို့ပေးတယ်။

နီတွတ်ဆိုရင်လည်း လူပျိုကြီးဖားဖားဖြစ်နေပြီ ...

တစ်ရက် အရက်မလာခင် နီတွတ်ဆောတောကြီးဆီကို သွားတယ်။

ဆောတောကြီးအတွက် မုန့်တွေလည်း ယူသွားတယ်။ ဘုက္ကိုလ်ပင်ကို ရောက်တော့ ...

"ဦးဆောတောရေ ကျွန်တော်လာတယ်ဗျို့၊ ဦးဆောတောဖို့ မုန့်တွေလည်း ယူလာခဲ့တယ်ဗျ ..."လို့ အော်ပြောလိုက်တယ် ...

မုန့်တွေကိုလည်း တစ်နေကျ ခွဆုံကြီးပေါ်မှာ တင်လိုက်တယ်။

အဲဒီအချိန်မှာ ဆောတောကြီးပြောတဲ့အသံကို ကြားရတယ်...

"နီတွတ်ရေ၊ မင်းတို့နဲ့ ခွဲရတော့မယ်ကွာ ..."

ဆောတောကြီးရဲ့အသံက ဝမ်းနည်းသံပေါက်နေတယ် ...

"ဘာဖြစ်လို့လည်း ဦးဆောတောရဲ့ ..."

"မင်းတို့ပေးဝေသမျှ ကုသိုလ်အမျှတွေကို ရရတယ်။ အဲ့ကြောင့် ဒီထက်မြင့်တဲ့ဘုံဘဝကို ရသွားရမယ်နီတွတ်ရေ... မနက်ဖြန်မနက်လင်းကာနီးကျရင် ရသွားတော့မယ်။

www.burmeseclassic.com



မင့်အမေကိုရော၊ မင်းသူငယ်ချင်းတွေကိုရော ငါက နှုတ်ဆက်တယ်လို့ ပြောပေးပါ” ...

ဝမ်းနည်းပမ်းနည်း ပြောနေတဲ့ဆောတော်ကြီးရဲ့အသံကြောင့် နီတွတ် စိတ်မကောင်းဖြစ်လာတယ်။ သူပါဝမ်းနည်းလာတယ်။

အိမ်ပြန်ရောက်တော့ ဒေါ်မှုန်ကို ပြောပြတယ်။

သူငယ်ချင်းတွေကိုလည်း ပြောပြတယ်။

ညသန်းခေါင်ကျော်ချိန်မှာ နီတွတ်နဲ့ သူ့သူငယ်ချင်းတွေ ဆောတော်ကြီးကို နှုတ်ဆက်ဖို့ ကုက္ကိုပင်ကြီးဆီသွားကြတယ်။

ဆောတော်ကြီးစားဖို့ မုန့်တွေလည်းအများကြီးယူလာကြတယ်။

ဒေါ်မှုန်ကလည်း ဆောတော်ကြီးကို နှုတ်ဆက်ချင်တယ်ဆိုလို့ နီတွတ်နဲ့သူငယ်ချင်းတစ်ယောက်က တွဲပြီးခေါ်လာကြတယ် ...

ကုက္ကိုပင်ရောက်တော့ ဆောတော်ကြီးကို မုန့်တွေပေးပြီး စကားပြောကြတယ်။

ဆောတော်ကြီးက

“ဒီမှာနင်တို့နဲ့ နေရတာ ငါပျော်ပါတယ်၊ စားလည်းစားရပါတယ်။

အခု အပိုင်စားရတဲ့နေရာကို မသွားမဖြစ်လို့သွားရမှာ





ငါနှင်တို့ကို ခွဲရတာ စိတ်မကောင်းဘူး။ ငါ နှင်တို့အားလုံးကို နှုတ်ဆက်ပါတယ်”

ဆောတော်ကြီးရဲ့စကားသံကြောင့် အားလုံးစိတ်မကောင်းကြဘူး။

ဒေါ်မှုန်ဆိုလည်း ဆောတော်ကြီးရဲ့ကျေးဇူးကိုအောက်မေ့ပြီး မျက်ရည်လေးတစမ်းစမ်းနဲ့ဖြစ်နေတယ်။

ဒီအချိန်မှာ နီတွတ်တို့ကာလသားတစ်စုက ဆောတော်ကြီးကို ကိုကျကြတယ် ...

“ဦးဆောတော်ကြီး မသွားခင် ဦးဆောတော်ရဲ့ရုပ်ပုံသဏ္ဌာန်ကို ကျွန်တော်တို့မြင်ဖူးအောင်ပြပါ”လို့ ဝိုင်းပြောတယ်။

“မင်းတို့ကြောက်သွားမယ်၊ မပြချင်ဘူး ...”လို့ ဆောတော်ကြီးက ပြောတယ်။

နီတွတ်တို့ကာလသားတွေကလည်း မကြောက်ပါဘူး ပြပါ ဆိုပြီး အတင်းပြခိုင်းတယ်။

ဒီအချိန်မှာပဲ ရွာဦးကျောင်းက အုန်းမောင်းခေါက်သံကို ကြားလိုက်ကြတယ်။

“ကဲ ငါသွားတော့မယ် နီတွတ်ရေ ငါ့ရုပ်သဏ္ဌာန်ကို [illegible] မင်းတို့မကြောက်ကြနဲ့နော် ...”

www.burmeseclassic.com



လို့ပြောပြီး ဆောတောကြီးက သူ့ရုပ်ကိုပြတယ် …

ဆောတောကြီးရဲ့ ရုပ်ကိုမြင်ရတော့ တစ်ချို့က ကြောက်အူတုန်ပြီး သေးတောင်ထွက်ကျကြတယ်။ တစ်ချို့က စကားမေးမရတော့ဘဲ ကြောင်တောင်တောင်ကြီးဖြစ်သွားတယ် …

ဆောတောကြီးရဲ့မျက်နှာကြီးက အိမ်တစ်လုံးစာလောက်ကြီးတယ်။

မျက်လုံးကြီးတွေက ဆန်ကောကြီးလောက်ရှိပြီး နီရဲနေတယ်။ နာရှက်ကြီးတွေကလည်း ခါးတစ်ဝက်လောက်ရောက်နေတယ်။

ပါးစပ်ကြီးက ဖျာတစ်ချပ်စာလောက်ကျယ်ပြီး လျှာကြီးတွဲလောင်းထွက်ကျနေတယ် …။

သွားကြီးတစ်ချောင်းတစ်ချောင်းကလည်း ရေပုန်းကြီးလောက်ရှိတယ်။

ဆောတောကြီးရဲ့တစ်ကိုယ်လုံး တစ်တောင်လောက်ရှိတဲ့ အမွှေးရှည်ကြီးတွေနဲ့ အရပ်က ထန်းပင်ကိုကျော်ပြီး မိုးနေတယ် …

ဒေါ်မှုန်နဲ့နီတွတ်ကတော့ ဟိုတုန်းကတည်းက ခင်မင်လာရင်နှီးလာတဲ့ မိတ်ဆွေရင်းမို့ ဆောတောကြီးကို ကြောက်စိတ်မရှိဘဲ သနားစိတ်တောင်ပိုနေကြတယ်။





ဆောတောကြီးက နီတွတ်တို့သားအမိကို လက်ပြပြီး ကျောခိုင်းလိုက်ပါတယ် …။

ပြီးတော့ ကြီးမားလှန်းတဲ့ ခန္ဓာကိုယ်ကြီးကိုသယ်ပြီး တရွေ့ရွေ့ ထွက်ခွာသွားပါတော့တယ် …။

တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားပါတော့တယ် …

နီတွတ်တို့ သားအမိကတော့ သရဲကြီးဆောတောမျောက်ကွယ်သွားချိန်ထိ လက်ပြလို့ ကုက္ကိုပင်အောက်မှာ ကျန်ရစ်ခဲ့ပါတော့တယ် …။

BURMESE CLASSIC .com

စာဖတ်ပရိသတ်ကို ထာဝရချစ်ခင်လေးစားလျက်ဖြင့်

မောင်မှိုင်းညို (ချောင်းဦး)



www.burmeseclassic.com